# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်  ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်၊ ကြာသပတေးနေ့၊  အတွဲ [၅၅]၊ အမှတ် [၀၉၂]


**ဒေါသပယ်ရှင်း နှလုံးသွင်း**

* ငါတို့သည် သေမင်းဆီသို့ သွားနေရသည်ဟု မသိသူများက ခိုက်ရန် ဖြစ်ပွားနေကြ၏။
* ငါတို့သည် သေမင်းဆီသို့ သွားနေရသည်ဟု သိသူများက အသင့်အတင့်နှလုံးသွင်းပြီး ရန်ငြိမ်းအောင် ကျင့်ဆောင်ကြ၏။

(ဓမ္မပဒ)

# မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် ပထဝီအနေအထားပေါ်မူတည်ပြီး ပြည်သူ့စစ်မဟာဗျူဟာကို နိုင်ငံတော်ကာကွယ်ရေးမူဝါဒအဖြစ် သတ်မှတ်ထား

စာမျက်နှာ » ၈



တစ်နှစ်လျှင် တန်ချိန် လေးသိန်း ထုတ်လုပ်နိုင်မည့် အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ)စီမံကိန်း တည်ဆောက်ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။ သတင်း၊ စာမျက်နှာ-၃ (ဓာတ်ပုံ-သတင်းစဉ်)

## ကလေးဒေသအနီးရှိ မြစ်သာမြစ် ရေလမ်းတိုင်းတာရေးလုပ်ငန်းများဆောင်ရွက်

**ကလေး ဒီဇင်ဘာ ၃၀**

**မင်းထက်အောင်(မန်းကိုယ်ပွား)**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသနှင့်ဆက်စပ်နေသော မြစ်သာမြစ် ရေလမ်းတိုင်းတာရေးလုပ်ငန်းများကို အထက်မြန်မာပြည် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၁၅ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လများတွင် ယင်းဒေသအချို့၌ ဖြစ်ပွားခဲ့သော ရေလွှမ်းမှုများ ထပ်မံမဖြစ်ပွားစေရေးအတွက် ရေလမ်းကြောင်းကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်က ပြောသည်။ “မြစ်သာမြစ်က ကလေးဝနားမှာ ချင်းတွင်းမြစ်ထဲစီးဝင်တယ်။ မြစ်ချောင်းတွေက ချောမွေ့စွာစီးဆင်းနိုင်ဖို့လိုတယ်။ ဒါကြောင့် မြစ်ထဲက ကျောက်တွေနဲ့သောင်တွေ ရှင်းထုတ်ဖို့ ကျွန်တော်တို့ဌာနက ရေလမ်းကြောင်းတိုင်းတာရေးတွေ လုပ်ပေးရတာပါ။ အကောင်အထည်ဖော်မှာက

*စာမျက်နှာ ၁၀ ကော်လံ ၁* ✳

**ယနေ့ ဖတ်စရာ**


ဗြိတိန်နိုင်ငံ၌ ဖြစ်ပေါ်လျက်ရှိသော ရေကြီးဒေသများ အသစ်ဖြစ်ပေါ်နေသောမုန်တိုင်းကြောင့် သဘာဝဘေးဆိုးနှင့်ကြုံတွေ့နိုင် စာမျက်နှာ » ၄

အာဆီယံအသိုက်အဝန်းထူထောင်မှုနှင့် ASCC စာမျက်နှာ » ၆





# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## လူကုန်ကူးမှုတားဆီးရေး အရှိန်မြှင့်တင်

မြန်မာရွှေ့ပြောင်းလုပ်သားများသည် အလုပ်အကိုင်နှင့် လုပ်အားခများ ပိုမိုရရှိလိုသော ရည်ရွယ်ချက်များဖြင့် ပြည်ပနိုင်ငံများသို့ ရွှေ့ပြောင်းလုပ်သားများအဖြစ် သွားရောက်လုပ်ကိုင်လျက်ရှိပါသည်။ ထိုသို့သွားရောက်လျက်ရှိရာတွင် မြန်မာရွှေ့ပြောင်းလုပ်သားများ၏ အားနည်းချက်များကို အခွင့်ကောင်းယူကာ လူမှောင်ခိုလူပွဲစားများက လူကုန်ကူးမှုများ ပြုလုပ်လျက်ရှိပါသည်။ လူကုန်ကူးခြင်းဆိုသည်မှာ လူအချင်းချင်း လူမဆန်စွာ အခကြေးငွေယူ၍ ရောင်းစားခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ လူမှောင်ခိုအကူးခံရသူအများစုမှာ ငယ်ရွယ်သူအမျိုးသမီးများဖြစ်ကြပါသည်။ အမျိုးသမီးများအား လုပ်အားခေါင်းပုံဖြတ်ခြင်း၊ လိင်ကျေးကျွန်အဖြစ် အသုံးချခြင်းတို့ဖြင့် လူမှောင်ခိုမှုများဖြစ်ပေါ်လျက်ရှိပါသည်။ လူမှောင်ခိုကူးခံရသူများတွင် အမျိုးသမီးငယ်များသာမက ကလေးများနှင့် အမျိုးသားများလည်း ပါဝင်လျက်ရှိပါသည်။ မြန်မာရွှေ့ပြောင်းလုပ်သားအချို့သည် စက်ရုံ၊ အလုပ်ရုံနှင့် ငါးဖမ်းစက်လှေများတွင် အတင်းအကျပ် အလုပ်ခိုင်းစေခြင်း၊ လုပ်အားခေါင်းပုံဖြတ်ခြင်းတို့ဖြင့် လူမှောင်ခိုကူးခံနေကြရပါသည်။

ထို့ကြောင့်လည်း မြန်မာလူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က စီမံကိန်းများချမှတ်လျက် လူကုန်ကူးမှုတိုက်ဖျက်ရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ယခုနှစ်သည် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဒုတိယငါးနှစ်စီမံကိန်း၏ စတုတ္ထနှစ်သို့ ရောက်ရှိလာပြီဖြစ်၍ ၂၀၁၆ ခုနှစ်တွင် တတိယငါးနှစ်စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါသည်။ မြန်မာလူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့အနေဖြင့် ယခင်နှစ်များက ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံတို့နှင့်သာ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နိုင်ခဲ့သော်လည်း ယခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံအစိုးရနှင့် ပူးပေါင်း၍ လူကုန်ကူးခံရသူများ ပြန်လည်ပို့ဆောင်ရေးနှင့် လူကုန်ကူးသူများအား တရားစွဲဆိုရေးဆိုင်ရာကိစ္စရပ်များကို ချိတ်ဆက်လုပ်ကိုင်လျက်ရှိကြောင်း သိရပါသည်။ ယခုနှစ်အတွင်းအင်ဒိုနီးရှားနိုင်ငံကျွန်းများပေါ်ရှိ လူကုန်ကူးခံရသည့် မြန်မာနိုင်ငံသား ရေလုပ်သား ၇၈၉ ဦးကို ကယ်တင်၍ မိဘရပ်ထံ ပြန်လည်ပေါင်းစည်းရေးဆောင်ရွက်ပေးနိုင်ခြင်းသည် ထင်ရှားသည့် သာဓက တစ်ရပ်ဖြစ်ပါသည်။

လူမှောင်ခိုတိုက်ဖျက်ရေး အစီအမံများအဖြစ် လူမှောင်ခိုကူးခံရနိုင်သည့် အကြောင်းအရင်းများ၊ လူမှောင်ခိုကူးမှု ဖြစ်ပွားနိုင်သည့် နေရာများတွင် ကြိုတင်အသိပေးအစီအစဉ်များ ဆောင်ရွက်နေသကဲ့သို့ လူမှောင်ခိုကူးခံရသူများအား ပြန်လည်လက်ခံရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။

ဤသို့ လူမှောင်ခိုကူးမှုတားဆီးကာကွယ်ရေးကို စီမံကိန်းများချမှတ်ကာ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေသကဲ့သို့ ပြည်သူများအနေဖြင့်လည်း လူမှောင်ခိုအကူးမခံရဖို့ သတိဝီရိယနှင့် သွားလာလုပ်ကိုင်ရန် လိုအပ်မည်ဖြစ်ပါသည်။ အယုံအကြည်လွယ်ခြင်း၊ ဆင်ခြင်တုံတရားနည်းပါးခြင်း၊ ငွေကြေးအလွယ်တကူရလိုခြင်း စသော အခြေခံအကြောင်းတရားများကြောင့် လူမှောင်ခိုကူးခံရနိုင်ပါသည်။ လူမှောင်ခိုပွဲစားများက ဤအားနည်းချက်များကို အခွင့်ကောင်းယူပြီး လူမှောင်ခိုလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိပါသည်။

သို့ဖြစ်၍ သက်ဆိုင်ရာလူမှောင်ခိုတိုက်ဖျက်ရေးအဖွဲ့များက လူမှောင်ခိုတားဆီးနှိမ်နင်းရေး အစီအမံများကို တိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ ပြည်သူများအနေဖြင့်လည်း လူမှောင်ခိုကူးမခံရအောင် အသိ သတိထားရှိကာ ပူးပေါင်းဆောင်ရွက်သွားသင့်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# ကံမမြို့ ၂၄ နာရီ လျှပ်စစ်မီးရရှိ၍ ဘက်ပေါင်းစုံ တိုးတက်ဖွံ့ဖြိုးလာ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

နိုင်ငံတော်ဓာတ်အားစနစ်မှ ကံမမြို့သို့ ၂၄ နာရီ လျှပ်စစ်ဓာတ်အားသွယ်တန်းရောက်ရှိ ဖြန့်ဖြူးခြင်းအခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက်မွန်းလွဲပိုင်းက မကွေးတိုင်းဒေသကြီး ကံမမြို့ အမှတ်(၁) ရပ်ကွက် ထရန်စဖော်မာရှေ့၌ ကျင်းပရာ တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးဝင်းမြင့်မောင်၊ ဘဏ္ဍာရေးဝန်ကြီး ဦးကြည်မင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) ဦးပိုက်ထွေး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။



အစီအစဉ်အရ တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးက နိုင်ငံတော်ဓာတ်အားစနစ်မှ ၂၄ နာရီ လျှပ်စစ်ဓာတ်အား ရရှိပြီဖြစ်၍မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း၊ ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း)ဦးပိုက်ထွေးက ကံမမြို့ ၂၄ နာရီ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ လက်တွဲပြီး အားကြိုးမာန်တက်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခါ ကံမမြို့သည် ဘက်ပေါင်းစုံမှ တိုးတက်ဖွံ့ဖြိုးလာနေပြီဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးသာစိုးက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။ ယင်းနောက် ကံမမြို့နိုင်ငံတော် ဓာတ်အားစနစ်မှ ၂၄ နာရီ လျှပ်စစ် မီးရရှိခြင်းအခမ်းအနားကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ထို့နောက်ကံမမြို့ကို နိုင်ငံတော်ဓာတ်အားစနစ်မှ ၂၄ နာရီ လျှပ်စစ်မီးရရှိခြင်း အထိမ်းအမှတ်အဖြစ် တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးက စက်ခလုတ်နှိပ်၍ လျှပ်စစ်ဓာတ်အား စတင်ပို့လွှတ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

နိုင်ငံတော်ဓာတ်အားစနစ်မှ ကံမမြို့သို့ ၂၄ နာရီ လျှပ်စစ်ဓာတ်အား သွယ်တန်းရောက်ရှိ ဖြန့်ဖြူးရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးဘဏ္ဍာငွေမှ ငွေကျပ်သန်းပေါင်း ၄၆၆ သန်းအကုန်အကျခံ၍ ဆောင်ရွက်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင်ကံမမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၄၁ ရွာသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဖျာပုံတံတား ရေရှည်တည်တံ့ခိုင်မြဲစွာ တည်ရှိစေလို

ထင်သာမြင်သာပြုပြင်စရာ

**ဖျာပုံ ဒီဇင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့၏ လူမှုစီးပွားရေးအတွက် ပြည်သူများ အဓိကအားထားအသုံးပြုနေရသည့် ဖျာပုံတံတားကြီးကို နိုင်ငံတော်က တည်ဆောက်ပေးထားသည့်အတွက် ခရီးသွားပြည်သူများနှင့် မြို့နေပြည်သူများ စိတ်ချမ်းမြေ့စွာအသုံးပြုနေရသည်မှာ ဆယ်စုနှစ်ကျော်ခန့်ရှိပြီဖြစ်သည်။



ယခုအခါ အဆိုပါတံတားကြီး၏ အရှေ့ဘက်ခြမ်း အုန်းပင်ကျေးရွာအနီး မြစ်ကမ်းနံဘေး၌လုပ်ငန်းရှင်များက ဘိုးပိုင်အမှတ်(၅)ကို အသုံးပြု၍ ကျောက်စရစ်၊ ဂဝံကျောက်၊ သဲများသယ်ဆောင်လာသည့် ရေယာဉ်များ ဆိုက်ကပ်ကြိုးချည်ပြီး ကမ်းပါးပေါ် သယ်ယူစုပုံထားသည်ကို မြင်တွေ့နေရသဖြင့် တံတားကြီး RC ဘိုးပိုင်အမှတ်(၅)နှင့် အခြားဘိုးပိုင်များ ရေရှည်ကြံ့ခိုင်စေရန်အတွက် စိုးရိမ်နေရသည်ဖြစ်သည်။

ဖျာပုံတံတားကြီးတည်ဆောက်ခဲ့စဉ်က ဖျာပုံမြို့ဘက်ခြမ်းမြစ်ကမ်းနံဘေးမှ ရေလယ်တိုင်များအပါအဝင် ဒေးဒရဲမြို့နယ် အုန်းပင်ကျေးရွာမြစ်ကမ်းနံဘေးအထိ RC ဘိုးပိုင် (၁) မှ (၅) ထိတည်ရှိပြီး အဆိုပါ RC ဘိုးပိုင်များသည် တံတားကြီး၏ အဓိက အရေးကြီးသော နေရာများဖြစ်သဖြင့် စက်တပ်ရေယာဉ်များ၊ လှေ၊ သင်္ဘောများ ကြိုးချည်၍ ဆိုက်ကပ်နားနေခြင်း၊ စီးပွားရေးလုပ်ငန်းများအတွက် အသုံးပြုခြင်း မပြုရန် တားမြစ်ထားခဲ့သော်လည်း ယခုအခါ မိမိတို့အကျိုးစီးပွားအတွက် အမှတ်(၅) RC ဘိုးပိုင်ကျောက်ခုံပေါ် မှတစ်ဆင့် ကျောက်စရစ်၊ ဂဝံကျောက်နှင့်သဲများ မြစ်ကမ်းပါး ပေါ် သယ်ယူစုပုံခြင်း၊ RC ဘိုးပိုင်အောက်ခြေတွင် ရေယာဉ်များကြိုးချည်ဆိုက်ကပ်ခြင်းများရှိနေသဖြင့် တံတားရေရှည်တည်တံ့ရေး သက်ဆိုင်ရာမှ တားဆီးပေးစေရန် လိုလားလျက်ရှိကြောင်း ပြောဆိုနေကြသည်။ **ချမ်းသာ(ဖျာပုံ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၃၀-၁၂-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၃၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၇၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၉၀/၆၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၂၀/၆၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၃၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၅၀/၆၇၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

မန္တလေး

| | |
|---|---|
| ဒီဇယ် | ၆၄၀/၆၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၂၀/၉၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၂၀/၇၄၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀-၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၁၁.၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၈.၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၃၂.၆၀ |
| ထိုင်း | တစ်ဘတ် | ၃၆.၁၈၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၈၅၆ |
| တရုတ် | တစ်ယွမ် | ၂၀၂.၄၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၄.၃၉ |

ခင်ရတနာ-စုစည်းသည်။

# အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ) စီမံကိန်းပြီးစီးပါက တစ်နှစ်လျှင် တန်ချိန်လေးသိန်း ထုတ်လုပ်နိုင်မည်



**နေပြည်တော် ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆားခါးကျေးရွာအနီးရှိ အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)သို့ ရောက်ရှိပြီး စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းက Melt Shop Plant, Direct Reduction Plant, Steckel Mill, Cold Mill, Oxide Screen House တို့တွင် စက်ပစ္စည်းများ တပ်ဆင်လျက်ရှိသည့် အခြေအနေနှင့် Rail & Section Mill Structure တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ယင်းနောက် စက်ရုံမှူးနှင့် တာဝန်ရှိသူများအား ပြည်ထောင်စုဝန်ကြီးက New Melt Shop, Air Separation Plant ရှိ N2 Tank များ အမြန်ပြန်လည် ပြင်ဆင်ရန်၊ Melt Shop(အဟောင်း) ပြန်လည်လည်ပတ်နိုင်ရေးအတွက် လိုအပ်သော Refractory ပစ္စည်းများကို အမြန်ဆုံးပေးပို့နိုင်ရေး တင်သွင်းသည့် ကုမ္ပဏီနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊ ကုန်ထုတ်လုပ်မှု ဆောင်ရွက်ရန် လိုအပ်သော HMS-1(Scrap)များကို တင်ဒါစည်းမျဉ်း စည်းကမ်းများနှင့်အညီ ဝယ်ယူရေးဆောင်ရွက်ရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး အထူးအလေးထားဆောင်ရွက်ရန်လိုကြောင်း၊ စက်ရုံမှ တာဝန်ရှိသူများကလည်း လုပ်ငန်းများအချိန်မီပြီးစီးရေး ကြိုးကြပ်ရန် တာဝန်ရှိပါကြောင်း၊ ဘတ်ဂျက်သဘောအရလည်းကောင်း၊ လုပ်ငန်းသဘာဝအရလည်းကောင်း သတ်မှတ်ကာလအတွင်း လုပ်ငန်းများ ပြီးစီးရမည်ဖြစ်၍ အထူးအလေးထား ကြိုးစားဆောင်ရွက်ရန်လိုကြောင်း၊ အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ) စီမံကိန်း သတ်မှတ်အချိန်မီပြီးစီးရေး အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် မှာကြားသည်။

အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ) စီမံကိန်းအား Phase 1, Phase 2, 2A, Phase 3 ဟူ၍ အဆင့်သုံးဆင့်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများအားလုံး ပြီးစီးပါက Steel Billet & Slab များ၊ တည်ဆောက်ရေးနှင့် စက်မှုလုပ်ငန်းသုံး သံမဏိသံချောင်းလုံးများ၊ သံပြားများ၊ အမိုးပြားများ၊ သံမဏိသံပေါင်များ၊ ဖိအားမြင့်တိုင်များနှင့် မီးရထားသံလမ်းများစသည့် ပြည်တွင်း/ပြည်ပ ဈေးကွက်ဝင် သံနှင့်ထုတ်ကုန်ပစ္စည်းများအား တစ်နှစ်လျှင် စုစုပေါင်း တန်ချိန်လေးသိန်း ထုတ်လုပ်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် တစ်နှစ်လျှင် သံမဏိတင်သွင်းမှုမှာ စီမံကိန်းလုပ်ငန်းများ အပါအဝင် သံမဏိတန်ချိန် နှစ်သန်းခန့် ပြည်ပမှတင်သွင်းနေရသဖြင့် ယခုစီမံကိန်း ပြီးစီးပါကပြည်ပမှ တင်သွင်းရသည့် ပမာဏလျော့ကျစေမည်ဖြစ်၍ နိုင်ငံခြားငွေ သုံးစွဲမှုများစွာသက်သာလာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့်ရာထူး၊ ဌာန** |
|---|---|
| (၁) ဦးကျော်ဇေယျ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၂) ဦးထင်လင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၃) ဦးမင်းလွင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးဝန်ကြီးဌာန |

## မြန်မာနိုင်ငံနှင့် အီသီယိုပီးယားနိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ထူထောင်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် အီသီယိုပီးယား ဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံတို့သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ မူကြီးများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့ကိုအခြေခံပြီး သံတမန်ဆက်သွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းတို့နှင့်အညီ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိုထူထောင်လိုသည့် ဆန္ဒရှိကြသည့်အားလျော်စွာ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှစတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ် ထူထောင်ကြသည်။

နှစ်နိုင်ငံသံတမန်အဆက်အသွယ်ထူထောင်သည့် ပူးတွဲကြေညာချက်ကို အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် အိန္ဒိယနိုင်ငံဆိုင်ရာ အီသီယိုပီးယား သံအမတ်ကြီးတို့သည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် နယူးဒေလီမြို့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့် သံတမန်ဆက်ဆံမှုတိုးချဲ့ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အီသီယိုပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံသည် မြန်မာနိုင်ငံ၏ (၁၁၄)နိုင်ငံမြောက် သံတမန်ဆက်ဆံရေးထူထောင်သည့် နိုင်ငံဖြစ်လာမည်ဖြစ်သည်။ **(သတင်းစဉ်)**

# လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေးအတွက် မော်တော်ယာဉ်များဖြင့်လှည့်ကင်းဆောင်ရွက်ရန် တာဝန်ပေးအပ်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မုခ်ဦး၌ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများဆောင်ရွက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးအပ်လှူဒါန်းထားသော မော်တော်ယာဉ်များအနက် တိုင်းဒေသကြီးရဲတပ်ဖွဲ့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်က ထောက်ပံ့ပေးထားသော လှည့်ကင်းမီးတန်းယာဉ် ၄၅ စီးဖြင့် လှည့်ကင်းဆောင်ရွက်ရန် တာဝန်ပေးအပ်သည့် အခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် ဝင်းနိုင်၊ ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းဗိုလ်၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဌာနခွဲမှူးများ၊ ရဲစခန်းမှူးများနှင့် လှည့်ကင်းတာဝန်ထမ်းဆောင်မည့် ရဲတပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်အား တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက လှည့်ကင်းမီးတန်းယာဉ်များကို လိုက်လံရှင်းလင်းပြသခဲ့ပြီး လှည့်ကင်းတာဝန်ဆောင်ရွက်မည့်တပ်ဖွဲ့ဝင်များ ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများ၊ ယူဆောင်ရမည့် အသုံးအဆောင်ပစ္စည်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။ **(အပေါ်ပုံ)**




ဆက်လက်၍ လှည့်ကင်းမီးတန်းယာဉ်များကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးတို့က အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ လှည့်ကင်းတာဝန်ထမ်းဆောင်မည့် တပ်ဖွဲ့ဝင်များအား လှည့်ကင်းတာဝန်များကို ဆောင်ရွက်ရန် စတင်တာဝန်ပေးအပ်ခဲ့သည်။

တိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ကြမည့် မော်တော်ယာဉ်လှည့်ကင်းများနှင့် ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့၏ လမ်းညွှန်ချက်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၏ ညွှန်ကြားချက်များအရ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးများက ကြပ်မတ်ကွပ်ကဲပြီး ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများမှ ကြီးကြပ်၍ အလှည့်ကျစနစ်ဖြင့် အဆိုင်းခွဲကာ လှည့်ကင်းတာဝန်များကို နေ့၊ ည ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ လှည့်ကင်းမီးတန်းယာဉ်များတွင် တပ်ဖွဲ့ဝင်အရာရှိ တစ်ဦး၊ ယာဉ်မောင်း တစ်ဦး၊ အခြားအဆင့် နှစ်ဦး စုစုပေါင်း လေးဦးစီ တာဝန်ယူဆောင်ရွက်ကြမည်ဖြစ်ပြီး ပြည်သူများ၏ အခက်အခဲပြဿနာများ၊ သတင်းပေးတိုင်တန်းမှုများကို ကူညီဆောင်ရွက်ပေးရန်နှင့် မှုခင်းဖြစ်ပွားသည့်နေရာများသို့ အချိန်မီရောက်ရှိ ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် မော်တော်ယာဉ်အချင်းချင်းဆက်သွယ်မှုစနစ်များဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ လှည့်ကင်းယာဉ်များဖြင့် သက်ဆိုင်ရာနယ်မြေအလိုက် တာဝန်ဆောင်ရွက်စဉ် ပြည်သူများအနေဖြင့်လည်း မှုခင်းဖြစ်ပွားသည့်သတင်းများ၊ ထူးခြားဖြစ်စဉ်သတင်းများရရှိပါက အကူအညီတောင်းခံနိုင်ပါကြောင်းနှင့် ဆက်သွယ်သတင်းပေးစေလိုကြောင်း၊ ယင်းယာဉ်များသို့ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များကိုလည်း ပြည်သူများသိရှိနိုင်ရန် ဆက်လက်အသိပေး ဖော်ပြသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# မစ်ဆောရီပြည်နယ်အတွင်း မုန်တိုင်းများကြောင့် ရေကြီး ရာပေါင်းများစွာ နေအိမ်စွန့်ခွာထွက်ပြေး၊ သေဆုံးသူ ၁၃ ဦးရှိ



**ကန်ဆက်စီးတီး ဒီဇင်ဘာ ၃၀**

အမေရိကန်နိုင်ငံ မစ်ဆောရီပြည်နယ်၌ လေးရက်ကြာတိုက်ခတ်သော မုန်တိုင်းများကြောင့် စံချိန်တင်မြစ်ရေလျှံမှုဖြစ်ပွားကာ ဒီဇင်ဘာ ၂၉ ရက်က ရာပေါင်းများစွာသော ဒေသခံပြည်သူများ နေအိမ်များကို စွန့်ခွာထွက်ပြေးကြရကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါရေကြီးမှုနှင့် မုန်တိုင်းတိုက်ခတ်မှုများကြောင့် သေဆုံးသူ အနည်းဆုံး ၁၃ ဦးရှိပြီး လမ်းများပိတ်ထားရကြောင်း၊ မစ်ဆောရီမြစ်တစ်လျှောက် ငါးဖမ်းထွက်ခြင်းကို တားမြစ်ထားကြောင်း သတင်းတွင် ဖော်ပြသည်။

အမေရိကန်နိုင်ငံ အနောက်အလယ်ပိုင်းနှင့် အနောက်တောင်ပိုင်းတို့၌ ဖြစ်ပွားခဲ့သော လေဆင်နှာမောင်းတိုက်ခတ်မှု ဖြစ်စဉ်များကြောင့် အမေရိကန်နိုင်ငံတစ်ဝန်းသီတင်းတစ်ပတ်ကြာဆိုးရွားသော ရာသီဥတုဖြစ်စဉ်များ ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။

လွန်ခဲ့သော သီတင်းပတ်က ခရစ္စမတ်အားလပ်ရက်များအတွင်း ရာသီဥတုဖြစ်စဉ်များနှင့် ဆက်နွယ်သော မတော်တဆမှုများကြောင့် လူပေါင်း ၄၀ ကျော် သေဆုံးခဲ့ရသည်။

ဒီဇင်ဘာ ၂၆ ရက်ကတည်းက မစ်ဆောရီပြည်နယ်၌ မိုးသည်းထန်စွာရွာပြီး ရေကြီးမှုဖြစ်ပေါ်ခဲ့သည်။ ဗုဒ္ဓဟူးနေ့နှင့် စနေနေ့အကြား မိုးရေချိန်စံချိန်တင်မှုများကြောင့် အဓိကမြစ်ကြီးများ ရေကြီးရေလျှံမှုများ ဖြစ်ပွားနိုင်ကြောင်း မိုးလေဝသပညာရှင်များက သတိပေးချက်များ ထုတ်ပြန်ထားသည်။

မစ်ဆောရီမြစ် အလယ်ပိုင်း၌ ရေကြီးမှုသည် ၁၈၀၀ ပြည့်လွန်အလယ်ပိုင်း ကာလနောက်ပိုင်း ဆောင်းရာသီကာလများတွင် မမြင်ဖူးကြောင်း ထိပ်တန်းမိုးလေဝသပညာရှင် အဲလက်ဆိုစနိုကီက ပြောသည်။

စိန့်လူးဝစ်မြောက်ဘက် မိုင် ၂၀ အကွာ မစ္စစ္စပီနှင့် မစ်ဆောရီမြစ်များ မြစ်ရေလျှံတက်ခဲ့သဖြင့် ဝက်စ်အယ်လ်တန်နှင့် အာနီးမြို့ခံများ ဒီဇင်ဘာ ၂၉ ရက်က ဘေးကင်းရာ ရွှေ့ပြောင်းခဲ့သည်ဟု ဆိုသည်။ **(ရိုက်တာ)**

# ဗြိတိန်နိုင်ငံ၌ ဖြစ်ပေါ်လျက်ရှိသော ရေကြီးဒေသများ အသစ်ဖြစ်ပေါ်နေသော မုန်တိုင်းကြောင့် သဘာဝဘေးဆိုးနှင့် ကြုံတွေ့နိုင်

**လန်ဒန် ဒီဇင်ဘာ ၃၀**

ဗြိတိန်နိုင်ငံ၌ ဖြစ်ပေါ်နေသော မုန်တိုင်းကြောင့် ရေကြီးဒေသများအပါအဝင် နိုင်ငံဒေသအများအပြားတွင် ဆိုးရွားသည့် ရာသီဥတုခြိမ်းခြောက်မှုနှင့် ရင်ဆိုင်နေရကြောင်း မိုးလေဝသဌာနက ထုတ်ပြန်ကြေညာသည်။ ဒီဇင်ဘာ ၂၉ ရက် ညပိုင်းက တိုက်ခတ်လျက်ရှိသော ဖရန့်မုန်တိုင်းကြောင့် ကမ်ဘရီယာ၊ စကော့တလန်တောင်ပိုင်းနှင့် အလယ်ပိုင်းတို့၌ ခြိမ်းခြောက်မှု အများဆုံးခံနေကြရသည်။




အင်္ဂလန်နှင့် ဝေလတို့၌ ရုတ်တရက်ရေကြီးမှု သတိပေးမှု (၄၇)ကြိမ် အပါအဝင် အသက်အန္တရာယ်ကို ခြိမ်းခြောက်လျက်ရှိသည့် ရေကြီးမှုသတိပေးချက် လေးကြိမ် ထုတ်ပြန်ခဲ့ရသည်ဟု ဆိုသည်။

ယော့(စ်)ရှိုင်းယား မြောက်ပိုင်းနှင့် တက်စ်ကာတာဒေသ၌ ရှေးဟောင်းတံတားတစ်စင်းသည် ခတ်ငွေ့ပိုက်လိုင်းပေါက်ကွဲမှုနှင့်အတူ ပြိုကျသွားခဲ့သည်။ ဝှါဖာမြစ်ပေါ်ရှိ အဆိုပါတံတားပတ်ဝန်းကျင်၌ ဈေးဆိုင်များနှင့် စီးပွားရေးလုပ်ငန်းများသည် လွန်ခဲ့သော သီတင်းပတ်ကုန်ပိုင်းက ရေကြီးမှုကို ဆိုးရွားစွာ ကြုံတွေ့လျက်ရှိရာ တံတားကို လွန်ခဲ့သော နှစ်ရက်က ပိတ်ထားခဲ့ရသည်ဟု ဆိုသည်။ ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် လူ ၁၂ ဦးကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ ထိုအတောအတွင်း အင်္ဂလန်မြောက်ပိုင်းရေကြီးမှုဖြစ်ပွားရာဒေသများ၊ မိသားစုများနှင့် စီးပွားရေးလုပ်ငန်းများကို ကူညီပေးရန် ပေါင်သန်း ၅၀ ရန်ပုံငွေအပို ထူထောင်ပေးသွားရန် ကြေညာလိုက်သည်။ အစိုးရက အဆိုပါ အကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းရန် ပေါင်သန်း ၁၀၀ ကျော် သုံးစွဲသွားရန် ကတိပြုထားသည်။

ဗြိတိန်နိုင်ငံ၌ ခရစ္စမတ်ကာလ မုန်တိုင်းများတိုက်ခတ်ပြီး ရေကြီးမှုများကြောင့် ဖြစ်ပေါ်ခဲ့သော အကျပ်အတည်းကို မူလအနေအထားသို့ အမြန်ဆုံး ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်သွားရန် မျှော်လင့်ထားကြောင်း ပတ်ဝန်းကျင်အေဂျင်စီ အကြီးအကဲ ဆာဖီးလစ်ဒီလေးက ဒီဇင်ဘာ ၃၀ ရက်တွင် ပြောကြားလိုက်သည်။

ရေကြီးမှုဖြစ်ပွားရာဒေသများရှိ ပြည်သူများအနေဖြင့် ဗုဒ္ဓဟူးနေ့နှင့် ကြာသပတေးနေ့တို့တွင် အဆိုးရွားဆုံး ရာသီဥတုအခြေအနေအတွက် ပြင်ဆင်ထားသင့်ကြောင်း ရေကြီးမှုကယ်ဆယ်ရေးဆိုင်ရာ ဝန်ကြီးရှိ ရီစတီးဝပ်က ပြောကြားလိုက်သည်။

ဒီဇင်ဘာလအတွင်း ကမ်ဘရီယာ၊ လန်စကာရှိုင်းယား၊ ဂရိတ်မန်ချက်စတာနှင့် ယော့(စ်)ရှိုင်းယားတို့၌ မြစ်ရေလျှံပြီး ရေကြီးမှုများ ဖြစ်ပေါ်လျက်ရှိရာ ဖရန့်မုန်တိုင်းကြောင့် ထပ်မံဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးဆိုးအန္တရာယ်နှင့် ရင်ဆိုင်နေကြရသည်။ **(ရိုက်တာ)**

# အသေခံဗုံးခွဲ တိုက်ခိုက် ၂၃ ဦး သေဆုံး

**ပက်ရှ်ဝါ ဒီဇင်ဘာ ၃၀**

ပါကစ္စတန် အနောက်မြောက်ပိုင်းရှိ အစိုးရရုံးတစ်ရုံးကို ဒီဇင်ဘာ ၂၉ ရက်က အသေခံဗုံးခွဲတိုက်ခိုက်ခဲ့သဖြင့် အနည်းဆုံး ၂၃ ဦးသေဆုံးပြီး ၇၀ ကျော် ဒဏ်ရာရရှိသွားကြောင်း တာဝန်ရှိသူများက ပြောသည်။ ခိုင်ဘာပတ်တွန်ကွာပြည်နယ် မာဒန်းမြို့အစိုးရမှတ်ပုံတင်ထုတ်ပေးရေးရုံး အမျိုးသားသတင်းအချက်အလက်နှင့် မှတ်ပုံတင်အာဏာပိုင်ရုံးဌာနခွဲ နာဒရား တိုက်ခိုက်ခံရမှုမှာ ပါကစ္စတန်တာလီဘန်တို့ လက်ချက်ဖြစ်သည်ဟု ဆိုသည်။ "ဖောက်ခွဲရေးပစ္စည်းတွေတင်ဆောင်လာတဲ့ မော်တော်ဆိုင်ကယ်စီး ဖောက်ခွဲရေးသမားက လူအများအပြားတန်းစီနေတဲ့ မာဒန်မြို့ (နာဒရား) ရုံးကို တိုက်ခိုက်လိုက်တာပါ" ဟု ရဲအရာရှိ နေးခမ်းကသို့ ပြောသည်။ အဆိုပါတိုက်ခိုက်မှုကြောင့် အနည်းဆုံး ၂၃ ဦး သေဆုံးကာ ၇၅ ဦး ဒဏ်ရာရရှိခဲ့သည့်အနက် ၂၅ ဦးမှာ စိုးရိမ်ရကြောင်း ကယ်ဆယ်ရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဘီလာအာမက်ဖို့စ်ဇီက ပြောသည်။ **(ဆင်ဟွာ)**



# အပြင်းထန်ဆုံးသော အယ်လ်နီညိုရာသီဥတု သန်းပေါင်းများစွာ အစာရေစာပြတ်လပ်နိုင်

**လန်ဒန် ဒီဇင်ဘာ ၃၀**

အပြင်းထန်ဆုံးသော အယ်လ်နီညိုရာသီဥတုစက်ဝန်းကြောင့် ၂၀၁၆ ခုနှစ်အတွင်း သန်းပေါင်းများစွာသော ပြည်သူများ ငတ်မွတ်ခေါင်းပါးမှုနှင့် ရောဂါဘယများဖြစ်ပွားမှုတို့ ရင်ဆိုင်ရမည့်အန္တရာယ် တိုးလာကြောင်း အကူအညီပေးရေးအေဂျင်စီများက ပြောသည်။

အဆိုပါရာသီဥတုပြောင်းလဲမှုဖြစ်စဉ်သည် ဒေသအချို့တွင် အလွန်အမင်းမိုးခေါင်ပြီး ဒေသအချို့၌ ရေကြီးမှုများ ပိုမိုဖြစ်ပွားနိုင်သည်ဟု ဆိုသည်။ အာဖရိကဒေသအချို့၌ အဆိုးရွားဆုံးဖြစ်ပွားနိုင်ပြီး ဖေဖော်ဝါရီလတွင် အစာရေစာပြတ်လပ်မှုမှာ အမြင့်ဆုံးသို့ရောက်ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။ ကာရစ်ဘီယံဒေသအပါအဝင် အမေရိကအလယ်ပိုင်းနှင့် တောင်ပိုင်းတို့တွင် လာမည့်ခြောက်လအတွင်း အဆိုပါအန္တရာယ်ကျရောက်နိုင်ကြောင်း ပညာရှင်များက ခန့်မှန်းထားသည်။

အဆိုပါရာသီဥတုဖြစ်စဉ်ကာလအတွင်း ကမ္ဘာ့အပူချိန်များမြင့်တက်ခဲ့ပြီး ရာသီဥတုဖြစ်စဉ်များ ကမောက်ကမ ဖြစ်ပေါ်နိုင်သည်။ ယင်းရာသီဥတုဖြစ်စဉ်သည် ၂၀၁၅ ခုနှစ်တွင် ကမ္ဘာ့အပူနွေးဆုံးနှစ်အဖြစ် စံချိန်တင်ခဲ့သည်။ ယင်းရာသီဥတုကြောင့် အပူပိုင်းနိုင်ငံအများအပြား မိုးရွာသွန်းမှု ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ လျော့ကျဖွယ်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံတွင် အဆိုးရွားဆုံးမိုးခေါင်မှုကို ခန့်မှန်းထားသည်။ အိန္ဒိယမုတ်သုံမိုးရွာသွန်းမှုများလည်း ရှာမြဲအောက် ၁၅ ရာခိုင်နှုန်းကျဆင်းနိုင်ပြီး ဘရာဇီးနှင့်ဩစတြေးလျနိုင်ငံတို့တွင်လည်း မုတ်သုံမိုးရွာသွန်းမှုလျော့နည်းနိုင်ကြောင်း ခန့်မှန်းထားသည်။

၂၀၁၆ ခုနှစ်အတွင်း မိုးခေါင်မှုနှင့်ရေကြီးမှုများ အဆိုးရွားဆုံးဖြစ်ပွားနိုင်ကြောင်း ခန့်မှန်းထားပြီး အာဖရိကတိုက်တစ်ဝန်း လူပေါင်း ၃၂ သန်းခန့်မှာ အစာရေစာပြတ်လပ်မှုနှင့် ရင်ဆိုင်ရဖွယ်ရှိသည်။ လူဦးရေ ၁၀ သန်းနေထိုင်ရာ အီသီယိုးပီးယား၏ လူဦးရေ သုံးပုံ တစ်ပုံမှာ ၂၀၁၆ ခုနှစ်အတွင်း လူသားချင်းစာနာမှုဆိုင်ရာအကူအညီများ လိုအပ်မည်ဖြစ်ကြောင်း သိရသည်။ **(ရိုက်တာ)**

# ဘရာဇီးတောင်ပိုင်းသို့ မုန်တိုင်းဝင်ရောက် မြို့ပေါင်း ၁၇ မြို့တွင် အရေးပေါ်အခြေအနေကြေညာ

**ရီယိုဒီဂျနေးရိုး ဒီဇင်ဘာ ၃၀**

လွန်ခဲ့သော ရက်သတ္တပတ်အနည်းငယ်က ဘရာဇီးတောင်ပိုင်းသို့ မုန်တိုင်းများဝင်ရောက်ခဲ့မှုကြောင့် ရီဟိုဂရန်ဒီ ဒိုဆားလ်ပြည်နယ်ရှိ မြို့ပေါင်း ၁၇ မြို့တွင် အရေးပေါ်အခြေအနေကို ကြေညာခဲ့ရကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက အင်္ဂါနေ့တွင် ထုတ်ပြန်ကြေညာသည်။

ဒေသတွင်းပြည်သူ့ကာကွယ်ရေးလုပ်ငန်းက ရေကြီးမှုများနှင့် မြေပြိုမှုများကြောင့် မိသားစု ၁၅၆၄ စုတို့သည် ၄င်းတို့၏ နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ရကြောင်း၊ အများစုမှာ ဆွေမျိုးများ သို့မဟုတ် မိတ်ဆွေသူငယ်ချင်းအိမ်များသို့ ထွက်ပြေးခိုလှုံခဲ့ရကြောင်း၊ မိသားစု ၁၆၄ စုမှာ အများပြည်သူခိုလှုံရာနေရာများတွင်ရှိနေဆဲဖြစ်ကြောင်း ပြောကြားသည်။

ဂျူရိုင်မြစ်ရေကြီးမှုကြောင့် ကာချိုအီရာ မြို့လေး၏တံတားမှာ တနင်္ဂနွေနေ့က ကျိုးကျသွားကြောင်း၊ ယင်းဒေသရှိ အခြားတံတားနှစ်စင်းကိုလည်း အဝေး ပြေးကားလမ်းများ ရေဖုံးလွှမ်းကတည်းက ပိတ်ထားခဲ့ရကြောင်း သိရသည်။ ဥရုဂွေးနှင့် အာဂျင်တီးနားတို့သည်လည်း ဆိုးရွားသော ရာသီဥတုဒဏ်ကို ခံစားနေရကြောင်း သိရသည်။ ဘရာဇီး-ဥရုဂွေးနယ်စပ်ဒေသတွင် ကွာရိုင် မြစ်ရေသည် ၁၅ မီတာအထိမြင့်တက်ကြောင်း သိရသည်။

ဒီဇင်ဘာ ၁၈ ရက်မှစတင်ခဲ့သော အဆက်မပြတ် မိုးရွာသွန်းမှုကြောင့် ဥရုဂွေးမြစ်နှင့် ကွာရိုင်မြစ်ရေများမြင့်တက်လာခြင်းဖြစ်ကြောင်း သိရ သည်။ နွေရာသီရောက်တိုင်း ဘရာဇီး၌ မုန်တိုင်းအကြီးအကျယ်တိုက်လေ့ရှိ ပြီး မိုးရွာသွန်းမှုကြောင့် ရေကြီးမှုများ၊ ပြောင်းရွှေ့မှုများနှင့် သေပျောက်မှုများကို ဖြစ်ပေါ်စေသည်။ **(ဆင်ဟွာ)**

# ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ တင်ဒါရလဒ်ကြေညာသည့် အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံကိန်းသုံးခုကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရင်းနှီးတည်ဆောက်သူ (Developer) ကို နိုင်ငံတကာစံနှုန်းများနှင့်အညီ အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့ပြီး တင်ဒါရလဒ်ကြေညာသည့်အခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ Kenpinski ဟိုတယ် ပုဂံဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ ဒုတိယဝန်ကြီးများ၊ ရခိုင်ပြည်နယ် သတ္တုနှင့် သစ်တောရေးရာဝန်ကြီး၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ကော်မတီဝင်များ၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းများကို ဆောင်ရွက်ရန် တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ပြည်တွင်း ပြည်ပမှ သတင်းမီဒီယာများ တက်ရောက်သည်။

ညနေ ၅ နာရီတွင် ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ တင်ဒါရလဒ်ကြေညာသည့် အခမ်းအနားကို အဆိုပါ ဟိုတယ်၌ကျင်းပရာ တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အဖွင့်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

ယင်းနောက် CPG အကြံပေးကုမ္ပဏီအုပ်စုမှ တာဝန်ရှိသူတစ်ဦးက ရင်းနှီးတည်ဆောက်သူများ နိုင်ငံတကာအိတ်ဖွင့်တင်ဒါခေါ်ယူနေသည့် လုပ်ငန်းစဉ်များနှင့် တင်ဒါလုပ်ငန်းစဉ်ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူးက တင်ဒါရွေးချယ်မှုစံနှုန်းများကိုလည်းကောင်း၊ အတွင်းရေးမှူးက တင်ဒါရလဒ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စီမံကိန်းနှစ်ခုကို ဆောင်ရွက်ရန်တင်ဒါအောင်မြင်သည့် စီတစ်အုပ်စုမှ လုပ်ပိုင်ခွင့်ရပုဂ္ဂိုလ် Mr. Chen Xiaojia က ရေနက်ဆိပ်ကမ်းစီမံကိန်းနှင့် စက်မှုဇုန်စီမံကိန်းလုပ်ငန်းစဉ် အကျဉ်းချုပ်ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက စီတစ်အုပ်စုမှ လုပ်ပိုင်ခွင့်ရပုဂ္ဂိုလ် Mr. Chen Xiaojia ထံ တင်ဒါအောင်စာရင်းကို ပေးအပ်ပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။



ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင် ရေနက်ဆိပ်ကမ်းစီမံကိန်း၊ စက်မှုဇုန်စီမံကိန်းနှင့် အဆင့်မြင့်အိမ်ရာစီမံကိန်း သုံးခုရှိသည့်အနက် စီတစ်အုပ်စုက ရေနက်ဆိပ်ကမ်းစီမံကိန်းနှင့် စက်မှုဇုန်စီမံကိန်းများကို တင်ဒါအောင်မြင်ခဲ့ကြောင်း သိရသည်။

အခမ်းအနားအပြီးတွင် သတင်းစာရှင်းလင်းပွဲကို အဆိုပါခန်းမ၌ ဆက်လက်ကျင်းပရာ တက်ရောက်လာသည့် ပြည်တွင်း ပြည်ပမှ သတင်းမီဒီယာများက တင်ဒါအောင်မြင်မှု၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်မှုအခြေအနေများနှင့်စပ်လျဉ်း၍ မေးမြန်းကြရာ တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ညပိုင်းတွင် အဆိုပါဟိုတယ်၌ တင်ဒါရလဒ်ကြေညာသည့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ဆက်လက်ကျင်းပသည်။

ညစာစားပွဲတွင် လေးဝတီရခိုင်အနုပညာအဖွဲ့က ရိုးရာအကအလှများ၊ တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ကျောက်ဖြူအထူးစီးပွားရေးဇုန် ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်က EBA အဖွဲ့မှ ချီးမြှင့်သည့် International Flag နှင့် Certificate of Attractiveness ဆုကို ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမြင့်သိန်းထံ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ CPG အကြံပေးကုမ္ပဏီအုပ်စုနှင့် တင်ဒါအောင်မြင်သည့် စီတစ်အုပ်စုတို့မှ တာဝန်ရှိသူများက ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။

ယင်းနောက် တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကျောက်ဖြူအထူးစီးပွားရေးဇုန်ကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရင်းနှီးတည်ဆောက်သူများအား စိစစ်ရွေးချယ်ပြီးသည်အထိ စိတ်ရော၊ ကိုယ်ပါ ကူညီဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

**(သတင်းစဉ်)**

---

❖ *ကျောဖုံးမှ*

ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးသက်နောင်ထံမှ သိရသည်။

ထိုလူကုန်ကူးခံ ရေလုပ်သားအဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန အမှတ် (၆)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားဦးစီးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန(ရန်ကုန်) တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ စောင့်ဆိုင်းကာ ကြိုဆိုခဲ့ကြသည်။

ထိုအဖွဲ့အား လူမှုဝန်ထမ်းဦးစီးဌာနမှ မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့ ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်းသို့ ပို့ဆောင်ကာ မြို့နယ်ကျန်းမာရေးအဖွဲ့များက ကျန်းမာရေးကောင်း/မကောင်း စစ်ဆေးခြင်း၊ သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးအဖွဲ့ဝင်များက အမျိုးသားမှတ်ပုံတင် ရှိ/မရှိ စစ်ဆေးခြင်း၊ အမှတ်(၆)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး တပ်ဖွဲ့ဝင်များက လူကုန်ကူးခံရသည့်အကြောင်းများ ဖြစ်စဉ်အသေးစိတ်တို့ကို မေးမြန်းခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထိုမှတစ်ဆင့် လူကုန်ကူးခံ ရေလုပ်သားများအား နေရပ်အသီးသီးသို့ သက်ဆိုင်ရာ မြို့နယ်အလိုက် အထွေထွေအုပ်ချုပ်ရေးမှူးများထံ အကြောင်းကြားကာ ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရောက်ရှိလာသောလူကုန်ကူးခံ ရွှေ့ပြောင်းမြန်မာရေလုပ်သားများသည် မွန်ပြည်နယ် သထုံမြို့နယ်မှ အောင်ထွန်းလှ (၂၄ နှစ်)၊ ပေါင်မြို့နယ် မုတ္တမကျေးရွာမှ သိန်းဇော်(၄၉ နှစ်)၊ မော်လမြိုင်မြို့ ဇေယျာသီရိရပ်ကွက်မှ ဟိန်းလတ်(၃၅ နှစ်)၊ ရေးမြို့နယ်မှ ကျော်မိုး(၃၇ နှစ်)၊ ဘီးလင်းမြို့နယ်မှ သားကြီး(ခ)ချစ်ဦး(၃၂ နှစ်)၊ သံဖြူဇရပ်မြို့နယ်မှ စိုးဝင်း (၄၂ နှစ်)၊ ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် တံခွန်တိုင်ကျေးရွာမှ မျိုးဇော်အောင်(၃၄ နှစ်)၊ ကျောက်တန်းမြို့နယ် (၁)ရပ်ကွက်မှ ဇင်မင်းထွန်း (၂၇ နှစ်)၊ ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ မောင်မောင် (၄၁ နှစ်)၊ ပန်းတနော်မြို့နယ် ချောင်ကလေးကျေးရွာမှ အောင်ကျော်ဦး(၃၄ နှစ်)၊ ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်မှ ရဲဝင်းလှိုင်(၁၉ နှစ်)၊ တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်မှ ဇော်ဝင်းထွန်း(၃၅ နှစ်)၊ ချင်းပြည်နယ် မင်းတပ်မြို့ အရှေ့ရပ်ကွက်မှ လင်းနိုင်(၃၁ နှစ်) တို့ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

---

## နှစ်နိုင်ငံတရားစီရင်ရေးနှင့် ဥပဒေရေးရာကိစ္စရပ်များဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၃၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အဆင့်မြင့်ပြည်သူ့တရားရုံး ဥက္ကဋ္ဌ Mr. Zhang Xuequn ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၃၀ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေအား လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံတရားစီရင်ရေးနှင့် ဥပဒေရေးရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံစဉ် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးမျိုးမြင့်၊ ဦးလှအေး၊ ဒေါ်စန္ဒာသွယ်၊ ဒေါ်အေးသန်း၊ ဒေါ်သင်းသင်းနွဲ့နှင့် တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဒေါ်နန်းစန္ဒာစမ်းတို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

---

## သုဝဏ္ဏသာမဇာတ်တော်ကြီး အခမဲ့ဖျော်ဖြေမည်

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့တွင် တေးသံသာများ၊ အကအလှ ပဒေသာယိမ်းများနှင့် ရွှေတံဆိပ်ဆုများရှင် မင်းသား တက္ကသိုလ်အားမာန်၊ ဇေယျာလင်း၊ သိန်းထွန်းဦး၊ မင်းသမီးဆောင်းနှင်းဝေဝေနှင့် အနုပညာရှင်များစွာ ပါဝင်သည့် "သုဝဏ္ဏသာမဇာတ်တော်ကြီး" ဖြင့်လည်းကောင်း၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် တေးသံသာများ၊ အကအလှ ပဒေသာယိမ်းများနှင့် ရွှေတံဆိပ်ဆုများရှင် ခေါင်းဆောင်မင်းသမီး သန္တာလင်း၊ ရှေ့ထွက်မင်းသမီး ဇာနည်အောင်၊ လူရွှင်တော်များဖြစ်ကြသည့် အာပြဲ၊ စတားဝမ်းတူး၊ ရောင်နီ၊ ရောင်ပြန်၊ လမုန့်၊ ငွေတိုးတို့ပါဝင်သည့် "ရွှေမြန်မာအငြိမ့်" အဖွဲ့တို့ဖြင့်လည်းကောင်း ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ညစဉ် ၇ နာရီတွင် အများပြည်သူများကို အခမဲ့ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

---

## မြန်မာ့တိုင်းရင်းဆေးပညာရှင်များ နှီးနှောဖလှယ်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန မြန်မာ့တိုင်းရင်း ဆေးပညာရှင်များ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) MICC(2)၌ ကျင်းပရာ သဘာပတိ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရီရီမြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့် နှီးနှောဖလှယ်ပွဲ၌ (၁၆)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံတွင် အဆိုပြုခြင်း၊ ထောက်ခံဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည့် ခေါင်းစဉ်များ၊ လုပ်ငန်းစဉ်များအား လက်တွေ့ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ဆွေးနွေးကြရန် ဖြစ်ပါကြောင်း။

နှီးနှောဖလှယ်ပွဲတွင် အတွေ့အကြုံများ မျှဝေသည့် တိုင်းရင်းဆေးပညာ ကုထုံးစာတမ်းများနှင့် တိုင်းရင်းဆေးပညာ သင်ရိုးညွှန်းတမ်း စာတမ်းများကိုလည်း ဖတ်ကြားဆွေးနွေးမည် ဖြစ်သဖြင့် တက်ရောက်လာသော ပညာရှင်များ၊ ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးကြရန် ဖြစ်ပါကြောင်း ဖြင့် ပြောကြားသည်။

ယင်းနောက် နှီးနှောဖလှယ်ပွဲ နံနက်ပိုင်းအစီအစဉ်များကို ကျင်းပရာ တိုင်းရင်းဆေးပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူ လုပ်ငန်းရှင်များ၊ နှီးနွယ်ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ကိုယ်စားလှယ်များက မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံ၏ အဆိုပြုခြင်း၊ ထောက်ခံဆွေးနွေးခြင်းများအပေါ် တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့အကောင်အထည်ဖော် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ခင်မင်ရင်းနှီးစွာ ပွင့်ပွင့်လင်းလင်း အကြံပြုဆွေးနွေးကြသည်။

နှီးနှောဖလှယ်ပွဲ နေ့လယ်ပိုင်းအစီအစဉ်တွင် သဘာပတိအဖြစ် ဆေးဝါး တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာစန်းစန်းနွဲ့က ဆောင်ရွက်ပြီး တွဲဖက်သဘာပတိအဖြစ် ဆေးဝါး တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဒေါက်တာ စိန်လှထွေးနှင့် တိုင်းရင်းဆေးကောင်စီဝင် ဦးဝထွန်းတို့က ဆောင်ရွက်ကာ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း ဥက္ကဋ္ဌဆရာကြီး ဦးသန်းညွန့်က နာတာရှည်ရောဂါကုထုံးစာတမ်းကိုလည်းကောင်း၊ ဆရာ ဦးသောင်းလွင် (ကလျာ)က မဟာတေဇော စာတမ်းကိုလည်းကောင်း၊ တိုင်းရင်းဆေးတက္ကသိုလ်မှ ပါမောက္ခ ဦးမောင်မောင်သက်က တိုင်းရင်းဆေးပညာ သင်ရိုးညွှန်းတမ်း စာတမ်းကိုလည်းကောင်း ဖတ်ကြားဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာသူများက စာတမ်းများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ စာတမ်းရှင်များက ပြန်လည်ဖြေကြားကြသည်။ ထို့နောက် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရီရီမြင့်က ကျေးဇူးတင်စကားပြောကြားကာ မြန်မာ့တိုင်းရင်းဆေးပညာရှင်များ နှီးနှောဖလှယ်ပွဲကို ညနေပိုင်းတွင် အောင်မြင်စွာကျင်းပပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

## အရှိန်လွန်ယာဉ် လမ်းဘေးထိုးကျ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ခနောက်ဖြူမြို့နယ် ခနောက်ဖြူ-ရန်ကုန်ကားလမ်း မိုင်တိုင်အမှတ်(၂၂/၂-၃)ကြား၌ ဒီဇင်ဘာ ၂၉ ရက် နံနက် ၈ နာရီက ခနောက်ဖြူမြို့နယ် သဘောသပြုကျေးရွာနေ စောထူးဆေး(၂၃ နှစ်) မောင်းနှင်လာသော YGN 9E/---- လိုက်ထရပ်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်သို့ထိုးကျကာ သစ်ပင်နှင့် ဝင်ရောက်တိုက်မိခဲ့သည်။ ထိုသို့တိုက်မိမှုကြောင့် ယာဉ်မောင်း စောထူးဆေးနှင့် ယာဉ်ပေါ်၌ လိုက်ပါလာသော ခုနစ်ဦးတို့တွင် ဒဏ်ရာများရရှိခဲ့ပြီး ယာဉ်မောင်းအားခနောက်ဖြူမြို့မရဲစခန်းက အရေးယူထားသည်။ **ကိုရဲ**

# အာဆီယံအသိုက်အဝန်းထူထောင်မှုနှင့် ASCC

ဒေါက်တာ ဝိုင်းဝိုင်းအောင်
(ယဉ်ကျေးမှုဝန်ကြီးဌာန)

**၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ ပေါ်ပေါက်လာမည့် အာဆီယံသည် ပူးပေါင်းဆောင်ရွက်မှုထက် ပေါင်းစည်းမှုကို ပိုပြီးအလေးထား ဆောင်ရွက်မည့် အာဆီယံအသိုက်အဝန်းဖြစ်သည်။ ယခုအခါ အာဆီယံထိပ်သီးအစည်းအဝေးများကို ကျင်းပလာခဲ့သည်မှာ (၂၇)ကြိမ်ပင် ရှိပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံသည်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် ရပ်တည်ခဲ့သည်မှာ (၁၈)နှစ် ပြည့်ခဲ့ပေပြီ။**

နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဦးစားပေးသတ်မှတ်ထားသော ကဏ္ဍများတွင် လူမှုရေး-ယဉ်ကျေးမှုနှင့် ဆက်နွယ်သော ကိစ္စရပ်များသည် အများဆုံးဖြစ်ပြီး လူမှုဘဝအတွက်ဖြစ်စေ၊ နိုင်ငံအတွက်ဖြစ်စေ၊ ဒေသအတွင်း နိုင်ငံများအတွင်း၌ဖြစ်စေ အထူးအရေးပါ အရာရောက်သောကိစ္စရပ်များ ဖြစ်ပါသည်။

အာဆီယံအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုကို လွန်ခဲ့သောနှစ်ပေါင်း ၄၀ အတွင်း ဦးတည်ခဲ့ပြီး ၂၀၀၃ ခုနှစ်တွင်မူ အာဆီယံ၏ ပူးပေါင်းဆောင်ရွက်မှုတွင် အလှည့်အပြောင်းတစ်ခု ဖြစ်ပေါ်ခဲ့ပါသည်။ ယင်းအလှည့်အပြောင်းမှာ အာဆီယံသည် လူ့အဖွဲ့အသိုက်အဝန်းတစ်ခုအဖြစ် ပေါင်းစည်းရန်ဖြစ်ပါသည်။ ယင်းသို့ ပေါင်းစည်းမှုဖြစ်မြောက်ရန် ရည်မှန်းပြီး အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ကျင်းပခဲ့သည့် (၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးမှ အာဆီယံသဘောတူညီချက် -၂ ဆိုင်ရာ ကြေညာစာတမ်းကို ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ယင်းကြေညာချက်တွင် အာဆီယံအသိုက်အဝန်းကို အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးမဏ္ဍိုင် (ASEAN Political and Security Pillar)၊ အာဆီယံစီးပွားရေးမဏ္ဍိုင် (ASEAN Economic Pillar) နှင့် အာဆီယံ လူမှုရေး-ယဉ်ကျေးမှုမဏ္ဍိုင် (ASEAN Socio- Cultural Pillar) တို့ဖြင့် ထူထောင်ရန်မျှော်မှန်းခဲ့ပါသည်။

ထို့ပြင် အာဆီယံပဋိညာဉ်စာတမ်း (ASEAN Charter) ၏ အပိုဒ်(၁)ပါ ရည်ရွယ်ချက်များတွင် အပြန်အလှန် ကူညီထောက်ပံ့ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုအားဖြင့် အာဆီယံဒေသတွင်း ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်နည်းပါးစေရန်၊ အာဆီယံပြည်သူများ၏ လူနေမှုဘဝတိုးတက်မြင့်မားရေးကို မြှင့်တင်ရန်နှင့် တိုးတက်မှုကိုထိန်းထားနိုင်စေရန်၊ ပညာရေးဆိုင်ရာကဏ္ဍနှင့် ဘဝတစ်သက်တာ ပညာရေးလုပ်ငန်းများတွင် အနီးကပ် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ခြင်းဖြင့် လူသားအရင်းအမြစ်များ ပိုမိုတိုးတက်လာစေရန်၊ အာဆီယံပြည်သူများ၏ လူနေမှုဘဝ ကောင်းမွန်တိုးတက်ရေးအတွက် ညီညွတ်မှုနှင့်တူညီသော ဝိသေသလက္ခဏာရှိ ပြည်သူဗဟိုပြု၍ လူမှုရေးတာဝန်ယူသည့်အသိုက်အဝန်းကို ဆိုလိုသည်။

အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း မဏ္ဍိုင်အနေဖြင့် ပြည်သူများ၏ ချမ်းသာသုခရရှိရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် သက်သာချောင်ချိရေးဆိုင်ရာ သဟဇာတဖြစ်စေခြင်းကို ရှေးရှုသော စာနာထောက်ထား၍ မျှဝေခံစားနိုင်သည့် လူမှုအဖွဲ့အစည်းတစ်ရပ် တည်ဆောက်ရေးကို ပိုမိုအလေးထားသောမဏ္ဍိုင်ဖြစ်ပါသည်။ တူညီသည့် စရိုက်လက္ခဏာများကို တိုးတက်ဖြစ်ထွန်းစေခြင်းဖြင့် အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း၏ အဓိကပန်းတိုင်ဖြစ်သော အာဆီယံအသိုက်အဝန်းသည် အာဆီယံဒေသရှိ နိုင်ငံများနှင့်ပြည်သူများအကြား စည်းလုံးညီညွတ်မှုအခွန့်ရှည်တည်တံ့ခိုင်မြဲရေးကို ပိုမိုဖြစ်ထွန်းစေမည်ဖြစ်ပါသည်။

ပြည်သူလူထုအခြေပြုပြီး လူမှုရေးရာများ တာဝန်ယူနိုင်သည့် အသိုက်အဝန်းတစ်ရပ်အဖြစ် ဖော်ဆောင်ရာတွင်အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း (ASEAN Socio-Cultural Community ASCC) အနေဖြင့်အာဆီယံဒေသအတွင်း ရင်ဆိုင်နေရသော အကျပ်အတည်းများအား ခံနိုင်ရည်ရှိမှု၊ သဘောတူညီချက်များအပေါ် ထိန်းသိမ်းလိုက်နာမှု၊ စုပေါင်းတာဝန်ယူမှုများဖြင့် လူသားအရင်းအမြစ်နှင့်လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ၊ အခြေခံကျသောလွတ်လပ်ခွင့်များ၊ ကျားမတန်းတူအခွင့်အရေး၊ လူ့အခွင့်အရေးများ စောင့်ရှောက်ရေးစသည်တို့ကို မြှင့်တင်ပေး၍ လူမှုရေးဆိုင်ရာ တရားမျှတမှုရှိရေးတို့ကို အလေးထားကာ ဆောင်ရွက်လျက်ရှိပါသည်။

အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း အခြေပြုမြေပုံပါ သွင်ပြင်လက္ခဏာ (၆)ရပ်တွင် ပါဝင်သည့်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး(Human Resource Development)၊ လူမှုဘဝ ဖူလုံရေးနှင့် ကာကွယ်စောင့်ရှောက်ရေး (Social Welfare and Protection)၊ လူမှုရေးဆိုင်ရာ တရားမျှတမှုရှိရေးနှင့် လူမှုအခွင့်အရေး (Social Justice and Rights)၊ သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ခိုင်မြဲရေး (Ensuring Environment Sustainability)၊ အာဆီယံသွင်ပြင်လက္ခဏာ တည်ဆောက်ရေး (Building the ASEAN Identity) နှင့် ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်နည်းပါးစေရေး (Narrowing the Development Gap) တို့ ပါဝင်ကြပါသည်။ ထိုသွင်ပြင်လက္ခဏာများကို ဖော်ဆောင်ရန်အတွက် လုပ်ငန်းစဉ်ပေါင်း ၃၃၈ ခုပါဝင်သည်ဖြစ်ရာ(၂၀၀၉-၂၀၁၅) ခုနှစ်အတွင်း အာဆီယံဒေသအတွင်း ဖော်ဆောင်နိုင်မှုကိုကြည့်ပါက လူ့စွမ်းအားအရင်းအမြစ်နှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လူတိုင်းအတွက် မူလတန်းပညာမသင်မနေရ ပြုလုပ်ရန်နှင့် ပညာရေးတွင် ကျား/မ တန်းတူညီမျှစေရန်ဟူသော ဦးစားပေးမှုများနှင့်အတူ ၂၀၁၅ ခုနှစ်တွင် အာဆီယံဒေသတစ်ခုလုံး၌ မူလတန်းပညာကို လူတိုင်း သင်ယူနိုင်အောင် ဆောင်ရွက်နေခြင်း၊ အဆင့်မြင့်ပညာရေးကဏ္ဍတွင်လည်း သင်ကြားရေးဝန်ထမ်းများကို လေ့ကျင့်ရေးနှင့် ဖလှယ်ရေးအစီအစဉ်များကို အာဆီယံဒေသတွင်း အထူးသဖြင့် CLMV နိုင်ငံများနှင့်နည်းပညာ အကူအညီပေးရေး၊ သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြည်သူဗဟိုပြု၍ ခိုင်မာသော နည်းပညာကွန်ရက်များ ချိတ်ဆက် ပေါ်ထွက်လာရေးအတွက် မူဝါဒများနှင့် အစီအမံများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်နေပါသည်။

လူမှုဘဝဖူလုံရေးနှင့် ကာကွယ်စောင့်ရှောက်ရေးကဏ္ဍတွင်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား ဆင်းရဲမွဲတေမှုလျှော့ချရေးအစီအစဉ်အတွက် အစည်းအဝေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲ လူမှုအဖွဲ့အစည်းများမှ ထောက်ခံအားပေးဆောင်ရွက်မှုများဖြင့် ကုလသမဂ္ဂ၏ ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များအား ဦးတည်အလေးထားလျက် ဆောင်ရွက်နေခြင်း၊ အာဆီယံနိုင်ငံများရှိ အစားအစာ ဓာတ်ခွဲခန်းလုပ်ငန်းများနှင့် နည်းပညာအသစ်များဆိုင်ရာ တွေ့ရှိချက်များ၊ အတွေ့အကြုံများ ဖလှယ်နိုင်ရေးအတွက် ပိုမိုထိရောက်ဖြစ်ထွန်းစေရန် ဆောင်ရွက်ခြင်းလုပ်ငန်းများ ပါဝင်နေပေသည်။

လူမှုရေးဆိုင်ရာ တရားမျှတမှုရှိရေးနှင့် လူ့အခွင့်အရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း အမျိုးသမီးများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအတွက် အကျိုးစီးပွားများနှင့် အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်၍ တူညီသော အခွင့်အလမ်းများ ဖြည့်ဆည်းပေးပြီး ဘဝနေထိုင်မှုနှင့် လူနေမှုအဆင့်အတန်းမြှင့်တင်ဆောင်ရွက်ခြင်း၊ ရွှေ့ပြောင်းလုပ်သားများကို အကာအကွယ်ပေးရေးနှင့် အခွင့်အရေးများ တိုးတက်ရရှိအောင် ဆောင်ရွက်ပေးရေး စသည်တို့သည် အမျိုးသားအဆင့် ဆောင်ရွက်နေကြသော လုပ်ငန်းစဉ်များဆောင်ရွက်ရပါသည်။

သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲရေးကဏ္ဍတွင်လည်း အာဆီယံဒေသများအတွက် လေထုနှင့်ရေထုတို့ အရည်အသွေးတိုးတက်ကောင်းမွန်စေရေးသာမက မြေဆီလွှာ၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ စီမံခန့်ခွဲမှုပညာအပါအဝင် ဖွံ့ဖြိုးရေးလိုအပ်ချက်များအတွက် ပတ်ဝန်းကျင်နှင့်အညီ လိုက်ဖက်အောင် ပြင်ဆင်ခြင်း ရာသီဥတုပြောင်းလဲမှုနှင့် အိုဇုန်းလွှာ ကာကွယ်မှုအပါအဝင် ကမ္ဘာ့ပတ်ဝန်းကျင်၏ စိန်ခေါ်မှုများကိုရှေးရှု၍ ကမ္ဘာနှင့် ကြိုးပမ်းမှုများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ရန် စသောလုပ်ငန်းစဉ်များ ပါဝင်ပါသည်။

> ‘အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း မဏ္ဍိုင်အနေဖြင့် ပြည်သူများ၏ ချမ်းသာသုခရရှိရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် သက်သာချောင်ချိရေးဆိုင်ရာ သဟဇာတဖြစ်စေခြင်းကို ရှေးရှုသော စာနာထောက်ထား၍ မျှဝေခံစားနိုင်သည့် လူမှုအဖွဲ့အစည်းတစ်ရပ် တည်ဆောက်ရေးကို ပိုမိုအလေးထားသော မဏ္ဍိုင်ဖြစ်ပါသည်။’

အာဆီယံသွင်ပြင်လက္ခဏာ တည်ဆောက်ရေးတွင်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံအသီးသီး၏ ယဉ်ကျေးမှု၊ သမိုင်း၊ ယုံကြည်ကိုးကွယ်မှုနှင့် ယဉ်ကျေးသော လူ့အဖွဲ့အစည်းများအား အပြန်အလှန် ပိုမိုနက်နဲစွာ သိရှိနားလည်စေရန်နှင့် ကွဲပြားမှုများကို တစုတစည်းတည်း ပေါင်းစည်းညီညွတ်ရေးစိတ်ဓာတ်များ တည်ဆောက်နိုင်ရန် ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိများ အစည်းအဝေး၊ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ အဆင့်မြင့်အရာရှိများ အစည်းအဝေးနှင့် အာဆီယံ ယဉ်ကျေးမှုနှင့် ပြန်ကြားရေးဆိုင်ရာ ကော်မတီတို့၏ အခန်းကဏ္ဍများကို တိုးမြှင့်ပေးရေးအတွက် ဆောင်ရွက်ခြင်းများပါဝင်ပေသည်။ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်နည်းပါးစေရေးတွင်လည်း အာဆီယံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှု (Initiative for ASEAN Integration) IAI ၏လူမှုရေးသက်ရောက်မှုများကို အကဲဖြတ် လေ့လာချက်များဆောင်ရွက်ရန်နှင့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံစီနှင့် အာဆီယံမိတ်ဖက်နိုင်ငံများတွင်ဆက်စပ်မှုရှိသော ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းများကို ပါဝင်ဆောင်ရွက်နိုင်ရေး အားပေးသွားရန် စသည်တို့ပါဝင်သော လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နေပါသည်။

ယဉ်ကျေးမှုဝန်ကြီးဌာနသည် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ၊ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီနှင့် ယင်းအောက်တွင်ဆောင်ရွက်ရသော အာဆီယံယဉ်ကျေးမှုဆပ်ကော်မတီတို့ကို တာဝန်ယူဆောင်ရွက်နေရသော Focal ဝန်ကြီးဌာနဖြစ်ပါသည်။

အာဆီယံလူမှုရေးယဉ်ကျေးမှုမဏ္ဍိုင် (ASEAN Socio-Cultural Pillar)အနေဖြင့် အခြေပြုမြေပုံ၏သွင်ပြင်လက္ခဏာ ခြောက်ရပ်၏ လုပ်ငန်းစဉ်များကို ဦးစားပေးနယ်ပယ်အလိုက် သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးက အမျိုးသားရေးလုပ်ငန်းစဉ်ပါအတိုင်း နည်းဗျူဟာချမှတ် ဆောင်ရွက်လျက်ရှိသည်။

အာဆီယံအသိုက်အဝန်းထူထောင်ရေးအတွက် ပံ့ပိုးမည့် နှစ်အလိုက် သတ်မှတ်ခဲ့သော ဦးစားပေးနယ်ပယ်များမှာ -

- ၂၀၀၉ ခုနှစ်တွင် အစားအစာနှင့်စွမ်းအင်ဆိုင်ရာလုံခြုံရေး (Food and Energy Security)၊ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအကျပ်အတည်း (Global Economic Crisis)၊ ရာသီဥတုပြောင်းလဲမှု (Climate Change)၊သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး(Disaster Management)
- ၂၀၁၀ပြည့်နှစ်တွင် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုနှင့်အတူ မြင့်တင်နိုင်ရေး(Coping with Global Challenges)၊ စီးပွားရေး ပြန်လည်ထူထောင်နိုင်ရန် လူသားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေး (Human Resources Development for Economic Recovery)၊ လူမှုဘဝဖူလုံရေးမြှင့်တင်ရန်နှင့် အာဆီယံဒေသအတွင်းရှိ အမျိုးသမီးများနှင့် ကလေးသူငယ်များဖွံ့ဖြိုးတိုးတက်ရေး (Enhancement of Social Welfare and Development of ASEAN Women and Children) ယဉ်ကျေးမှုဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်ချက်များ မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် အာဆီယံဒေသအတွင်း နိုးကြားတက်ကြွပြီး အာဆီယံအသိုက်အဝန်းတစ်ခု တည်ထောင်ရေး (Enhancement of Cultural Cooperation towards creating ASEAN Awareness and including an ASEAN Community)
- ၂၀၁၁ ခုနှစ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပြဿနာများ (Environmental Issues)၊ ပညာရေးကဏ္ဍအလိုက် တိုးတက်ရေးနှင့် ဦးစားပေးရေး (Advancing and Prioritizing Education)၊ ကူးစက်နိုင်သော ရောဂါများထိန်းချုပ်နိုင်ရေး (Capability to Control Communicable Disease)၊မသန်စွမ်းသူများ ပါဝင်ဆောင်ရွက်မှုတိုးမြှင့်နိုင်ရေး (Enhancement of the Participation of Person Disabilities)၊ အာဆီယံအသိုက်အဝန်းထူထောင်ရေးသို့ ဦးတည်သည့် မျှတသော အာဆီယံယဉ်ကျေးမှုဆိုင်ရာ စရိုက်လက္ခဏာကြေညာချက် (ASEAN Declaration On Shared ASEAN Cultural Identity Towards Strengthening ASEAN Community)
- ၂၀၁၂ ခုနှစ်တွင် ယဉ်ကျေးမှုဆိုင်ရာ (Culture)၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ (Climate Change)၊ ပညာရေးဆိုင်ရာ (Education)၊ သဘာဝဘေးဆိုင်ရာစီမံခန့်ခွဲမှု (Disaster Management)
- ၂၀၁၃ ခုနှစ်တွင် ယဉ်ကျေးမှုဆိုင်ရာ(Culture)၊ ပညာရေးဆိုင်ရာ (Education)၊ အားကစားဆိုင်ရာ (Sports)၊လူငယ် (Youth)
- ၂၀၁၄ ခုနှစ်တွင် သဘာဝဘေးအန္တရာယ် ဆိုးကျိုးများလျှော့ချရေး စီမံခန့်ခွဲမှုနှင့်ပတ်သက်ပြီး ကဏ္ဍပေါင်းစုံ တုံ့ပြန်ဆောင်ရွက်ရေး (Multi Sectoral Responses to Disaster Management and Disaster Risk Reduction)၊ အာဆီယံ ရာသီဥတုပြောင်းလဲရေးဆိုင်ရာ ပူးတွဲကြေညာချက် (ASEAN Joint Statement on Climate Change)၊ ရွှေ့ပြောင်းအလုပ်သမားများ၏ ရပိုင်ခွင့်တိုးတက်အောင် ဆောင်ရွက်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာပြဋ္ဌာန်းမှု (ASEAN Instrument on the Protection and Promotion of the Rights of Migrants workers)၊ အာဆီယံဆိုင်ရာ လေ့လာသင်ယူမှုအရင်းအမြစ်ဗဟိုဌာနထူထောင်ရေး (ASEAN Virtual Resources Learning Center -AVRLC)
- ၂၀၁၅ ခုနှစ်တွင် အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာ သက်ဆိုင်ရာကဏ္ဍအသီးသီးကို အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဒေသဆိုင်ရာမူဝါဒများ၊ အစီအစဉ်များ၊ စီမံကိန်းများအောက်တွင် ဖော်ဆောင်ရန်ရှိခြင်း၊ ၂၀၁၅ အလွန် မျှော်မှန်းချက်နှင့် တစ်ဆက်တစ်စပ်တည်းဆောင်ရွက်ရန် အထောက်အထားများ၊ ၂၀၁၅ အာဆီယံထိပ်သီးအစည်းအဝေးတွင် အတည်ပြုရန် ကြေညာချက်များ၊ ပူးတွဲကြေညာချက်များ ထုတ်ပြန်နိုင်ရေး
- အာဆီယံအသိုက်အဝန်း ပီပြင်စွာဖြစ်ပေါ်လာစေရန် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်လျှော့ချရေးနှင့် အာဆီယံပေါင်းစည်းဆက်သွယ်ရေး (ASEAN Integration) တို့ကိုအာဆီယံ၏ ဆောင်ပုဒ်ဖြစ်သော **တစ်ခုတည်းသောအမြင်တစ်ခု တည်းသော သွင်ပြင်လက္ခဏာ၊ တစ်ခုတည်းသော အသိုက်အဝန်း**ဖြင့် ဆက် လက်ဆောင်ရွက်သွားရမည်ဖြစ်သည်။

*စာမျက်နှာ ၉ သို့*

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# အထူးကုန်စည်ခွန်ဥပဒေကြမ်း လွှတ်တော်ကအတည်ပြုကြောင်း ဆုံးဖြတ်



**နေပြည်တော် ဒီဇင်ဘာ ၃၀**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင်ကျင်းပပြီး ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်းနှင့် ဥပဒေကြမ်းသုံးခုနှင့်စပ်လျဉ်းသည့် အစီရင်ခံစာ သုံးခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။ **(ဓာတ်ပုံ)**

ရှေးဦးစွာ **ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှပေးပို့သော အထူးကုန်စည်ခွန်ဥပဒေကြမ်း**ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ တစ်ပိုဒ်ချင်းစီအလိုက်အတည်ပြုသည်။

ယင်းနောက် အဆိုပါဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုပေးနိုင်ရန် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က အဆိုတင်သွင်းရာ လွှတ်တော်ကအတည်ပြုကြောင်း ဆုံးဖြတ်သည်။

ထို့နောက် **၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း၊ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေကြမ်း**နှင့် **ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေကြမ်းများ**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာများကို ပူးပေါင်းကော်မတီ၏ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များက လွှတ်တော်သို့ ဖတ်ကြားတင်သွင်းကြပြီး လွှတ်တော်နာယကက ယင်းဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ရေးမြို့နယ် အံဒင်ကျေးရွာအနီး တည်ဆောက်မည့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်း ဒေသခံများ၏သဘောတူညီမှုမရှိသေးမီကာလအတွင်း စူးစမ်းလေ့လာမှုလုပ်ငန်းများမပြုဘဲ ခေတ္တဆိုင်းငံ့ထား

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ မေးခွန်း ငါးခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်းလေးခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ဖားဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင် (ကိုယ်စား) မယ်စဲ့ မဲဆန္ဒနယ်မှ ဦးကျော်ဝင်းခိုင် မေးမြန်းသည့် **မယ်စဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် အနီးကပ်ဆုံးတွင်တည်ရှိသည့် ဖားဆောင်းမြို့နယ်အတွင်း၌ ကုန်သွယ်ရေးဇုန် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက ဖားဆောင်းမြို့နယ်အတွင်း ကုန်သွယ်ရေးဇုန် တည်ဆောက်ပေးရေးမှာ မယ်စဲ့မြို့နယ်နှင့်ဆက်စပ်သည့် ထိုင်းနိုင်ငံဘက်ခြမ်းရှိ ဟွေ့တနွန်မြို့အနေဖြင့် ကုန်းတွင်းပိတ်ဖြစ်နေပြီး ဒေသတွင်းနေပြည်သူများအတွက်သာ တစ်ပိုင်တစ်နိုင် ကုန်သွယ်မှုဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း။

မယ်စဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းကို ဒေသခံပြည်သူများ ကုန်သွယ်မှုပြုလုပ်နိုင်ရန် ၂၀၁၅ ခုနှစ် မေလအတွင်း ဖွင့်လှစ်ပေးခဲ့သော်လည်း ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်မှုမရှိခြင်း၊ ဒေသတွင်းကုန်သွယ်ထုတ်လုပ်မှုနှင့် ထုတ်ကုန်နည်းပါးခြင်း၊ ဈေးကွက်မရှိခြင်း၊ နှစ်နိုင်ငံကုန်သွယ်မှုပမာဏနည်းပါးခြင်းနှင့် သယ်ယူပို့ဆောင်မှုဆိုင်ရာ အခက်အခဲများအရ ဖားဆောင်းမြို့နယ်အတွင်း၌ ကုန်သွယ်ရေးဇုန် တည်ဆောက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း၏ **ရေးမြို့နယ် မဟာဓာတ်အားလိုင်းလျှပ်စစ်မီးကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်း ဥပဒေတွင် ပါရှိသည့်**



ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ဖြေကြားစဉ်။

**အတိုင်းဆောင်ရွက်ထားခြင်း ရှိ၊ မရှိနှင့် အံဒင်ကျောက်မီးသွေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းကိစ္စများအား ဆက်လက်ဆောင်ရွက်ရန် အခြေအနေ ရှိ၊ မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ရေးမြို့နှင့် ထားဝယ်မြို့များသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန်အတွက် ၂၃၀ ကေဗွီ မော်လမြိုင်-ရေး-ထားဝယ် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

အဆိုပါ ဓာတ်အားလိုင်း၏ EIA, SIA လုပ်ငန်းများ ဆောင်ရွက်ရန် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေပါဝင်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် လျှပ်စစ်စီမံကိန်းများ ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝကို ထိခိုက်မှုအနည်းဆုံးဖြစ်စေရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးတည်၍ ဆောင်ရွက်လျက်ရှိပါကြောင်း။



ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း မေးမြန်းစဉ်။

မွန်ပြည်နယ် ရေးမြို့နယ် အံဒင်ကျေးရွာအနီး အကောင်အထည်ဖော် တည်ဆောက်မည့် ၁၂၈၀ မဂ္ဂါဝပ်ရှိသော ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်း အကောင်အထည်ဖော်ရန် ကိစ္စကို ဒေသခံပြည်သူများမှ စီမံကိန်းအပေါ် လက်ခံသဘောတူညီမှု ရရှိရေးအတွက် ရှင်းလင်းဆွေးနွေးချပြသွားရန် ညွှန်ကြားထားပါကြောင်းနှင့် ဒေသခံများ၏ သဘောတူညီမှုမရှိသေးမီကာလအတွင်း EIA, SIA လုပ်ငန်းများအပါအဝင် အခြားသော စူးစမ်းလေ့လာမှုလုပ်ငန်းများ ဆောင်ရွက်ခြင်းမပြုဘဲ ခေတ္တဆိုင်းငံ့ထားပါကြောင်း ဖြေကြားသည်။

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ပေးပို့သော **လျှပ်စစ်နည်းဥပဒေများနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား** လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုသည်။

ယင်းနောက် **အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့သော ၁၉၅၁ ခုနှစ် အလုပ်ရုံများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ၂၀၁၅ ခုနှစ် ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေကြမ်းနှင့် အခကြေးငွေပေးရေးဥပဒေကြမ်း**တို့ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# အမျိုးသားလွှတ်တော်အစည်းအဝေး၌ အစီရင်ခံစာတစ်ခုအတည်ပြုခြင်းနှင့် အစီရင်ခံစာငါးခု တင်သွင်းခြင်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ သဝဏ်လွှာတစ်ခု မှတ်တမ်းတင်ခြင်း၊ အစီရင်ခံစာတစ်ခု အတည်ပြုခြင်းနှင့် အစီရင်ခံစာငါးခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် **ကူဝိတ်နိုင်ငံ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ပေးပို့သော ကချင်ပြည်နယ်၌ ဖြစ်ပွားခဲ့သည့် စွန့်ပစ်မြေစာပုံပြိုကျမှုကြောင့် ထိခိုက်သေဆုံးမှုများအတွက် ဝမ်းနည်းကြောင်း သဝဏ်လွှာ**ကို လွှတ်တော်က မှတ်တမ်းတင်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း၊ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် **တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**တို့ကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ကော်မတီဝင်များက လွှတ်တော်သို့ ဖတ်ကြားတင်သွင်းကြပြီး အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် **အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ ပထမအကြိမ်အမျိုးသားလွှတ်တော်**



ချင်းပြည်နယ်
မဲဆန္ဒနယ်အမှတ်(၉)မှ
ဦးပေါ်လျှံလွင်။

**လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ လုပ်ငန်းဆောင်ရွက်မှု အခြေအနေတင်ပြချက် အစီရင်ခံစာ**နှင့်စပ်လျဉ်း၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်က ဆွေးနွေးပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

ဆက်လက်၍ **အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ၏ ပထမအကြိမ်အမျိုးသားလွှတ်တော် သက်တမ်းကာလများအတွင်း လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ**နှင့် **အမျိုးသားလွှတ်တော် အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာကော်မတီ၏ ပထမပုံမှန်အစည်းအဝေးမှ (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ**တို့ကို ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်တို့က လွှတ်တော်သို့ ဖတ်ကြားတင်သွင်းကြရာ လွှတ်တော်ဥက္ကဋ္ဌက ယင်းအစီရင်ခံစာများနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

# မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် ပထဝီအနေအထားပေါ်မူတည်ပြီး ပြည်သူ့စစ်မဟာဗျူဟာကို နိုင်ငံတော်ကာကွယ်ရေးမူဝါဒအဖြစ်သတ်မှတ်ထား



**နေပြည်တော် ဒီဇင်ဘာ ၃၀**

မိမိနိုင်ငံသမိုင်းတွင် မြန်မာအမျိုးသမီးများသည် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားပြီး မျိုးချစ်စိတ်ဓာတ်နှင့်အတူ စစ်သွေးစစ်မာန်များ အစဉ်ထက်မြက်ခဲ့သည်ကို ဂုဏ်ယူဖွယ်ရာ တွေ့ရှိရမည်ဖြစ်ကြောင်း၊ မိမိတို့တိုင်းရင်းသားများသည် ယောကျ်ား/မိန်းမ မခွဲခြားဘဲ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန်များ အစဉ်ကိန်းအောင်းလျက်ရှိကြောင်း၊ ၁၉၅၄ ခုနှစ်တွင် နိုင်ငံတော်ကာကွယ်ရေးအတွက် အမျိုးသမီးစစ်ဝန်ထမ်းတပ်ဖွဲ့များကို ဖွဲ့စည်းခဲ့ရာ ထူးချွန်ပြောင်မြောက်သည့် အမျိုးသမီး စစ်မှုထမ်းများစွာလည်း ပေါ်ပေါက်ခဲ့ပြီး တပ်မတော် (ကြည်း၊ရေ၊လေ)တွင် အဆင့်၊ ရာထူးအမျိုးမျိုးနှင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့ကြကြောင်း၊ ယခုသင်တန်းဆင်းများအနေဖြင့်လည်း ပေးအပ်လာမည့် တာဝန်များကို ကျေပွန်အောင် ကြိုးပမ်းထမ်းဆောင်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်က ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) စစ်ရေးပြကွင်း၌ ကျင်းပသော ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် ထည့်သွင်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယ ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော် အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ကျောင်းအုပ်ကြီးနှင့် ရန်ကုန်တပ်နယ်မှ အရာရှိကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး ဗိုလ်လောင်းတပ်ခွဲများကို စစ်ဆေးသည်။ **(အပေါ်ပုံ)**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဗိုလ်လောင်းတပ်ခွဲများက အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၂) မှ အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်း သိမ့်သိမ့်နွယ်စိုးအား ဆုပေးအပ်ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်း ဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားရာတွင် ကမ္ဘာ့နိုင်ငံများ၏ တပ်မတော်အများစုတွင် အမျိုးသမီးများကို စစ်မှုထမ်းဆောင်ခွင့်ပေးထားပြီး စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုသည့် အုပ်ချုပ်မှု တာဝန်များအပြင် စစ်မြေပြင်အထိ တိုက်ခိုက်ရေး တာဝန်ကိုပါ ထမ်းဆောင်စေလျက်ရှိကြောင်း၊ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများတွင် အမျိုးသမီးလေသူရဲများအဖြစ် တာဝန်ထမ်းဆောင်နေကြကြောင်း၊ သင်တန်းတွင် စစ်ပညာ၊ အုပ်ချုပ်မှုပညာများ၊ စစ်ဘက်ဥပဒေ၊ ခေါင်းဆောင်မှုနှင့် နိုင်ငံတကာ ဆက်ဆံရေးအစရှိသည့် စစ်အတတ်ပညာများကို သင်ကြားလေ့ကျင့်ပေးခဲ့ပြီးဖြစ်၍ မကြာမီ လက်ရုံးတပ်ဖွဲ့အသီးသီးတွင် တပ်မတော်၏ အဓိကကျသည့် အုပ်ချုပ်မှုဆိုင်ရာတာဝန်များကို လက်တွေ့ကျကျ စတင်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း။

မိမိနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပထဝီအနေအထားပေါ်မူတည်ပြီး "ပြည်သူ့စစ် မဟာဗျူဟာ"ကို နိုင်ငံတော်ကာကွယ်ရေးမူဝါဒအဖြစ် သတ်မှတ်ထားကြောင်း၊ ပြည်သူ့စစ်မဟာဗျူဟာဆိုသည်မှာ ပြည်သူကို ဗဟိုပြုထားခြင်းဖြစ်၍ တပ်မတော်နှင့် ပြည်သူတစ်သားတည်းရှိရန် လိုအပ်ကြောင်း၊ ထို့ကြောင့် အုပ်ချုပ်မှုစွမ်းရည် ဦးစွာထက်မြက်လာသည်နှင့် စစ်ရေးစွမ်းရည်နှင့် စည်းရုံးရေးစွမ်းရည်လည်း အလိုအလျောက် မြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း၊ အခြေခံအကျဆုံးနှင့်အဓိက လုပ်ငန်းတာဝန်ကြီးဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို အသက်ပေးထမ်းဆောင်နေရသည့် တပ်မတော်အနေဖြင့် ပိုမိုကျစ်လျစ်ခိုင်မာနေရန် လိုအပ်ကြောင်း၊ "ဘယ်သူခွဲခွဲ တို့မကွဲ၊ အမြဲစည်းလုံးမည်" ဆိုသည့် တပ်မတော်၏ဆောင်ပုဒ်နှင့်အညီ တပ်တွင်း စည်းလုံးညီညွတ်ရေးကို ပိုမိုကျစ်လျစ်ခိုင်မာအောင် တည်ဆောက်ကြရမည်ဖြစ်ပြီး တစ်ဆက်တည်းတွင် တပ်ပြင်စည်းရုံးရေးကို ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များ ထမ်းဆောင်မှုနှင့်ပတ်သက်ပြီး နိုင်ငံတော်တွင် သဘာဝဘေးအန္တရာယ်များ ကျရောက်သည့်အချိန်တိုင်း တပ်မတော်သည် ရှေ့ဆုံးက သွားရောက်ကူညီခဲ့ကြောင်း၊ ထို့ပြင် သွားလာမှုခက်ခဲသည့်နေရာများအထိ သွားရောက်ပြီး ဆေးဝါးကုသပေးမှုများအပါအဝင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးခြင်းဖြင့် မွန်မြတ်သော ပြည်သူ့အကျိုးပြု လုပ်ငန်းများကို ထမ်းရွက်နေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၂၀)တွင် "တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်"ဟု အတိအလင်း ဖော်ပြထားပြီးဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရမည်ဖြစ်သကဲ့သို့ ပြဋ္ဌာန်းချက်များကိုလည်း လေးစားလိုက်နာရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မည်သို့ပြည့်စုံကောင်းမွန်စေကာမူ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်မည့် ခေတ်မီတပ်မတော်တစ်ရပ်မရှိခဲ့လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာလည်း အရှည်သဖြင့် မတည်တံ့နိုင်သည်ကို သိရှိထားရန်လိုအပ်ကြောင်း။

မိမိတို့နိုင်ငံသည် လူဦးရေများပြားသည့် နိုင်ငံများကြားတွင် တည်ရှိပြီး ပထဝီနိုင်ငံရေးအရ မဟာဗျူဟာမြောက် တည်နေရာကို ပိုင်ဆိုင်ထားသည့်အတွက် သမားရိုးကျမဟုတ်သော ခြိမ်းခြောက်မှုများဖြစ်သည့် လူဦးရေစိမ့်ဝင် ထိုးဖောက်လာမှု၊ လူဦးရေမညီမျှမှု ပြဿနာများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်လိုကြောင်း၊ တိုင်းရင်းသားအားလုံးသည် မိမိတို့၏ တိုင်းရင်းသားအဖြစ်တည်ရှိမှု၊ ပိုင်နက်နယ်မြေ တည်တံ့ခိုင်မြဲမှုများကို ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ် စိတ်ဓာတ်တို့ဖြင့် ထိန်းသိမ်းသွားရန်လိုအပ်ကြောင်း၊ တိုင်းရင်းသားများ၏ ဘဝလုံခြုံရေး၊ ရှင်သန်ရပ်တည်ရေးများအတွက်လည်း အာမခံချက်ရှိသည့် ဥပဒေများနှင့် အရှည်မျှော်တွေးပြီး ကာကွယ်စောင့်ရှောက်သွားရန် လိုအပ်ကြောင်း၊ ပထဝီနိုင်ငံရေးအရ အရေးပါမှုကို လွှမ်းမိုးအသုံးချခြင်းမခံရအောင် သတိကြီးစွာထားရန်လည်း လိုအပ်ကြောင်း၊ ရရှိခဲ့ပြီးဖြစ်သည့် သင်ခန်းစာများအပေါ် မူတည်ပြီး တပ်မတော်ကို စွမ်းရည်ပြည့်ဝသော တပ်မတော်ဖြစ်အောင် ဖွဲ့စည်းတည်ဆောက်သွားရမည်ဖြစ်ကြောင်း။

**တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရမည်ဖြစ်သကဲ့သို့ ပြဋ္ဌာန်းချက်များကိုလည်း လေးစားလိုက်နာရမည်ဖြစ်။**

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မည်သို့ပြည့်စုံ ကောင်းမွန်စေကာမူ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်မည့် ခေတ်မီတပ်မတော်တစ်ရပ်မရှိခဲ့လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာလည်း အရှည်သဖြင့် မတည်တံ့နိုင်။**

စည်းကမ်းကောင်းခြင်း၊ အမိန့်နာခံမှုကောင်းခြင်းသည် တပ်၏စွမ်းရည်ကို များစွာ အထောက်အကူပြုကြောင်း၊ တပ်မတော်အစဉ်အလာတွင် စည်းကမ်းကောင်းမွန်ခြင်းသည် ထိပ်ဆုံးကနေပါရှိပြီး ဆက်လက်ထိန်းသိမ်းခြင်းဖြင့် ဂုဏ်ယူကြရမည်ဖြစ်ကြောင်း၊ ဥပဒေနှင့်ပတ်သက်၍ အမိန့်ညွှန်ကြားချက်၊ စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများကို လေးလေးစားစား လိုက်နာကြရန် မှာကြားလိုကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် ငြိမ်းချမ်းရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ ငြိမ်းချမ်းမှုမရှိသည့်ဒေသတွင် ဖွံ့ဖြိုးတိုးတက်မှုသည် အလှမ်းဝေးနေမည် ဖြစ်သကဲ့သို့ ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး စသည်များလည်း နိမ့်ကျနေမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားပေါင်းစုံနှင့်စုစည်းထားသည့် တပ်မတော်အနေဖြင့် လူမျိုးရေးခွဲခြားမှုလုံးဝမရှိဘဲ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့်တိုင်းရင်းသားများ၏ လူမှုအကျိုးစီးပွားတိုးတက်မှုကိုသာ အဓိကလိုလားကြောင်း၊ သို့ဖြစ်၍ တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေး ရရှိရန် မူဝါဒ(၆)ရပ်ချမှတ်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံနှင့် ငြိမ်းချမ်းရေးဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရ၊ ပြည်သူတို့နှင့်အတူ အားသွန်ခွန်စိုက်ကြိုးပမ်းနေကြောင်း၊ တပ်မတော်၏ ချမှတ်ထားသည့် ငြိမ်းချမ်းရေးမူဝါဒများသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုနေကြောင်း၊ ယခုဆိုလျှင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ကို လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်၍ ယင်းဒေသက ပြည်သူများသည်လည်း ဒေသတွင်းဖွံ့ဖြိုးမှုနှင့် လူမှုစီးပွားဘဝမြင့်မားလာခြင်းဆိုသည့် ငြိမ်းချမ်းရေး၏ အနှစ်သာရကို စတင်ခံစားနေကြရပြီဖြစ်ကြောင်း၊ နိုင်ငံတော်၏ အနာဂတ်ဆိုသည်မှာ တိုင်းရင်းသားညီအစ်ကိုအားလုံးတွင် တာဝန်ရှိကြောင်း၊ တိုင်းရင်းသား တစ်ဦးတစ်ယောက်ဆုံးရှုံးခြင်းသည် နိုင်ငံတော်အတွက်လူသားအရင်းအမြစ်တစ်ခု ဆုံးရှုံးခြင်းပင်ဖြစ်ကြောင်း၊ လက်မှတ်ရေးထိုးရန် ကျန်ရှိသည့် လက်နက်ကိုင် အဖွဲ့များအတွက်လည်း တပ်မတော်အနေဖြင့် အမြဲတမ်းတံခါးဖွင့်ပေးထားပြီး ကြိုဆိုလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးကို ငြိစွန်းစေသောအပြုအမူ အပြောအဆိုများကို အထူးဂရုပြု ရှောင်ရှားကြရန်မှာကြားလိုကြောင်း။

အမျိုးသမီး စစ်မှုထမ်းအရာရှိများအဖြစ် တာဝန်ထမ်းဆောင်ကြမည့်သူများအနေဖြင့် တပ်မတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုတွင် အထောက်အကူပေးနိုင်အောင် ကြိုးစားဆောင်ရွက်သွားကြရန်၊ သမိုင်းကြောင်းနှင့် ယှဉ်လျက်ရှိသော မြန်မာ့တပ်မတော်၏ မွန်မြတ်သည့် အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ခေါင်းဆောင်မှု အင်္ဂါရပ် ၁၆ ချက်နှင့်အညီ ကျင့်ကြံနေထိုင်ပြီး တပ်မတော်၏ဂုဏ်ကို ဆောင်နိုင်သော အရာရှိများဖြစ်အောင် ကြိုးစားသွားကြရန်၊ ဒို့တာဝန်အရေးသုံးပါးကို အစဉ်ကာကွယ် ထိန်းသိမ်းပြီး နိုင်ငံတော်နှင့် တပ်မတော်အတွက် အားကိုးထိုက်သည့် ခေါင်းဆောင်များဖြစ်လာအောင် အစဉ်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ငင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်း တပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ)ရိပ်သာဧည့်ခန်းမ၌ အကောင်းဆုံး ဗိုလ်လောင်းဆုရ ဗိုလ်လောင်း သိမ့်သိမ့်နွယ်စိုး၊ သေနတ်ပစ် အကောင်းဆုံးဆုရ ဗိုလ်လောင်း သွယ်သွယ်အောင်တို့အား မိဘများနှင့်အတူ တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။ **(မြဝတီ)**

# ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၀

**တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂)သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။**

အဆိုပါ သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ကျောင်းဆင်းအရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျောင်းဆင်းအရာရှိများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ (ယာပုံ)

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းဆင်းအရာရှိများ၊ မိဘဆွေမျိုးများနှင့်အတူ ညစာသုံးဆောင်ကြသည်။ ညစာသုံးဆောင်နေစဉ် မြဝတီတေးဂီတအဖွဲ့နှင့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) စစ်တီးဝိုင်းအဖွဲ့တို့က တေးသီချင်းများဖြင့် ဖျော်ဖြေကြပြီး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်သည်။

ဂုဏ်ပြုညစာစားပွဲ အပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များ၊ ကျောင်းဆင်းအရာရှိများနှင့် မိဘဆွေမျိုးများသည် ဘွဲ့နှင်းသဘင် ခန်းမဆောင်၌ မြဝတီတေးဂီတအဖွဲ့နှင့် အငြိမ့်အဖွဲ့တို့၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



# စားနပ်ရိက္ခာဖူလုံရေး၊ ကျေးလက်ဒေသ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး သားငါးကဏ္ဍ ဖူလုံပြည့်ဝရေးရည်မှန်း၍ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဒေါက်တာမြင့်အောင်၊ ဦးအုန်းမြင့်နှင့် တာဝန်ရှိသူများသည် ယနေ့ညနေ ၃ နာရီက မန္တလေးတိုင်းဒေသကြီး နတ်ရေကန် ငါးလုပ်ငန်းစခန်း(၃) သို့ရောက်ရှိရာ စခန်းရှိရှင်းလင်းဆောင်၌ စခန်းတာဝန်ခံ ဦးမျိုးမင်းလှိုင်က စခန်းအတွင်း ငါးကန်များ ပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေ၊ ငါးမျိုးများမွေးမြူထားရှိမှု အခြေအနေ၊ ငါးကန်သုံးရေ ဒလက်မော်တာများအတွက် လျှပ်စစ်မီးသွယ်တန်းထားရှိမှုအခြေအနေ၊ ငါးကန်များအတွက် ရေသွင်း/ရေထုတ်မြောင်းများဖောက်လုပ်ထားရှိမှုအခြေအနေနှင့် ဗီယက်နမ်မျိုး အသားတိုးငါးတန် မွေးမြူထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အထက်မြန်မာပြည်အတွင်း စနစ်တကျ ငါးမွေးမြူဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေ၊ Private Public Partnership အရ ပြည်သူဗဟိုပြု ငါးမွေးမြူရေးလုပ်ငန်းများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ပူးပေါင်း ဆောင်ရွက်ထားရှိမှုအခြေအနေ၊ အထက်မြန်မာပြည်အတွင်း ငါးကုန်ထုတ်လုပ်ငန်းအတွက် Whole Sale Market နှင့် အစားအစာဖူလုံရေး၊ ဘေးအန္တရာယ်ကင်းရှင်းသော အစားအစာထုတ်မှုအတွက် Food Center ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စားနပ်ရိက္ခာဖူလုံပြည့်ဝရေး၊ ဘေးအန္တရာယ်ကင်းရှင်းသော အစားအစာများ ထုတ်လုပ်နိုင်ရေး၊ ကျေးလက်ဒေသ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သားငါးကဏ္ဍ ဖူလုံပြည့်ဝရေးနှင့် အနာဂတ်နိုင်ငံတော်အတွက် ရေရှည်မျှော်မှန်း၍ ဆောင်ရွက်လျက်ရှိကြောင်း၊ စခန်းအတွင်းရှိ ကန်ဧရိယာအပြည့် ငါးမွေးမြူခြင်းဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်း ငါးစားသုံးမှုဖူလုံ ပိုလျှံလာပြီး ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည် ဖြစ်သောကြောင့် နိုင်ငံခြားဝင်ငွေကိုပါ တိုးတက်ရရှိစေမည် ဖြစ်ပါကြောင်း။

လူနေမှုစနစ် ပြောင်းလဲတိုးတက်လာခြင်း၊ နိုင်ငံခြားသားခရီးသွားဧည့်သည်များ ဝင်ရောက်မှု များပြားလာခြင်းတို့ကြောင့် သားငါးစားသုံးမှုများလည်း များပြားလာသည့်အတွက် ပြောင်းလဲတိုးတက်လာသော ခေတ်နှင့်အညီ ခေတ်မီငါးမွေးမြူရေး နည်းစနစ်များအား တိုးချဲ့ဆောင်ရွက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိ မွေးမြူနိုင်ရေးအတွက် နည်းပညာများဖြန့်ဖြူးသွားကြရမည်ဖြစ်ကြောင်း၊ ငါးလုပ်ငန်းများ တိုးချဲ့မွေးမြူခြင်းဖြင့် ငါးထွက် စွန့်ပစ်ပစ္စည်းများကိုလည်း တိရစ္ဆာန်အစားအစာများအဖြစ် ပြုပြင်ပြောင်းလဲအသုံးပြုနိုင်ကြောင်း ပြောကြားသည်။

ထို့နောက် စခန်းအတွင်း လှည့်လည်၍ ရေပေါ်စာအဖြစ် အဆင့်မြင့် မွေးမြူထားရှိသော ဗီယက်နမ်ငါးတန်မျိုးငါးများ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးများသည် ပုသိမ်ကြီးမြို့နယ် ငါးမွေးမြူရေးခြံသို့ ရောက်ရှိပြီး အသားနှင့် နို့ထွက်ပစ္စည်း ဖူလုံပြည့်ဝစွာထုတ်လုပ်နိုင်ရေးနှင့် ဒေသနွားမျိုးများ မျိုးမြှင့်တင်နိုင်ရေးအတွက် မွေးမြူထားရှိသော နွားမျိုးများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ မျိုးကောင်းမျိုးသန့် ငါးမျိုးများနှင့် ဒေသနွားမျိုးများကို အဆင့်မြှင့်တင်တိုးချဲ့မွေးမြူခြင်းဖြင့် သန့်ရှင်းလတ်ဆတ်သော သားငါးများ ဖူလုံပြည့်ဝစွာ စားသုံးနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် နွားမွေးမြူရေးမှ စွန့်ပစ်ပစ္စည်းများကိုလည်း စိုက်ပျိုးရေးလုပ်ငန်းများတွင် သဘာဝမြေသြဇာများအဖြစ် ပြန်လည်အသုံးပြုနိုင်သဖြင့် လယ်ယာလုပ်ငန်းများအတွက် များစွာအထောက်အကူပြုကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ သား/ငါး/နို့နှင့် နို့ထွက်ပစ္စည်းများ ဖူလုံစွာစားသုံးနိုင်ပြီး ကျောင်းနေအရွယ်ကလေးငယ်များ နို့တိုက်ကျွေးရေးကိုလည်း အထောက်အကူပြုကြောင်း ပြောကြားပြီး နွားစားမြက်နေပီယာမြက်မျိုးများ စိုက်ပျိုးထားရှိမှုကို လှည့်လည်ကြည့်ရှုသည်။

**(သတင်းစဉ်)**

## ❍ ကျောဖုံးမှ

ဆင့်ဆန်း၊ မော်ဂန်၊ ရှိဘတ်ဟတ်၊ ခရစ်တိန်းဖက်စ်နှင့် ဂိုး-ကပ်စ်ပါရှ မိုက်ကယ်တို့ ပါဝင်ခဲ့သည်။ မန်စီးတီးသည် ၄-၂-၃-၁ ပုံစံဖြင့် အဂူရိုကို အထောင်ထားခဲ့သည်။ ကွင်းလယ်တွင် စတာလင်း၊ ယာယာတိုရေး၊ ဆေးဗား၊ ဖာနန်ဒင်၊ ဒီဘရိုင်း၊ နောက်တန်းတွင် ကိုလာရော့ဗ်၊ မန်ဂါလာ၊ အော့တာမန်ဒီ၊ ဆက်ဂ်ညာနှင့် ဂိုး-ဂျိုးဟတ်တို့ ပွဲထွက်ခဲ့သည်။ ပထမပိုင်းတွင် မန်စီးတီး ဖိအားပေးကစားခဲ့ရာ အိမ်ရှင်လက်စတာတို့ တိုက်စစ်ကစားကွက် ပုံမဖော်နိုင်ခဲ့ပေ။ ဒုတိယပိုင်းတွင် လက်စတာတို့ အချိတ်ဆက်မိမိ တိုက်စစ်ဖွင့်ကာ ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ နှစ်သင်းစလုံး ဂိုးရနိုင်သည့် အခွင့်အရေး ဆုံးရှုံးကာ သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

အာဆင်နယ်နှင့် လက်စတာသည် ရမှတ် ၃၉ မှတ် ရရှိကာ အမှတ်တူနေပြီး မန်စီးတီးက ရမှတ် ၃၆ မှတ်ဖြင့် အဆင့်(၃)တွင် ရပ်တည်နေသည်။

*စာမျက်နှာ ၆ မှ*

အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း အခြေပြမြေပုံ အကောင်အထည်ဖော်မှုကို ထိရောက်စွာဆောင်ရွက်နိုင်ရန် ဆွေးနွေးဖက်နိုင်ငံများ၊ ပုဂ္ဂလိကကဏ္ဍ၊ လူထုလူတန်းစားအဖွဲ့အစည်းများ ပါမကျန် ပူးပေါင်းဆောင်ရွက်ရန်လည်း လိုအပ်သည်။ အဓိကအားဖြင့် အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း၏ လုပ်ငန်းစဉ်များသည် ပြည်သူများ၏ နေ့စဉ်လူမှုဘဝကို ပိုပြီးအကျိုးသက်ရောက်မှုရှိသည်ကို လူထုပိုမိုသိရှိနိုင်ရန် အသိပညာပေးမှုများ မြှင့်တင်ရမည် ဖြစ်ပါသည်။ ထို့ကြောင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ဆက်စပ်ဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူစဉ်ကာလအတွင်း မြန်မာနိုင်ငံအာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီအနေဖြင့် အောက်ပါ ဆောင်ရွက်ချက်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်-

- အာဆီယံ၏ ၂၀၂၀ မျှော်မှန်းချက်ဖြစ်သည့် **ပတ်ဝန်းကျင်ကို အပြည့်အဝ ကာကွယ်ပေးနိုင်မည့် သန့်ရှင်း၍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော လုပ်ငန်းစဉ်များဖြင့် တည်ထောင်ထားသည့် စိမ်းလန်းသော အာဆီယံ**ဖြစ်ပေါ်စေရေး ကတိကဝတ်နှင့်အညီ မြန်မာနိုင်ငံတွင် အာဆီယံ အစိမ်းရောင်စီးပွားရေးဌာန ထူထောင်ဖွင့်လှစ်နိုင်ခဲ့ခြင်း၊
- **ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ပူးတွဲကြေညာချက်**ကို အာဆီယံအဖွဲ့ဝင်များဆောင်ရွက်ရန် သဘောတူခြင်း၊
- အာဆီယံ၏ လူမှုအဖွဲ့အစည်းတိုးတက်ဖွံ့ဖြိုးမှုဆိုင်ရာ အသိပညာများ ပိုမိုသိရှိရန်၊ ဒေသဆိုင်ရာ ပေါင်းစည်းမှုနှင့်ပတ်သက်၍ ပြည်သူများနှင့် ပါဝင်ဆောင်ရွက်မြှုပ်နှံသူများ၊ လူငယ်မျိုးဆက်သစ်များ သိရှိစေရန်မြှင့်တင်ဆောင်ရွက်ပေးမည့် **အာဆီယံဆိုင်ရာ လေ့လာသင်ယူမှု အရင်းအမြစ်ဗဟိုဌာန ထူထောင်ရေး**ကို ၂၀၁၅ ခုနှစ် ဧပြီလတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။

၂၀၁၅ အလွန် အာဆီယံအသိုက်အဝန်းအတွက် ကြိုးပမ်းချက်များအနေဖြင့် ၂၀၁၃ ခုနှစ် ဘရူနိုင်းနိုင်ငံ၌ ကျင်းပခဲ့သော အာဆီယံထိပ်သီးအစည်းအဝေးတွင် ထုတ်ပြန်ခဲ့သော ဘန်ဒါစရီဘီဂါဝန် ကြေညာချက်တွင်ပါဝင်ခဲ့သည့် **နိုင်ငံရေးအရတည်တံ့သော၊ စီးပွားရေးအရပေါင်းစည်းသော၊ လူမှုရေးအရတာဝန်ယူသော အာဆီယံအသိုက်အဝန်းဖြစ်မြောက်စေရန်နှင့် ပြည်သူအလေးဂရုပြုသော၊ ပြည်သူဗဟိုပြုသော၊ လုပ်ထုံးလုပ်နည်းများ အခြေခံသောအာဆီယံ**ဖြစ်ပေါ်လာစေရန် ကြိုးပမ်းဆောင်ရွက်နေကြသည်။

အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းသည် စင်စစ်မြန်မာနိုင်ငံအတွက်သာမက အာဆီယံနိုင်ငံများ အားလုံးအတွက်ပါ ကျယ်ဝန်းနက်ရှိုင်းပြီး အရေးကြီးသည့် ဆက်နွယ်မှုများရှိနေသော လုပ်ငန်းစဉ်များဖြစ်ပါသည်။ ထို့အပြင်၂၀၁၅ ခုအလွန် ၂၀၂၅ ခုနှစ်သို့တိုင် ဤအသိုက်အဝန်းဆိုင်ရာ ကြိုတင်မျှော်မှန်းထားသော ပေါ်ထွန်းလာမည့် စိန်ခေါ်မှုများရင်ဆိုင်ရန်ရှိသည့်အတွက် ၂၀၂၅ ခုနှစ်သည် အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းအတွက် လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ လူသားတို့၏ ကြံ့ကြံ့ခံနိုင်ရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နေရေးတို့ အမှန်တကယ်ဖြစ်ပေါ်လာစေရန် အခွင့်အလမ်းကမ္ဘာတစ်ခုပင်ဖြစ်ပါသည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ကစပြီး ပေါ်ပေါက်လာမည့် အာဆီယံအသိုက်အဝန်းသည် စုစည်းညီညွတ်သည့် အာဆီယံအသိုက်အဝန်းဖြစ်ပြီး မိမိတို့ပြည်သူနှင့် မျိုးဆက်သစ်များအတွက် ပြည့်စုံကောင်းမွန်သော အနာဂတ်ကို ဖော်ဆောင်ပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် နိုင်ငံအကျိုး၊ ပြည်သူပြည်သားများ၏ အကျိုးကိုရှေးရှုကာ အာဆီယံအသိုက်အဝန်း၏ အသွင်လက္ခဏာနှင့် ဂုဏ်ကျက်သရေတို့ကို ကမ္ဘာ့နိုင်ငံများအလယ်တွင် မြှင့်တင်ကြရမည်ဖြစ်သဖြင့် အာဆီယံအသိုက်အဝန်းကြီး အောင်မြင်စွာထူထောင်နိုင်ပြီး လုပ်ငန်းများအောင်မြင်အောင် ဆက်လက်၍ ကြိုးပမ်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပေါ်ထွန်းလာမည့် အာဆီယံအသိုက်အဝန်းကြီးအတွက် ဂုဏ်ပြုကြိုဆိုရေးသားအပ်ပါသည်။

# မောင်တောမြို့တွင် သာသနာ့ဗိမာန်တော်ကြီးဖွင့်

**မောင်တော ဒီဇင်ဘာ ၃၀**

ရခိုင်ပြည်နယ် မောင်တောမြို့၏ ကျက်သရေဆောင် သာသနာ့ဗိမာန်တော်ကြီး ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင် အလှူရှင်ပြည်သူများနှင့် မောင်တောမြို့သူမြို့သားများ တက်ရောက်ပြီး နံနက် ၇နာရီတွင် ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်လှူပူဇော်ပြီး နံနက် ၇ နာရီခွဲ၌ ရေစက်ချမင်္ဂလာအခမ်းအနား ကျင်းပကြောင်း သိရသည်။ **(ယာပုံ)**

ဆက်လက်၍ မောင်တောမြို့ သာသနာ့ဗိမာန်တော်ကြီး ဖွင့်ပွဲအခမ်းအနားကို နံနက် ၉နာရီတွင် ပြုလုပ်ရာ မောင်တောမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးမြအောင်၊ အမှတ်(၁)နယ်ခြားစောင့် ရဲကွပ်ကဲမှူးအဖွဲ့ ရဲမှူးချုပ် တင်ကိုကို၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်းနှင့် မောင်တောခရိုင် အုပ်ချုပ်ရေးမှူး ဦးခင်မောင်လွင်တို့က သာသနာ့ဗိမာန်တော်ကြီးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က စက်ခလုတ်နှိပ်၍ သာသနာ့ဗိမာန်ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးကာ သာသနာ့ဗိမာန်တော်ကြီး ကမ္ပည်းမော်ကွန်းကျောက်စာအား မြို့မိမြို့ဖများဖြစ်သော ဦးဝေသာမောင်နှင့် ဦးအောင်မြင့်သိန်းတို့က ဖဲကြိုးဖြတ်၍ တက်ရောက်လာကြသော ဝန်ကြီးချုပ်နှင့်အဖွဲ့တို့က အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြသည်။



မောင်တောမြို့ သာသနာ့ဗိမာန်တော်ကြီးကို ၁၉-၁၀-၂၀၀၉ ခုနှစ်မှ စတင်ပြီး စေတနာရှင်ပြည်သူများနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၏ ထည့်ဝင်ငွေကျပ်သိန်း ၄၃၀၀ ဖြင့်တည်ဆောက်ခဲ့ရာ အလျား ပေ ၁၁၀၊ အနံ ၅၅ ပေ၊ အမြင့် ၂၇ ပေရှိပြီး နှစ်ထပ်ဆောင်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



ကလေးဒေသ ရေကြီးရေလျှံမှုများဖြစ်ပေါ်စဉ်က ရေလွှမ်းဧရိယာများကို တွေ့ရစဉ်။

* ရှေ့ဖုံးမှ

ဆည်မြောင်းဌာနကပါ”ဟု ၎င်းက ပြောသည်။

ရေကြောင်း တိုင်းတာရေး လုပ်ငန်းများတွင် ဦးစားပေး(၁) ကလေးဝမြို့၊ မြစ်ဆုံမှ ပြင်သာရွာ (ကလေးမြို့)ထိ ၂၅ မိုင်၊ ဦးစားပေး(၂)အဖြစ် ပြင်သာရွာ(ကလေးမြို့)မှ တင်တားရွာ (မဏိပူရမြစ်ဝ)အထိ ၃၅ မိုင်၊ ဦးစားပေး(၃)အဖြစ် တင်တားရွာ (မဏိပူရမြစ်ဝ)မှ ဂန့်ဂေါမြို့ထိ ၉၆ မိုင် တိုင်းတာရေး လုပ်ငန်းများ ပါဝင်ကြောင်း သိရသည်။ “တိုင်းဒေသကြီး ရန်ပုံငွေနဲ့ ကမ်းပြို ကာကွယ်ရေးတွေလည်း လုပ်သွားဖို့ရှိတယ်။ ပြည်ထောင်စုက ရေကြီးရေလျှံကာကွယ်ဖို့ သဲနုန်း ပြန်လည်တူးဖော်ရေးတွေ လုပ်နေပါတယ်။ အခုလို ဆောင်ရွက်ခြင်းဖြင့် ရေကြီးရေလျှံမှုဖြစ်တာကို ကာကွယ်နိုင်မှာပါ”ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကလေးဒေသတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့စဉ်က ကမ်းပြိုကမ်းစားမှုများ၊ လူနေအိမ်ခြေများနှင့် တံတားများမျောပါပျက်စီးမှုများအပြင် ချောင်းရေလမ်းကြောင်းပြောင်းလဲမှုများ ဖြစ်ပေါ်ခဲ့သောကြောင့် နိုင်ငံတော်မှ ပြန်လည်ထူထောင်ရေးအစီအမံများ ရေးဆွဲလုပ်ဆောင်ခဲ့ကြောင်း သိရသည်။

## (၁၇)ကြိမ်မြောက် ဝါတွင်းဝါပဆွမ်းလောင်းအောင်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ကမာရွတ်မြို့နယ် သီရိသုခမ္မာရုံ၏ (၁၇)ကြိမ်မြောက် ဝါတွင်းဝါပ ဆွမ်းလောင်းအောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဇန်နဝါရီ ၂ ရက်မှ ၄ ရက်အထိ (၆)ရပ်ကွက်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအောင်ပွဲတွင် ဓမ္မပူဇာသဘင်အနေဖြင့် အရှင်သုဇာတဓမ္မကထိက ထန်းတပင်ကျောင်းတိုက် နယ်လှည့်ဓမ္မကထိက ဂုဏ်ထူးဆောင် ကိုးဘွဲ့ရ ဓမ္မပါလဖောင်ဒေးရှင်း ဦးဆောင်နာယက အရှင်ပါကဋ္ဌာလင်္ကာရ (ဓမ္မပါလဆရာတော်)နှင့် နယ်လှည့်သာသနာပြုဓမ္မကထိက အရှင်ကုန္ဒာဝုဒ(ရွှေပြည်တော်)တို့က တရားရေအေးတိုက်ကျွေးဟောကြားမည်ဖြစ်ပြီး ငွေပဒေသာပင်နှင့် ငွေပဒေသာပင်ကြီးများကို ကျောင်းတိုက်ကြီး ၁၁ တိုက်မှ သံဃာတော် ၂၀၅ ပါးတို့အား မဲဖောက်၍ ဆက်ကပ်လှူဒါန်းကာ ဘုရားအမှူးရှိသော သံဃာတော် ၂၀၅ ပါးတို့ကို ပြည်ရိပ်မွန်အိမ်ရာအတွင်း ရပ်ကွက်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (၃၄၉)

## မြောက်ဒဂုံ(၂၉)ရပ်ကွက် အောင်တံခွန် (၄)လမ်းမိသားစု အရုဏ်ဆွမ်းလောင်းလှူ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ဒဂုံမြို့သစ်(မြောက်ပိုင်း) (၂၉) ရပ်ကွက် အောင်တံခွန် (၄)လမ်း မိသားစုများသည် မြို့နယ်အတွင်းရှိ ဘုန်းကြီးကျောင်းများ၌ ဝါပအရုဏ်ဆွမ်းများ အခက်အခဲမရှိရအောင် အပတ်စဉ်စနေနေ့တိုင်း လမ်းတွင်းပင့်ဖိတ်၍ ဆွမ်းလောင်းပွဲများ ပြုလုပ်လျက်ရှိသည်။ ယခု ဒီဇင်ဘာလအတွင်း မြို့နယ်အတွင်းရှိ ဘုန်းကြီးကျောင်းနှစ်ကျောင်းမှ သံဃာ ၁၉ ပါး ကြွရောက်၍ အရုဏ်ဆွမ်းများ အလှူခံတော်မူလျက်ရှိသော်လည်း ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ မြို့နယ်အတွင်းရှိ ဘုန်းကြီးကျောင်းများမှ သံဃာတော်များကို တိုးချဲ့ထပ်မံပင့်လျှောက်၍ အရုဏ်ဆွမ်းများ လောင်းလှူသွားရန် စီစဉ်ထားသည်ဟု သိရသည်။

**ခရမ်းစိုးမြင့်**

## စလင်း၌ လွတ်လပ်ရေးနေ့ဂုဏ်ပြု ကွန်ကရစ်တံတားဖွင့်

**စလင်း ဒီဇင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စလင်းမြို့နယ် ငါးသန်ခေါင်းကျေးရွာအုပ်စု ငါးသန်ခေါင်းကျေးရွာတွင် ဒီဇင်ဘာလနောက်ဆုံးပတ်က (၁၆×၁၂×၇) ပေရှိသော ကွန်ကရစ်တံတားကို ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေက ငွေကျပ် ၃၈ သိန်းအကုန်အကျခံကာ ဆောင်ရွက်ပေးခဲ့သည်။ အဆိုပါတံတားဖွင့်ပွဲကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသစ်လွင်ခိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမန်းတို့က ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# ရေနံချောင်းမြို့ မြို့ရှောင်လမ်း နှစ်လမ်းသွားစနစ်ဖြင့်သွားလာနိုင်ရေး ခရီးသွားပြည်သူများမျှော်လင့်လျက်ရှိ

**ရေနံချောင်း ဒီဇင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် ရေနံချောင်းမြို့နယ်သို့ နေ့စဉ်ဖြတ်သန်းသွားလာလျက်ရှိသည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များနှင့် ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာ မောင်းနှင်သွားလာနိုင်ရန်ရည်ရွယ်၍ ရေနံချောင်းမြို့ မြို့ရှောင်လမ်းကို အရှည် လေးမိုင်ခန့် ခင်းကျင်းဆောင်ရွက်ပေးထားသည်။

သို့သော်လည်း အဆိုပါမြို့ရှောင်လမ်းမှာ တစ်လမ်းသွားစနစ်ဖြင့် ဖောက်လုပ်ထားခြင်းကြောင့် မကွေးမြို့သို့သွားလာရာ၌ ရေနံချောင်းမြို့ရှောင်လမ်းမှ နေ့စဉ်ဖြတ်သန်းသွားလာနေသည့် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များအနေဖြင့် ယာဉ်အန္တရာယ်ဖြစ်မည်ကို စိုးရိမ်နေရသည့်အတွက် သတိဖြင့်ဆင်ခြင်မောင်းနှင် သွားလာနေရကြောင်း မကွေးမြို့သို့ ခရီးသည်ပို့ဆောင်ပေးနေသည့် မော်တော်ယာဉ်မောင်းနှင်ကြသူများထံမှ သိရသည်။

မကွေးမြို့သို့ ခရီးသည်ပို့ဆောင်ပေးနေရသည့် မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များသည် ရေနံချောင်းမြို့ကို ဖြတ်သန်းလာသွားလာရာတွင် ခရီးသည်များအတွက် ခရီးကြန့်ကြာမှုမရှိစေရန်နှင့် ယာဉ်ကြောရှုပ်ထွေးမှုမရှိခြင်းကြောင့် ရေနံချောင်း မြို့ရှောင်လမ်းမှ အများဆုံးအသုံးပြုသွားလာမောင်းနှင်နေကြကြောင်း သိရသည်။

သို့သော် အဆိုပါမြို့ရှောင်လမ်းမှာ တစ်လမ်းသွားဖြစ်နေသည့်အတွက် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များမှာ ယာဉ်အန္တရာယ် စိုးရိမ်နေရကြောင်း၊ တစ်လမ်းသွား ဖောက်လုပ်ထားသည့် ရေနံချောင်းမြို့ (မြို့ရှောင်လမ်း) အရှည် လေးမိုင်ခန့်ကို နှစ်လမ်းသွားမောင်းနှင် အသုံးပြုနိုင်ရန်အတွက် တိုးချဲ့ပြုပြင် ဆောင်ရွက်ပေးစေလိုကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**




ရေနံချောင်းမြို့ မြို့ရှောင် လမ်းနေရာကို တွေ့ရစဉ်။



# တာချီလိတ်၌ အခြေခံပညာကျောင်းများအတွက် ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ စာသင်ခုံများလှူဒါန်း

**တာချီလိတ် ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ငွေကျပ် သိန်း၂၀၀ တန်ဖိုးရှိ ကျောင်းသုံး စာသင်ခုံ ၂၄၄ စုံနှင့် ဆရာ ဆရာမ ထိုင်ခုံ ၁၈ ခုံအား တာချီလိတ်ခရိုင်အတွင်းရှိ စာရေးခုံများလိုအပ်လျက်ရှိသော အခြေခံပညာကျောင်းများအတွက် ထောက်ပံ့ပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ကျင်းပကြောင်း သိရသည်။

ယင်းသို့လှူဒါန်းရာတွင် ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်မေထွန်းက ပေးအပ်လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်နှင့် တာဝန်ရှိသူများက လက်ခံယူသည်။

အဆိုပါစာသင်ခုံများအား တာချီလိတ်မြို့နယ်အတွက် ကျောင်းသုံးစာရေးခုံ အစုံ ၁၄၀ နှင့် ဆရာ ဆရာမ ထိုင်ခုံ ခြောက်စုံ၊ မိုင်းဖြတ်မြို့နယ်အတွက် ကျောင်းသုံးစာရေးခုံ အစုံ ၃၀ နှင့် ဆရာ ဆရာမထိုင်ခုံ ခြောက်စုံ၊ မိုင်းယောင်းမြို့နယ်အတွက် ကျောင်းသုံးစာရေးခုံ ၅၉ စုံ၊ ဆရာ ဆရာမ ထိုင်ခုံခြောက်စုံနှင့် ကျိုင်းလပ်မြို့အတွက် ကျောင်းသုံးစာရေးခုံ ၁၅ စုံ စုစုပေါင်းစာသင်ခုံ ၂၄၄ စုံနှင့် ဆရာ ဆရာမထိုင်ခုံ ၁၈ စုံဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(မြန်/ဆက်)**

# တီဘီဝေဒနာရှင်များအား ပြုစုစောင့်ရှောက်ရေး စီမံချက်ရှင်းလင်း

**တံတားဦး ဒီဇင်ဘာ ၃၀**

တံတားဦးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှကျင်းပသော ပြည်သူလူထုအခြေပြု တီဘီဝေဒနာရှင်များအား ပြုစုစောင့်ရှောက်ရေးစီမံချက်ရှင်းလင်းပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၉ နာရီက တံတားဦးမြို့နယ် အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဌေးဌေးမော်က အမှာစကားပြောကြားပြီး မြို့နယ်အသင်းအလုပ်အမှုဆောင်တစ်ဦးက ပြည်သူလူထုအခြေပြုတီဘီဝေဒနာရှင်များအား ပြုစုစောင့်ရှောက်ရေး စီမံချက်ဆောင်ရွက်ထားရှိမှုကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပြီး ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက လိုအပ်သည်များကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည် ။

**(မြို့နယ် ပြန်/ဆက်)**

# (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အထူးထုတ် စာပို့တံဆိပ်ခေါင်းထွက်ရှိ







**နေပြည်တော် ဒီဇင်ဘာ ၃၀**

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အထူးထုတ်စာပို့တံဆိပ်ခေါင်း ၂၀ဝ/တန်တစ်မျိုးနှင့် ၁၀ဝ/တန် နှစ်မျိုးကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၄ ရက် တနင်္လာနေ့ နံနက် ၉ နာရီခွဲမှစတင်၍ တိုင်းဒေသကြီး/ ပြည်နယ်ဆက်သွယ်ရေးစခန်း(စာတိုက်)များ၌ ရောင်းချမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ၂၀၁၆ ခုနှစ်




ဇန်နဝါရီလ ၄ ရက်နေ့ ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသား တံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်သည်။

**(သတင်းစဉ်)**

# ဂျပန်နိုင်ငံမှ ပါမောက္ခ သွားဘက်ဆိုင်ရာဆေးပညာဟောပြော

**ရန်ကုန် ဒီဇင်ဘာ ၃၀**

သွားဘက်ဆိုင်ရာ ဆေးပညာ စဉ်ဆက်မပြတ် တိုးတက်ပြန့်ပွားရေး အစီအစဉ်အဖြစ် ဂျပန်နိုင်ငံ တိုကျိုသွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်မှ ပါမောက္ခ ဂျွန်းဂျိတာဂါးမိသည် ဒီဇင်ဘာ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်သို့ လာရောက်ဟောပြောသည်။

အဆိုပါ ဧည့်ပါမောက္ခသည် "မျိုးမတူသော ပစ္စည်းများဖြင့် ပေါင်းစပ်စွဲကပ်စေသည့် ခေတ်မီ သွားရောဂါကုဆေးပညာ၏ လက်တွေ့အသုံးဝင်ပုံ" (Adhesive dentistry: Its science and clinical application) ခေါင်းစဉ်ဖြင့် ဟောပြောရာ ဆရာ ဆရာမများ၊ ဘွဲ့လွန်သင်တန်းသား သင်တန်းသူများနှင့် အလုပ်သင်ဆရာဝန်များ တက်ရောက်ခဲ့ကြကြောင်းသိရသည်။ **(သတင်းစဉ်)**

# ဒီဇင်ဘာ ၃၀ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၀ ရက် (ဗုဒ္ဓဟူးနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ | | | | | | |
|---|---|---|---|---|---|---|
| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး | မှတ်ချက် |
| ၁။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၄၀၀၀ မှ ၄၈၅၀၀ | အဟောင်း |
| ၂။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၃၈၀၀၀ | အသစ် |
| ၃။ | ဇီရာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၁၀၀၀ | အသစ် |
| ၄။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၀၅၀၀ | အသစ် |
| ၅။ | မြီးတိုး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃၀၀၀ မှ ၂၆၀၀၀ | အဟောင်း |
| ၆။ | မြီးတိုး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၁၅၀၀ | အသစ် |
| ၇။ | သုခ(ဆန်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၁၅၀၀ မှ ၂၂၅၀၀ | အသစ်/ရှယ် |
| ၈။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ဝါးခယ်မ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၀၀ မှ ၂၀၈၅ | |
| ၉။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မြစ်သား၊ မြင်းခြံ၊ မိတ္ထီလာ၊ ဆင်ဖြူကျွန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၀၀ မှ ၁၅၀၀ | ရှယ်(သစ်)၊လတ် |
| ၁၀။ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၂၇၅ မှ ၃၃၀၀ | ရှယ်၊လတ် |
| ၁၁။ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၈၀၀ မှ ၃၃၀၀ | ထူး ၂၊၃၊၄၊၅ |
| ၁၂။ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၃၀ မှ ၆၅၀ | A1,OK,S1,S2 |
| ၁၃။ | စတော်ဘယ်ရီသီး | | တစ်ဘူး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၇၀၀ မှ ၁၀၀၀ | |
| ၁၄။ | နှင်းသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၃၀ မှ ၅၀ | |
| ၁၅။ | နာနတ်သီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၃၅၀ မှ ၈၀၀ | |
| ၁၆။ | ပိန္နဲသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၃၅၀၀ မှ ၁၃၀၀၀ | |
| ၁၇။ | သခွားမွှေးသီး | | တစ်တောင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၆၀၀၀ မှ ၈၀၀၀ | |
| လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။ | | | | | | |

# နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့် အကောက်ခွန်မဲ့ ကြက်သွန်ဖြူ ကီလို ၆၉၀၀ခန့်ကို လေလံတင်ရောင်းချမည်


**တာချီလိတ် ဒီဇင်ဘာ ၃၀**

တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ဦးစီးအရာရှိ ဦးရည်ချွန်ဦးစီး Mobile Team အဖွဲ့မှ တရုတ်နိုင်ငံထွက် အကောက်ခွန်မဲ့ ကြက်သွန်ဖြူ အိတ်ပေါင်း ၃၀၀ (၆၉၀၀ ကီလို)ခန့်အား လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၃၀ ရက်က သိရသည်။

လေလံတင်ရောင်းချမည့် တရုတ်နိုင်ငံထွက် အကောက်ခွန်မဲ့ ကြက်သွန်ဖြူ အိတ်ပေါင်း ၃၀၀ကို တာချီလိတ် ကုန်သွယ်ရေးစခန်းမှ ဦးစီးအရာရှိ ဦးရည်ချွန်ဦးစီး Mobile Team အဖွဲ့က ဒီဇင်ဘာ ၂၉ ရက် နံနက် ၃ နာရီခန့်တွင် သတင်းအရ တာချီလိတ် - လွယ်စတုံ - မိုင်းဖြတ်-ဘိုရှီးလမ်းကြောင်းအား သွားရောက်ပိတ်ဆို့စစ်ဆေးခဲ့ရာ ကျောက်လိုဏ်ဂူကျေးရွာအနီး၌ မိုင်းယောင်းမြို့ (အထူးဒေသ-၂ ကျင်းရဲ)မှထွက်ခွာလာသည့် ခြောက်ဘီးယာဉ်အား တွေ့ရှိသဖြင့်စစ်ဆေးရာ ယာဉ်ပေါ်တွင် တရုတ်နိုင်ငံထွက် အကောက်ခွန်မဲ့ ကြက်သွန်ဖြူအိတ်ပေါင်း ၃၀၀၊ တစ်အိတ်လျှင် ၂၃ ကီလိုခန့်ပါ စုစုပေါင်း ၆၉၀၀ ကီလိုအား စစ်ဆေးတွေ့ရှိရပြီး ကြက်သွန်ဖြူအိတ်များသည် တရားဝင်တင်သွင်းလာသည့် အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိ၍ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အဆိုပါ ကြက်သွန်အိတ်များသည် ပျက်စီးလွယ်သည့် ပစ္စည်းများဖြစ်သောကြောင့် ပျက်စီးဆုံးရှုံးမှုမဖြစ်စေရေးအတွက် တာချီလိတ်ကုန်သွယ်ရေးစခန်း၌ အချိန်မီလေလံတင် ထုခွဲရောင်းချမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**





# ရှယ်ယာများကို ပြည်သူများသို့ တာဝန်ခံရောင်းချပေးမည့် KBZ SC Securities ၏ ရုံးချုပ်ဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၃၀**

KBZ Stirling Coleman Securities Co., Ltd. (KBZ SC Securities) ရုံးချုပ်ဖွင့်ပွဲ အခမ်းအနားကို ရုံးချုပ်တည်ရှိရာ ရန်ကုန်မြို့ ကမ်းနားလမ်းရှိ Strand Square (ယခင်နိုင်ငံတော် ခြောက်ထပ်ရုံး) အဆောက်အအုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ KBZ SC Securities မှ အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးညိုမြင့်၊ အုပ်ချုပ်မှုဒါရိုက်တာ Mr. Rudolf Rolles တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ဝန်ကြီးနှင့်ဧည့်သည်တော်များအား တာဝန်ရှိသူများက ရုံးချုပ်အတွင်း လိုက်လံရှင်းလင်းပြသကြသည်။

အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးညိုမြင့်က ကမ္ဘောဇကုမ္ပဏီများအုပ်စုအနေဖြင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကအရေးပါသော ရန်ကုန်စတော့အိတ်ချိန်း၏ ငွေချေးသက်သေခံလက်မှတ် ရောင်းဝယ်ရေးဆိုင်ရာများ ဆောင်ရွက်နိုင်ရန် အလေးထားပြင်ဆင်ဆောင်ရွက်ခဲ့ရာ ယခုအခါတွင် မြန်မာ့စတော့ရှယ်ယာဈေးကွက်သမိုင်းတွင် ပထမဆုံးနှင့် တစ်ခုတည်းသော Underwriter ကုမ္ပဏီအဖြစ် တရားဝင်လိုင်စင်ရရှိခဲ့ကြောင်း၊ အရင်းအနှီးတိုးမြှင့်လိုသည့် စီးပွားရေးလုပ်ငန်းကုမ္ပဏီများကို သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ Listing ကုမ္ပဏီဖြစ်ရေးအထိ အစစအရာရာ တာဝန်ယူ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ထို့အပြင် အကြံပေးလုပ်ငန်းများ၊ Broker လုပ်ငန်း၊ Dealer လုပ်ငန်းများနှင့် နောင်တွင် ကုမ္ပဏီများပေါင်းစပ်ခြင်းနှင့် အစုရှယ်ယာဝယ်ယူခြင်း (Merger & Acquisition M&A) များကို အဆင့်ဆင့်လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ယနေ့ဖွင့်လှစ်သည့် KBZ SC Securities ၏ ရုံးချုပ်သည် ဆူးလေဘုရားလမ်းနှင့် ကမ်းနားလမ်းဆုံအနီး ရန်ကုန်မြို့၏ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ၏ ဗဟိုချက်မနေရာတွင်တည်ရှိသော ရန်ကုန်စတော့အိတ်ချိန်းနှင့် အနီးဆုံးနေရာတွင်တည်ရှိပြီး အဆိုပါအဆောက်အအုံကြီးတွင် နိုင်ငံတကာဘဏ်များနှင့် အာမခံကုမ္ပဏီများ၊ ငွေကြေးနှင့်စပ်လျဉ်းသော ဝန်ဆောင်မှုကုမ္ပဏီများလည်း ဖွင့်လှစ်ထားရှိကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**

# ရေချို၊ ရေငန်ငါးများထက် မွေးမြူရေးငါးများ စားသုံးမှုများပြားလာ

**ဖျာပုံ ဒီဇင်ဘာ ၃၀**

ဖျာပုံမြို့ စားသုံးသူဈေးကွက်တွင် မီးဖိုချောင်သုံးပစ္စည်းများဖြစ်သည့် ကုန်ခြောက်များ ဈေးအနိမ့်အမြင့် အနည်းငယ်သာရှိသော်လည်း ကြက်သားဈေးမြင့်မားနေပြီး မြို့နယ်စည်ပင်သာယာမှ (လိုင်စင်-ပီ)ရယူပြီး ရောင်းချနေသည့် အမဲသား၊ ဆိတ်သားနှင့်ဝက်သားရောင်းဈေးများမှာ သတ်မှတ်ဈေးထက် ပိုမိုရောင်းချနေကြောင်း သိရသည်။

ပင်လယ်ငါးများနှင့် မြစ်ချောင်းများမှ ဖမ်းယူရရှိသည့် ရေချိုနှင့်ရေငန်ငါးများမှာ စားသုံးသူတို့ ကြိုက်နှစ်သက်ကြသော်လည်း အရည်အသွေးမြင့်သည့်ငါးပုစွန်များ၊ နိုင်ငံတကာဈေးကွက်များသို့ ရန်ကုန်မှတစ်ဆင့် တင်ပို့ရောင်းချနေသဖြင့် ဖျာပုံစားသုံးသူဈေးကွက်တွင် ရေချို၊ ရေငန်ငါးပုစွန်အသေးများကိုပင် တစ်ပိဿာငွေကျပ် ၃၅၀၀ နှင့်အထက် ရောင်းချလျက်ရှိသည်။

ယခုလက်ရှိ မွေးမြူရေးငါးများ လက်လီရောင်းဈေးစုံစမ်းရာ မွေးမြူရေးငါးများရောင်းချနေသူ ဒေါ်အုန်းမြင့်က ငါးမြစ်ချင်းတစ်ပိဿာ ငွေကျပ် ၂၅၀၀ မှ ၂၈၀၀၊ တီလာပီးယားတစ်ပိဿာ ငွေကျပ် ၁၆၀၀ မှ ၂၀၀၀၊ ငါးပုပ်တစ်ပိဿာ ငွေကျပ် ၂၁၀၀ နှင့် ငါးတန်တစ်ပိဿာ ငွေကျပ် ၂၂၀၀ ရောင်းချပြီး နေ့စဉ် ငါးဈေးအတက်အကျ အနည်းငယ်သာရှိကြောင်း ပြောသည်။

ပြည်တွင်းငါးစားသုံးမှုနှင့် ပြည်ပတင်ပို့ရန် ရေချို၊ ရေငန်ဖမ်းဆီးရရှိမှုနှင့် မွေးမြူရရှိမှုနှစ်မျိုးတွင် ဖမ်းဆီးရရှိမှုက လျော့နည်းလာပြီး ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း ဈေးကွက်လိုအပ်ချက်အရ မွေးမြူရရှိမှုတိုးတက်လာ၍ လက်ရှိ ပြည်တွင်းပြည်ပငါးဈေးကွက်တွင် ငါးပုစွန်မွေးမြူရေးသည် အဓိကကျလာကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ စုံစမ်းသိရှိရသည်။

ရေလုပ်ငန်းကဏ္ဍမှ နှစ်စဉ်ပြည်ပဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၇၀၀ ရရှိရေး မျှော်မှန်းဆောင်ရွက်လျက်ရှိရာ ၂၀၁၁-၂၀၁၂ နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်များတွင် အမေရိကန်ဒေါ်လာသန်း ၆၅၀ ကျော်ရရှိခဲ့ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာသန်း ၅၃၆ ရရှိခဲ့၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၏ နှစ်ဝက်အထိ အမေရိကန်ဒေါ်လာသန်း ၄၅၀ ရရှိနေသေးကြောင်း သိရသည်။

**အောင်ဝင်း(ဖျာပုံ)**



# မင်းဘူးမြို့ နဂါးပွက်တောင် (ရွှံ့မီးတောင်) ပုံမှန်အခြေအနေတွင်တည်ရှိ

**မင်းဘူး ဒီဇင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် အမှတ်(၁)ရပ်ကွက်တွင် တည်ရှိသော နဂါးပွက်တောင် (ရွှံ့မီးတောင်)သည် ဂျာနယ်အချို့တွင် ဖော်ပြရေးသားထားသည့် ရွှံ့မီးတောင်တစ်ခု ထပ်မံထွက်ပေါ်ခြင်းမရှိဘဲ ပုံမှန်အခြေအနေအတိုင်း ဆက်လက်တည်ရှိလျက်ရှိသည်။

နဂါးပွက်တောင် သာယာလှပရေးအဖွဲ့ဝင် ဦးကျော်ခိုင်လင်းက တောင်မကြီးအပါအဝင် ရွှံ့မီးတောင်ငယ် စုစုပေါင်း ၁၆ ခုမှာ ယခင်ကာလများကပင် ပေါ်ထွက်လျက်ရှိရာ ထပ်မံထွက်ပေါ်ခြင်းမရှိကြောင်း၊ နဂါးပွက်တောင် ပရဝဏ်အတွင်း ရွှံ့စေးချော်ရည်များ စိမ့်ထွက်သည့် တွင်းငယ်အချို့ ရံဖန်ရံခါတွေ့ရှိရပြီး တစ်လအတွင်း ပြန်လည်ပိတ်ဆို့သွားတတ်ကြောင်း၊ ထူးခြားသည့် ရွှံ့မီးတောင် ထပ်မံထွက်ပေါ်ခြင်းမှာ မဟုတ်မမှန်ပါကြောင်း ပြောကြားချက်အရ သိရသည်။

အဆိုပါ မင်းဘူးမြို့ နဂါးပွက်တောင်သို့ မြန်မာနိုင်ငံအတွင်း ဘုရားဖူးလာပြည်သူများ၊ စိတ်ပါဝင်စားသူများနှင့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များ နေ့စဉ်လာရောက်၍ ကြည့်ရှုလေ့လာလျက်ရှိကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

# မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ကုသ

**မအူပင် ဒီဇင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် ကုသရန်အခက်အခဲရှိသော မျက်စိဝေဒနာရှင်များအား အခမဲ့ကုသနိုင်ရန်အတွက် အေဝမ်းဆောက်လုပ်ရေးကုမ္ပဏီများအုပ်စုဥက္ကဋ္ဌ ဦးရန်ဝင်း၊ ဒေါ်လွင်လွင်ဝေမိသားစုတို့က ထာဝရအလင်းရောင်ကုသိုလ်အဖြစ် မအူပင်မြို့ အထွေထွေရောဂါကုဆေးရုံကြီးရှေ့တွင် အထွေထွေရောဂါကုဆေးရုံအုပ်ကြီး၏ ကြီးကြပ်မှုဖြင့် မျက်စိကုသခြင်းလုပ်ငန်းများကို ကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလှူရှင်များက ၂၀၁၁ ခုနှစ်မှစ၍ ကူညီလှူဒါန်းပေးလျက်ရှိပြီး မျက်စိအထူးကု ဆရာဝန်ကြီးများ အကူအညီဖြင့် မအူပင်အကျဉ်းထောင်ရှိ မျက်စိဝေဒနာရှင် အကျဉ်းသားများ၊ ဓနုဖြူမြို့နယ် ဆကာကြီးကျေးရွာမှ မျက်စိဝေဒနာရှင်များ၊ ဆရာတော်များ၊ ကိုရင်များ၊ သီလရှင်ဆရာကြီး/ ဆရာလေးများ၊ မအူပင်ဘိုးဘွားရိပ်သာမှ မျက်စိဝေဒနာရှင် အဘိုး၊ အဘွားများအား ထာဝရကုသိုလ်ပြုစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**


**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8I/9888 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 2I/7119 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

**တစ်ချက်တည်းကျင်းဝင် (HOLE IN ONE)**

ရဲမှူးကြီး မိုက်ကယ်လ်လှမြင့် (ငြိမ်း)သည် ၂၄-၁၂-၂၀၁၅ရက် (ကြာသပတေးနေ့)တွင် မင်္ဂလာဒုံမြို့နယ်၊ တပ်မတော်ဂေါက်သီးရိုက်ကွင်း၌ ကစားဖော်များဖြစ်သော ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး(ငြိမ်း)၊ ဒုတိယဗိုလ်မှူးကြီးသိန်းကြိုင် (ငြိမ်း)၊ ဒုတိယဗိုလ်မှူးကြီး သန်းမြင့်(ငြိမ်း)တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၁၇) (HOLE No.17)၊ ကိုက် ၁၄၀ အကွာမှ (Titliest No.1) ဘောလုံးကို WOOD NO (9) (29 Confidence M W-2)တုတ်အမျိုးအစားဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းကျင်းဝင် (HOLE IN ONE) ရရှိသွားသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မှတ်တမ်းတင်အပ်ပါသည်။

**ကစားဖော်များ**

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပြည်ခရိုင်တရားရုံး**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၄၃**

မန်နေဂျာ
မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ ရန်ကုန်မြို့။
**တရားလို**

နှင့်

၁။ ဦးဝင်းစိုး
၂။ ဒေါ်ညိုညိုစန်း
**တရားပြိုင်များ**

အထက်ပါအမှုမှ (၁)တရားပြိုင် ဦးဝင်းစိုးနှင့် (၂)တရားပြိုင် ဒေါ်ညိုညိုစန်း (ရွှေကျော်ကျော်ပွဲရုံလုပ်ငန်း F-15 နဝဒေးပွဲရုံတန်း၊ နဝဒေးရပ်ကွက်၊ ပြည်မြို့)နေ (ယခုလိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေး ဘဏ်က(၁၆-၁၁-၂၀၁၅)ရက်အထိ ဘဏ်ချေးငွေတိုးရင်းပေါင်း ၁၀၅၀၄၃၇၂၈ကျပ် ၇၉ပြားရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၈ရက် (၁၃၇၇ ခုနှစ် ပြာသိုလဆန်း ၉ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဒီဇင်ဘာ ၁၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ဒေါ်အေးသိန်း**
**ခရိုင်တရားသူကြီး**
**ပြည်ခရိုင်တရားရုံး**

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ မြေကွက်အမှတ်(၉၁၄)၊ ဦးထွန်းမြင့်လမ်း၊ အလျား (၄၀ ပေ) × အနံ (၆၀ ပေ) ရှိ ဒေါ်မြမြအေး(ခ)ဒေါ်စန္ဒာသိန်းအမည်ပေါက်၊ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဒေါ်မာမာအေး(၁၂/တတန(နိုင်)၀၀၀၁၉၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်ခအေးမြမွန် (LL.B, LL.M)**
**အထက်တန်းရှေ့နေ (စဉ်-၃၄၆၇၉)**

အမှတ်(၆)၊ ၄-လွှာ(ယာ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၇၉၅၆ ၈၃၃၇၈၊ ၀၉-၃၁၇ ၆၅၀ ၁၇

**မြစ်ကြီးနားတက္ကသိုလ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ မြစ်ကြီးနားတက္ကသိုလ်၏ (၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးခွင့်လုပ်ငန်း လုပ်ကိုင်လိုသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်ဈေးနှုန်းလွှာများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ဤတက္ကသိုလ်ငွေစာရင်းဌာနတွင် ရုံးဖွင့်ရက်ရုံးချိန်အတွင်း ဝယ်ယူပြည့်စွက်၍ ၆-၁-၂၀၁၆ရက် မွန်းတည့် ၁၂နာရီတိတိ နောက်ဆုံးထားတင်သွင်းရမည်။

၂။ တင်ဒါတင်သွင်းသူသည် သက်ဆိုင်ရာမြို့နယ် အုပ်ချုပ်ရေးမှူးရုံး၏ မိမိနယ်မြေအတွင်းနေထိုင်သူဖြစ်ကြောင်းနှင့် ဓာတ်ပုံနှင့်ဗီဒီယိုလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသူဖြစ်ကြောင်း ထောက်ခံစာ (လုပ်ငန်းလိုင်စင်အပါအဝင်)ပါရှိရမည်။

၃။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၉-၂၄၀၀၅၄၄၊ ၀၉-၇၈၁၅၁၈၂၂၅တို့ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**(၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ဓာတ်ပုံနှင့်ဗီဒီယို**
**ကြီးကြပ်ရေးကော်မတီ**
**မြစ်ကြီးနားတက္ကသိုလ်**

# မုံရွာဈေးဟောင်း ညသန်းခေါင်ကျော် မီးလောင်



**မုံရွာ ဒီဇင်ဘာ ၃၀**

မုံရွာမြို့လယ်တွင် တည်ရှိသော သီရိရတနာဈေးအတွင်း ဈေးရုံလေးရုံအနက် အနောက်မြောက်ထောင့်ရှိ ဈေးရုံ၌ဒီဇင်ဘာ ၂၉ ရက် ည ၁၁ နာရီခွဲခန့်က မီးလောင်ကျွမ်းမှု ဖြစ်ပွားရာ မီးငြိမ်းသတ်ယာဉ် ၁၅ စီး၊ ရေသယ်ယာဉ်ခုနစ်စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။

မီးလောင်ကျွမ်းမှုကြောင့် ဈေးအတွင်းရုံလေးရုံအနက် အနောက်မြောက်ထောင့်ရှိ ဆိုင်ခန်း ၇၂ ခန်းပါ (၉၆ × ၄၈) ပေ သွပ်မိုးအုတ်ခင်း အကာမပါဈေးရုံတစ်ရုံ မီးလောင်ခဲ့သည်။

အဆိုပါဈေးရုံတွင်ရှိသော ကုန်စုံဆိုင်ရှစ်ခန်း၊ စက်ချုပ်ဆိုင်ခြောက်ခန်း၊ ငှက်ပျောဆိုင်တစ်ခန်း၊ ကွမ်းပစ္စည်းဆိုင်သုံးခန်းနှင့် အခန်းလွတ် ၃၈ ခန်း မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။ မီးလောင်သည်ဟု သတင်းရလျှင်ရခြင်း မုံရွာမြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်ငါးစီး၊ ရေသယ်ယာဉ်တစ်စီး၊ စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ရေသယ်ယာဉ်တစ်စီး စုစုပေါင်း မီးငြိမ်းသတ်ယာဉ် ၁၅ စီး၊ ရေသယ်ယာဉ်ခုနစ်စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ အများပြည်သူများ စုပေါင်း မီးငြိမ်းသတ်ခဲ့ရာ ည ၁၂နာရီ ၄၅ မိနစ်ခန့်တွင် မီးလုံးဝငြိမ်းသွားကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# ဖန်းမောက်ချောင်းအတွင်း ရေဆင်းချိုးရာမှ ရေနစ်သေဆုံး

**ဖန်းမောက် ဒီဇင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် အောင်သာကုန်းရွာအနီးရှိ ဗန်းမောက်ချောင်းအတွင်း ဒီဇင်ဘာ ၂၉ရက် ညနေ ၅ နာရီခန့်က လူတစ်ဦး ရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။ ရေနစ်သေဆုံးသူမှာ ဗန်းမောက်မြို့နယ် အောင်သာကုန်းကျေးရွာနေ ဖိုးမဲ(ခ)အောင်ငွေ (၃၆နှစ်)ဖြစ်ပြီး ၎င်းသည် အခင်းဖြစ်သည့်နေ့ ညနေပိုင်းက အရက်ကြောင်ကြောင်ပြီး ဗန်းမောက်ချောင်းအတွင်း ရေဆင်းချိုးရာမှ ရေနစ်သေဆုံးခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊ မဟုတ် ဗန်းမောက်မြို့မရဲစခန်းမှ စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

# ပေါင်းသတ်ဆေးအဆိပ်သင့်ကာ လူခြောက်ဦးသေဆုံးမှုဖြစ်ပွား

**ထန်းတပင် ဒီဇင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့မှ ကရင်ပြည်နယ် မြဝတီမြို့သို့ ရွှေ့ပြောင်းကာ အလုပ်သွားရောက်လုပ်ကိုင်သည့် အလုပ်သမားခြောက်ဦးသည် ပေါင်းသတ်ဆေးများပါဝင်သော ရေနှင့်ထမင်း/ဟင်းချက်ပြုတ်စားမိရာမှ သေဆုံးသွားခဲ့ကြောင်း သိရသည်။ ၎င်းတို့သည် ထန်းတပင်မြို့မှနေ၍ ယခု ဒီဇင်ဘာလဒုတိယအပတ်မှစတင်၍ မြဝတီမြို့ တောင်ဘက်မိုင် ၅၀ ခန့်အကွာ ဝေါလေမြို့ အနီးရှိ သစ်စက်လုပ်ငန်းလုပ်ကိုင်ရန်အတွက် ထွက်ခွာသွားခဲ့ကြခြင်းဖြစ်သည်။ အလုပ်မစတင်မီ ပြောင်းစိုက်ခင်းအတွင်းရှိ တဲဟောင်းတစ်လုံးတွင် နေထိုင်ကြပြီး သောက်သုံးရေ အလွန်ရှားပါးသည့်အတွက် တဲအနီးရှိ ပေါင်းသတ်ဆေးထည့်သည့် ဖိုက်ဘာပုံးအတွင်းရှိ ရေနှင့်ထမင်းဟင်းချက်ပြုတ်စားသောက်ခဲ့ရာ နောက်တစ်နေ့တွင် ဝမ်းလျှောခြင်း၊ အော့အန်ခြင်းတို့ဖြစ်ပေါ်ခဲ့၍ မြဝတီဆေးရုံသို့ တက်ရောက်ကုသခဲ့ရကြောင်း၊ ထိုမှတစ်ဆင့် နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံကြီးသို့ ရွှေ့ပြောင်းကုသခဲ့ပြီး ဒီဇင်ဘာ ၂၆ ရက်တွင် ဦးစိုးစိုး(၅၀နှစ်)၊ သီရိဟေမာရပ်ကွက်နေသူနှင့် ကိုကြည်နိုင် (၄၄နှစ်)တို့ သေဆုံးသွားခဲ့သည်။

ဒီဇင်ဘာ ၂၇ ရက်၌ ဦးထွန်းမြင့်မောင် (၅၀နှစ်) ဒီဇင်ဘာ၂၈ ရက်တွင် မောင်ဝေဖြိုးကျော်(၂၀နှစ်)နှင့် ကိုဖိုးကျော် (၄၀နှစ်) အောင်မင်္ဂလာရပ်ကွက်တို့သေဆုံးကာ ဒီဇင်ဘာ ၂၉ ရက် နံနက်တွင် ကိုမြိုင် (၄၀နှစ်) အောင်မင်္ဂလာရပ်ကွက်နေသူတို့သေဆုံးသွားခဲ့သည်။ "သူတို့ ထမင်းမချက်ခင် ရေကို နမ်းကြည့်သေးတယ်။ ဘာအနံ့မှ မရဘူးလို့ပြောတယ်။ ရေကလည်း အတော့်ကိုရှားတာ၊ သွားခပ်ဖို့ကလည်း တော်တော်ဝေးတယ်။ အဲဒီရက်ပိုင်းမှာ မိုးရွာတော့ ပိုးသတ်ဆေးထည့်သုံးတဲ့ ဖိုက်ဘာပုံးထဲမှာ ရေကရှိနေတော့ အဲဒီရေကိုပဲသုံးလိုက်တာ" ဟု သေဆုံးသူများနှင့် ဆွေမျိုးနီးစပ်တော်သူ တစ်ဦးက ပြောသည်။ **ကိုလွင်(ဆွာ)**

# ဘိန်းဖြူ ၁၄၃ ဂရမ် ဖမ်းဆီးရမိ

**မဘိမ်း ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ် မိုးမိတ်ခရိုင် မဘိမ်းမြို့နယ် လဝါကျေးရွာ ဒေသအခေါ်ကြက်ခြံလမ်းဆုံတွင် ဘိန်းဖြူ ၁၄၃ ဂရမ်ကို ဒီဇင်ဘာ ၂၇ ရက် နံနက်က ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ မဘိမ်းမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ဗိုလ်ဌေးနှင့် ရဲအုပ်ကျော်စန်းဝင်းဦးစီးတပ်ဖွဲ့ဝင်များသည် မဘိမ်းမြို့နယ်အတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ဆောင်ရွက်လျက်ရှိရာ လဝါကျေးရွာ ဒေသအခေါ် ကြက်ခြံလမ်းဆုံအနီးအရောက် ဆိုင်ကယ်မောင်းနှင်လာသည့် ဦးဟောကျိတ့်အား ရပ်တန့်ရှာဖွေစစ်ဆေးရာ ၎င်းလွယ်ထားသည့် ကျောပိုးအိတ်အတွင်းမှ ဘိန်းဖြူမှုန့် ၁၃ ဂရမ်ပါ ၁၁ ခွက်၊ စုစုပေါင်းအလေးချိန် ၁၄၃ ဂရမ်၊ ကာလတန်ဖိုး ငွေကျပ် ၂၅၇၄၀၀၀ ခန့်နှင့် တရုတ်နိုင်ငံလုပ်ပွိုင့် ၂၂ ပစ္စတိုတစ်လက်၊ ကျည်အိမ်တစ်ခု၊ ကျည်နှစ်တောင့်တို့ကို သိမ်းဆည်းရမိခဲ့သည်။ မူးယစ်ဆေးဝါးများ သယ်ဆောင်လာသူ တရားခံ ဦးဟောကျိတ့် (၃၉နှစ်)အား မဘိမ်းမြို့နယ်ရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ကျောက်စိမ်းတုံးများ ဖမ်းဆီးရမိ

**မူဆယ် ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်ခရိုင် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၌ mobile team အဖွဲ့သည် ဒီဇင်ဘာ ၂၉ ရက် ည ၇ နာရီခွဲခန့်က မူဆယ်မြို့နယ် မိုင်းယု (၁၀၅)မိုင် Asia World တိုးဂိတ်အနီးတွင် ကျောက်စိမ်းတုံးများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါ mobile teamအဖွဲ့သည် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ယာဉ်များအား စစ်ဆေးနေစဉ် မန္တလေးမှမူဆယ်ဘက်သို့ မောင်းနှင်လာသောယာဉ်ကို မသင်္ကာသဖြင့် ရပ်တန့်စစ်ဆေးခဲ့ရာ ကျောက်စိမ်းတုံးအရွယ်စုံ၊ ဆိုဒ်စုံများကို သယ်ဆောင်လာသည်ကို တွေ့ရှိရသဖြင့် ဖမ်းဆီးစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါဖမ်းဆီးရမိသော ပစ္စည်းများမှာ ကျောက်စိမ်းတုံး၊ ခဲခြမ်းအရွယ်စုံခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၀ သိန်းနှင့် လိုင်စင်ပါပိုင်ရှင်မဲ့ယာဉ်ကို အကောက်ခွန်ဦးစီးဌာနသို့ လည်းကောင်း၊ ကျောက်စိမ်းတုံးများကို မြန်မာ့ကျောက်မျက်ရတနာကုန်စည်ဒိုင်သို့လည်းကောင်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **သန့်စင်(မူဆယ်)**



YANGON INTERNATIONAL EXPO 2016
နံနက် (၉)နာရီ မှ ည (၆)နာရီ
တပ်မတော်ခန်းမ၊ ရန်ကုန်မြို့
၈.၁.၂၀၁၆ မှ ၁၁.၁.၂၀၁၆
ပြခန်းများစတင်ရောင်းချနေပါပြီ။ ဆုံးမြင်ရန် – Smart Business Group Ph:01-656875,667473,09-73014777



# အသင်းကြီးတွေထဲက ရှုံး/ထွက်ဘုရင် ဧရာဝတီ


ဧရာဝတီအသင်း ယာယီနည်းပြချုပ် ဦးကျော်လွင်

ဧရာဝတီအသင်းမှာ MNL ၏ အသင်းကြီးတစ်သင်းအဖြစ် ရပ်တည်နေသည့်အသင်းဖြစ်ပြီး ချန်ပီယံဆုများရယူထားနိုင်သည့် အသင်းဖြစ်သည်။ ဧရာဝတီအသင်းသည် အမှတ်ပေးပြိုင်ပွဲထက် ရှုံး/ထွက်ပြိုင်ပွဲတွင် အောင်မြင်မှုအစဉ်အလာ ပိုမိုကြီးမားပြီး ချန်ပီယံဆုသုံးကြိမ်အထိ ရယူနိုင်ခဲ့သည်။

ဧရာဝတီအသင်းသည် ပရီလိဂ်ပြိုင်ပွဲစတင်သည့် ၂၀၀၉ ခုနှစ်တွင် Delta United အသင်းအမည်ဖြင့် ယှဉ်ပြိုင်ခဲ့သော်လည်း ပထမဆုံးပြိုင်ပွဲဖြစ်သည့် MNL Cup ပြိုင်ပွဲတွင် ရလဒ်များဆိုးရွားခဲ့ခြင်းနှင့်အတူ အသင်းအမည်ပါပြောင်းလဲခဲ့ခြင်း ဖြစ်သည်။ ဧရာဝတီအသင်းသည် ၂၀၀၉ MNL အမှတ်ပေးပြိုင်ပွဲမှစတင်ကာ ထိပ်တန်းအသင်းအဖြစ် ရပ်တည်နိုင်ခဲ့ပြီး ချန်ပီယံဆုမရဖူးသော်လည်း ၂၀၀၉ ရာသီနှင့် ၂၀၁၁ ရာသီတို့တွင် ဒုတိယနေရာများရရှိခဲ့သည်။ ဧရာဝတီအသင်းသည် ၂၀၁၁ ရာသီတွင် ဒုတိယနေရာကို တစ်ရာသီအတွင်း ရှုံးပွဲမရှိ စံချိန်တင်ကာ ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်ထိ ကျန်အသင်းများ ချိုးဖျက်နိုင်ခြင်းမရှိသေးသည့် စံချိန်လည်းဖြစ်သည်။ ဧရာဝတီအသင်းမှာ ရှုံး/ထွက်ဘုရင်ဟု တင်စားရလောက်အောင် ရှုံး/ထွက် ပြိုင်ပွဲတွင် သုံးကြိမ်ဆက်ဗိုလ်စွဲထားသည့် ရှုံး/ထွက်ပြိုင်ပွဲကို ၂၀၁၀ ပြည့်နှစ်မှစတင်ကာ ၂၀၁၀၊ ၂၀၁၁၊ ၂၀၁၂၊ ၂၀၁၄၊ ၂၀၁၅ ခုနှစ်တို့တွင် ကျင်းပထားပြီး ၂၀၁၃ ခုနှစ်တွင် ဆီးဂိမ်းပြိုင်ပွဲကြောင့် ကျင်းပနိုင်ခြင်းမရှိခဲ့ပေ။ ဧရာဝတီအသင်းသည် ၂၀၁၀ နှင့် ၂၀၁၁ ခုနှစ်တို့တွင် အောင်မြင်မှုမရခဲ့သော်လည်း ၂၀၁၂၊ ၂၀၁၄၊ ၂၀၁၅ ခုနှစ်တို့တွင် သုံးကြိမ်ဆက်ဗိုလ်စွဲထားခြင်းဖြစ်သည်။ ၂၀၁၂ ဗိုလ်လုပွဲတွင် ကမ္ဘောဇအသင်း(ယခု ရှမ်းယူနိုက်တက်)၊ ၂၀၁၄ ဗိုလ်လုပွဲတွင် နေပြည်တော်အသင်း၊ ၂၀၁၅ ဗိုလ်လုပွဲတွင် ရတနာပုံအသင်းတို့ကို အနိုင်ရဗိုလ်စွဲထားခြင်းဖြစ်သည်။

ပြီးခဲ့သည့် ၂၀၁၅ ရာသီက ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက် ချန်ပီယံဆုနှင့် အမှတ်ပေးပြိုင်ပွဲတွင် စတုတ္ထနေရာရရှိခဲ့သည့် ဧရာဝတီအသင်းမှာ ရာသီကုန်တွင် အပြောင်းအလဲများစွာ ဖြစ်ပေါ်ခဲ့သည်။

ပြည်တွင်း အမာခံကစားသမားများဖြစ်သည့် ကျော်မင်းဦး၊ နေလင်းထွန်း၊ ဟိန်းသီဟဇော်၊ ထိုက်ထိုက်အောင်တို့ကို ထွက်ခွာခွင့်ပြုခဲ့ရပြီး နိုင်ငံခြားသားကစားသမား လေးဦးစလုံးနှင့် လမ်းခွဲခဲ့ရသည်။ ဧရာဝတီအသင်းသည် ၂၀၁၅ ရာသီက ပွဲထွက်နေသည့် ကစားသမားတစ်ဝက်ကျော် ဆုံးရှုံးခဲ့ရပြီး နည်းပြချုပ်နေရာအတွက်လည်း တည်ငြိမ်မှုမရှိသေးပေ။

ဧရာဝတီအသင်းကို ရှုံး/ထွက် ချန်ပီယံဆုရယူပေးခဲ့သည့် မာဂျန်ကို နည်းစနစ်ဒါရိုက်တာအဖြစ် ပြောင်းလဲခန့်အပ်ရန် အသင်းဘုတ်အဖွဲ့က စီစဉ်နေပြီး ဒီဇင်ဘာ ၂၉ ရက်အထိ ညှိနှိုင်းမှုအဆင်မပြေသေးပေ။ လက်ရှိတွင် ဦးကျော်လွင်က ယာယီနည်းပြချုပ်အဖြစ် ဆောင်ရွက်လျက်ရှိသည်။

ဧရာဝတီအသင်းသည် ရာသီသစ်အတွက် ပြည်တွင်း၊ ပြည်ပကစားသမား ၁၆ ဦး ခေါ်ယူထားပြီး နိုင်ငံခြားသားများအဖြစ် နိုင်ဂျီးရီးယားတိုက်စစ်မှူး ခရစ္စတိုဖာ၊ ဂျပန်ကွင်းလယ်တိုက်စစ်မှူး တာကူမူ၊ ဂါနာကွင်းလယ်လူယာကူဘူနှင့် ဂါနာနောက်ခံလူ ဟန်ဆန်တို့ကို ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ဟန်ဆန်သည် MNL အတွေ့အကြုံရှိ ကစားသမားတစ်ဦးဖြစ်ပြီး ရန်ကုန်၊ ရှမ်းယူနိုက်တက်၊ နေပြည်တော်နှင့် ဇွဲကပင်အသင်းတို့တွင် ကစားခဲ့ဖူးသူဖြစ်သည်။

ထို့ပြင် ပြည်တွင်း ကစားသမားခေါ်ယူမှုအဖြစ် လက်ရွေးစင်ဟောင်း ကျော်ဇေယျာဝင်း အပါအဝင် အောင်ဟိန်းကျော် (ဇေယျာရွှေမြေ)၊ အာကာနိုင်(ရတနာပုံ)၊ သိန်းနိုင်ဦး (ရှမ်းယူနိုက်တက်)၊ အောင်ရဲထွန်း (Southern)၊ နိုင်လင်းထွန်း(ဇွဲကပင်)၊ ဝေဖြိုး(ချင်းယူနိုက်တက်)၊ စထက်နိုင်ဝင်း(မနောမြေ)၊ ထွန်းလင်းစိုး(ဇေယျာရွှေမြေ)တို့ကိုခေါ်ယူထားပြီး လူငယ်ကစားသမားသုံးဦးကိုလည်း စာချုပ်ချုပ်ဆိုထားသည်။

ဧရာဝတီအသင်းသည် လာမည့်ရာသီတွင် ပြည်တွင်းပြိုင်ပွဲများအပြင် AFC Cup ပြိုင်ပွဲကိုလည်း ယှဉ်ပြိုင်ရမည်ဖြစ်ရာ အသင်းအပြောင်းအလဲများကြောင့် ရလဒ်ကောင်းရယူနိုင်ခြင်းရှိ မရှိကို ဧရာဝတီပရိသတ်များ စောင့်ကြည့်လျက်ရှိသည်။ ဧရာဝတီအသင်းသည် ရာသီသစ်တွင် ပထမဆုံးပြိုင်ပွဲအဖြစ် Charity Cup ပြိုင်ပွဲတွင် ရန်ကုန်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

"ကျွန်တော့်အနေနဲ့ အသင်းတာဝန်ရှိသူတွေရဲ့ တာဝန်ပေးချက်အရ ယာယီနည်းပြချုပ်အဖြစ် ဧရာဝတီအသင်းကို ကိုင်တွယ်နေပါတယ်။ ရာသီသစ်မစခင်မှာ ကစားသမားအပြောင်းအလဲ အများကြီးဖြစ်ထားတာကြောင့် အထိုင်ကျဖို့ ကစားကွက်နဲ့အံဝင်ဖို့ အဓိကလုပ်ဆောင်နေပါတယ်။ ရာသီကြို ခြေစမ်းပွဲတွေမှာ အနိုင်၊ အရှုံးရလဒ်ထက် အသင်းကစားကွက်နဲ့ ကစားသမားသစ်တွေရဲ့ ခြေစမ်းပိုင်းကိုအဓိကစမ်းသပ်ခဲ့တာပါ။ နိုင်ငံခြားသားကစားသမားတွေကလည်း ၁၀ ယောက်ကျော်လောက်အထိ လာရောက်စမ်းသပ်ခဲ့တာကြောင့် ရလဒ်ပိုင်း မတည်မငြိမ်ဖြစ်ခဲ့တာပါ။ အခုတော့ ရန်ကုန်နဲ့ ယှဉ်ပြိုင်ရမယ့် Charity Cup ပြိုင်ပွဲနီးကပ်လာတာကြောင့် ခြေစမ်းပွဲတွေမကစားတော့ဘဲ ဒီပြိုင်ပွဲအတွက် ပြင်ဆင်နေပါတယ်။ ဒီပြိုင်ပွဲက ရာသီသစ်အတွက် ပထမဆုံးပွဲဖြစ်တာကြောင့် အမှားအယွင်းမရှိအောင် ကြိုးပမ်းသွားမှာပါ။ ပြီးတော့ အသင်းရဲ့ခြေစွမ်းနဲ့ အနေအထားကိုလည်း သုံးသပ်လို့ရနိုင်ပါတယ်။ AFC Cup ပြိုင်ပွဲကတော့ ဖေဖော်ဝါရီလမှ ကစားရမှာဖြစ်တာကြောင့် လောလောဆယ်တော့ ဇန်နဝါရီလအတွင်း ယှဉ်ပြိုင်ရမယ့် Charity Cup နဲ့ အမှတ်ပေးပွဲတွေအတွက် ပြင်ဆင်နေပါတယ်။ လာမယ့်ရာသီမှာ အကောင်းဆုံးရလဒ်တွေရရှိအောင် ကြိုးပမ်းသွားမှာဖြစ်ပေမယ့် ရပ်တည်မှုတွေကတော့ ပြောဖို့စောပါသေးတယ်" ဟု ဧရာဝတီအသင်းယာယီနည်းပြချုပ် ဦးကျော်လွင်က ပြောကြားခဲ့သည်။

ဧရာဝတီအသင်းသည် ရာသီမစမီကျင်းပလေ့ရှိသည့် Charity Cup ပြိုင်ပွဲကို လေးကြိမ်မြောက် ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်ပြီး နှစ်ကြိမ်ဗိုလ်စွဲထားသည့် အသင်းဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-ဖိုးသော်ဇင်**


ဧရာဝတီအသင်းကခေါ်ယူထားသည့် နိုင်ဂျီးရီးယားတိုက်စစ်မှူး ခရစ္စတိုဖာ

## အရပ်ဘက်လူမှုအဖွဲ့အစည်းများကွန်ရက်ညှိနှိုင်းစည်းဝေး

**မန္တလေး ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီးဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများကွန်ရက်၏ ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ရတနာသိင်္ဂီဟိုတယ်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ အရပ်ဘက်လူမှုအဖွဲ့အစည်း ၃၀ နှင့် အဖွဲ့ဝင် ၅၀ ကျော်တို့ တက်ရောက်ကြသည်။ ရှေးဦးစွာ မန္တလေးမြို့ ပြဟ္မာစိုရ်အသင်းကြီးမှ ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး ရန်ကင်းအဖွဲ့မှ ဦးထွန်းထွန်းက Mandalay CSOs Network ၏ Strategic Approach၊ 2015 Action Draft နှင့် Activities in Detail ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသောလူမှုအဖွဲ့အစည်းများက ရှေ့လုပ်ငန်းစဉ်များဆွေးနွေးကြကြောင်း သိရသည်။

**အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

## မော်တော်ယာဉ်တင်သွင်းမည့်သူများနှင့် စပ်လျဉ်း၍ အခွန်ဆိုင်ရာ စိစစ်ဆောင်ရွက်လျက် ဝင်ငွေခွန်ပေးဆောင်ပြီးကြောင်း အထောက်အထားထုတ်ပေးမည့် အစီအစဉ်ဆိုင်ရာ အသိပေးကြေညာချက်

၂၀၁၆ခုနှစ် ဇန်နဝါရီ ၁ရက်မှ စတင်၍ ပြည်ပမှ မော်တော်ယာဉ်များ တင်သွင်းခွင့်ပြုရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)သို့ လျှောက်ထားရာတွင် အောက်ဖော်ပြပါ မော်တော်ယာဉ်/မော်တော်ဆိုင်ကယ် တင်သွင်းခြင်းများအတွက် ပြည်တွင်းအခွန်များဦးစီးဌာနမှ ထုတ်ပေးမည့် ဝင်ငွေခွန်ပေးဆောင်ပြီးကြောင်း အထောက်အထားပူးတွဲတင်ပြရန် လိုအပ်ပါသည်-

- နိုင်ငံခြားငွေစာရင်း ဖွင့်လှစ်ထားသော လူပုဂ္ဂိုလ်တစ်ဦးချင်းမှ တင်သွင်းခြင်း၊
- ပို့ကုန်/သွင်းကုန် ကုမ္ပဏီများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ကုမ္ပဏီများမှ တင်သွင်းခြင်း၊
- တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ပြည်ထောင်စုနယ်မြေကောင်စီ၏ ထောက်ခံချက်ဖြင့် တက္ကစီယာဉ်တင်သွင်းခြင်း၊
- မော်တော်ယာဉ်/မော်တော်ဆိုင်ကယ် ရောင်းချသည့်လုပ်ငန်းအတွက် တင်သွင်းခြင်း၊
- ပုဂ္ဂိုလ်တစ်ဦးချင်းမှ မော်တော်ဆိုင်ကယ် တင်သွင်းခြင်း၊

အထက်ဖော်ပြပါ မော်တော်ယာဉ်/မော်တော်ဆိုင်ကယ် တင်သွင်းခြင်းဆောင်ရွက်မည့်သူများအတွက် ဝင်ငွေခွန်ပေးဆောင်ပြီးကြောင်း အထောက်အထားထုတ်ပေးခြင်းကို အောက်ဖော်ပြပါရုံးနေရာတစ်ခုတည်းတွင် စိစစ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်-

**ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံး**
**ပြည်တွင်းအခွန်များဦးစီးဌာန**
**ညောင်ပင်ကြီးစုရပ်ကွက်၊ ပ၁/၂၇**
**ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။**

မော်တော်ယာဉ်တင်သွင်းရန် လျှောက်ထားမည့်သူ ကိုယ်တိုင်သို့မဟုတ် လျှောက်ထားမည့်သူမှ တရားဝင်ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူသည် ဝင်ငွေခွန်ထမ်းဆောင်ပြီးကြောင်း အထောက်အထားရယူနိုင်ရေးအတွက် အောက်ပါစာရွက်စာတမ်းအထောက်အထားများကို တစ်ပါတည်းယူဆောင်လာရန် လိုအပ်ပါသည်။

တင်သွင်းမည့် မော်တော်ယာဉ်၏ Invoice မူရင်း/မိတ္တူ
- နိုင်ငံခြားငွေ ဘဏ်စာအုပ် မူရင်း/မိတ္တူ
- နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ
- အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ
- ဝင်ငွေရလမ်းတင်ပြမည့် အထောက်အထား(ရှိလျှင်)
- ကိုယ်စားလှယ်ဖြစ်ပါက ကိုယ်စားလှယ်လွှဲစာ (SP)နှင့် နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ

မော်တော်ယာဉ်တင်သွင်းခြင်းအတွက် အသုံးပြုမည့်နိုင်ငံခြားငွေတန်ဖိုးနှင့် ပေးဆောင်ရမည့် အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန် ၁-၄-၂၀၁၆ရက်မှစတင်၍ ပေးဆောင်ရမည့် အခွန်အမျိုးအစားတို့အတွက် စုစုပေါင်းငွေ ပမာဏအပေါ် ဝင်ငွေရလမ်း စိစစ်ခြင်းကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ ဝင်ငွေရလမ်း စိစစ်ချက်အရ အသုံးပြုမည့်ဝင်ငွေအပေါ် လုံလောက်သော ဝင်ငွေရလမ်း တင်ပြနိုင်ပါကဝင်ငွေခွန် ထပ်မံထမ်းဆောင်စေခြင်းမပြုဘဲ ဝင်ငွေခွန်ထမ်းဆောင်ပြီးကြောင်း အထောက်အထားထုတ်ပေးမည် ဖြစ်ပါသည်။

ဝင်ငွေရလမ်းတင်ပြနိုင်ခြင်း မရှိပါက စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအဖြစ်သတ်မှတ်၍ ပြည်ထောင်စု၏ အခွန်ကောက်ဥပဒေပါ အခွန်နှုန်းများအတိုင်း ဝင်ငွေခွန်ပေးဆောင်စေပြီးမှ ဝင်ငွေခွန်ထမ်းဆောင်ပြီးကြောင်း အထောက်အထား ထုတ်ပေးမည်ဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းအမှတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ညွှန်ကြားရေးမှူး၊ အခွန်ဆိုင်ရာကြီးကြပ်ရေး ဌာနခွဲ၊ ဖုန်း-၀၆၇-၄၃၀၀၀၉
ညွှန်ကြားရေးမှူး၊ မူဝါဒနှင့်သုတေသနဌာနခွဲ၊ ဖုန်း-၀၆၇-၄၃၀၀၀၄

**ပြည်တွင်းအခွန်များဦးစီးဌာန**

POST ဂုဏ်ထူးဝင်သင်တန်း TEL;09420129333
၁၆၅၊(ပထပ်)ဆိပ်ကမ်းသာလမ်း(လယ်)ကျောက်တံတားမြို့နယ်
ကျန်းမာရေးမှူး (ဝင်ခွင့်အနီးကပ် နေ့စဉ်တက်)
ဥပဒေအရာရှိအဆင့်(၄) စနေ/တနင်္ဂနွေ
တရားရေးဝန်ထမ်း တနင်္ဂနွေ တစ်ရက်တက်
နည်းပြ/သင်္ချာပြ ရေးမြေ တနင်္ဂနွေ (၉:၀၀-၁၂:၀၀)
ကြားရက်နှင့် အနီးကပ်တန်းခွဲများထပ်ဖွင့်မည်။
တန်းခွဲအားလုံး ဖွင့်ပြီ

## ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက် ၄၉၇၊ မြေကွက်အမှတ် ၁၃၃၊ ဧရိယာ ၁ ဒသမ ၄၅၁ ဧက မြေကွက်တည်နေရာအမှတ် ၁၃၃၊ ဘားလား-ရွှေနံ့သာ သစ်ခွဇုန် ရွှေနံ့သာစံပြကျေးရွာအတွင်းရှိ မြေကွက်အား ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သစ်ခွစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်အမိန့်စာရရှိထားသူ ဦးဇင်ယော် ၁၂/ရကန(နိုင်)၀၁၅၀၇၁က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့၏ဂရန်လျှောက်ထားခြင်းအား ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်၊ လုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်စာမူရင်းတို့ကို တင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/3356, HONDA FIT GE6 HATCH BACK (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်မာလာဆွေ ၁၂/မဂဒ(နိုင်)၀၅၀၈၇၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့ ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးခွေး၏သမီး ဒေါ်အုံးမြ(ခ)ဒေါ်အုန်းမြ ၁၂/မဂဒ(နိုင်)၀၂၀၇၁၁ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်အုံးမြ(ခ)ဒေါ်အုန်းမြ**

## ကျေးဇူးဆပ်ပါမည်

၂၅-၁၂-၂၀၁၅ ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ကမ္ဘာအေးဘုရားလမ်း အရှေ့ဘက်ခြမ်း မှတ်တိုင်မှ စွယ်တော်ဘုရားသို့ TAXI ကားအဖြူရောင်ဖြင့် ငှားရမ်းပို့ခိုင်းခဲ့ရာ ကားအနောက်ခန်း၌ မိသားစု ဘုရားဖူးမှတ်တမ်းများပါရှိသော SONY အမျိုးအစားကင်မရာ အနက်ရောင်/အဖြူပါ အိတ်အနက်ရောင်ဖြင့် မေ့ကျန်ခဲ့ရာ ၄င်းကားပေါ်၌ ပါရှိသွားပါ၍ ရရှိထားပါက ကျွန်တော်များထံ ဆက်သွယ်အကြောင်းကြားပေးပါရန် လေးစားစွာ အထူးမေတ္တာရပ်ခံအပ်ပါသည်။ (ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်ပါမည်။)

**ဆက်သွယ်ရန်ဖုန်း-၀၉-၂၅၈၃၃၆၁၃၃၊ ၀၉-၂၆၃၂၇၃၅၈၇**

## ဖခင်အမည်မှန်

အုတ်တွင်း အထက Grade-VIII (B)မှ မသင်းသင်းနိုင်၏ ဖခင်အမည်မှန်မှာ ဦးသန်းထွေး ဖြစ်ပါကြောင်း။

**ဦးသန်းထွေး**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ် အထက(ခွဲ) ဆဋ္ဌမတန်း(က)မှ မချစ်သက်မိုးဝေ၏ ဖခင်အမည်မှန်မှာ ဦးမြင့်ကျော် ၁၄/ကလန(နိုင်)၁၃၈၀၄၂ ဖြစ်ပါကြောင်း။

**ဦးမြင့်ကျော်**
**၁၄/ကလန(နိုင်)၁၃၈၀၄၂**

## ပြင်ဆင်ဖတ်ရှုပါရန်

၃၀-၁၂-၂၀၁၅ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၃၀)ပါ ကိုအောင်မြတ်သူ(ခ)အေးကျော်သက်၁၂/ပဘတ(နိုင်)၀၃၂၅၀၀နှင့် အများသိစေရန် ကြေညာခြင်းကြော်ငြာတွင် တိုက်အမှတ်(၇၃/၅၇)စီအစား တိုက်အမှတ်(၇၃/၇၅)စီဟု ပြင်ဆင်ဖတ်ရှုပါရန်။

# ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းက ကင်ဆာဝေဒနာရှင်ပေါင်း ၄၉၅၅ ဦး ပြုစုစောင့်ရှောက်မှုပေးနိုင်ခဲ့

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း၏ (၁၈)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ဒီဇင်ဘာ ၂၈ ရက်က ရန်ကုန်မြို့ ကရဝိက်နန်းတော်၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် သဘာပတိဖောင်ဒေးရှင်းနာယက ဗိုလ်မှူးချုပ်အေဘယ်လ် (အငြိမ်းစား)နှင့် ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဦးမျိုးညွန့်တို့က အမှာစကားပြောကြားကြပြီး အလှူရှင်များက အလှူငွေများလှူဒါန်းကြသည်။



ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းနာယက ဗိုလ်မှူးချုပ်အေဘယ်လ်(ငြိမ်း)အား အလှူရှင်များက အလှူငွေများ လှူဒါန်းစဉ်။

ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းကို ကင်ဆာဝေဒနာရှင်များ ဘဝမကူးခင်စပ်ကြား နောက်ဆုံးအချိန်ကို အေးချမ်းစွာဖြတ်သန်းသွားနိုင်ရန် ရည်ရွယ်ပြီး ၁၉၉၈ ခုနှစ် အောက်တိုဘာ ၁၄ ရက်တွင် အိမ်တိုင်ရာရောက် ကျန်းမာရေးပြုစုစောင့်ရှောက်ခြင်းဖြင့် စတင်ခဲ့သည်။

"၂၀၀၀ ပြည့်နှစ်ကစပြီး ရန်ကုန်နဲ့မန္တလေးမှာ မေတ္တာရိပ်မွန်တွေ တည်ထောင်ပြီး လူမျိုးမရွေး၊ ဘာသာမရွေး ကင်ဆာဝေဒနာရှင်တွေကို ပြုစုစောင့်ရှောက်ပေးခဲ့တယ်။ ရှေ့ဆက်ပြီး နောက်ဆုံးအဆင့် ဝေဒနာရှင်တွေ ခံစားနေရတဲ့ နာကျင်မှုတွေကို အဓိကထားသက်သာအောင် ဆောင်ရွက်ပေးတယ်။ နိုင်ငံတကာစံညွှန်းအတိုင်း ပြုစုစောင့်ရှောက်ပေးတယ်။ ဆရာဝန်ကြီးတွေရဲ့ ခွင့်ပြုချက်အရ ဝေဒနာရှင်တွေ ဆေးသွင်းဖို့၊ ဓာတ်ကင်ဖို့ လိုအပ်လာရင်လည်း အခမဲ့ဆောင်ရွက်ပေးပါတယ်"ဟု ဦးလှထွန်း၏ မြေးဖြစ်သူ ဒေါ်ချောကလျာက ပြောသည်။

ယနေ့အထိ ရန်ကုန်နှင့်မန္တလေးရှိ မေတ္တာရိပ်မွန်များ၌ ကင်ဆာဝေဒနာရှင် စုစုပေါင်း ၄၉၅၅ ဦး ပြုစုစောင့်ရှောက်ပေးနိုင်ခဲ့ပြီး ကုန်ကျစရိတ်မှာ တစ်လ ငွေကျပ်သိန်း ၂၀၀ ကျော်ရှိကြောင်း၊ ကင်ဆာစင်တာရှိသည့် တောင်ကြီးနှင့် နေပြည်တော်တို့တွင်လည်း ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းများ တိုးချဲ့သွားရန် အစီအစဉ်ရှိကြောင်း ဖောင်ဒေးရှင်းမှ သိရသည်။

"စေတနာရှင်၊ အလှူရှင်တွေရဲ့ လှူဒါန်းငွေနဲ့ ရပ်တည်နေတာဖြစ်ပါတယ်။ ဒီ ဖောင်ဒေးရှင်းကြီး ရေရှည်တည်တံ့ဖို့၊ ကင်ဆာဝေဒနာရှင်တွေကို ပြုစုစောင့်ရှောက်ဖို့နဲ့ ရှေ့ဆက်ဖို့အတွက် အလှူရှင်တွေရဲ့ အလှူအင်အားတွေ လိုပါတယ်။ အလှူရှင်တွေရဲ့ လှူဒါန်းမှုအစုစုက ကင်ဆာဝေဒနာရှင်တွေအတွက် အများကြီးအကျိုးသက်ရောက်မှုရှိပါတယ်"ဟု ၎င်းကပြောသည်။

ကင်ဆာဝေဒနာရှင်များအတွက် လှူဒါန်းလိုပါက အမှတ်(၂)လမ်းမကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) ရန်ကုန်မြို့ ဖုန်း-၀၁၂၅၈၅၁၃၄ နှင့် မန္တလေးမြို့ ရန်ကင်းတောင်သွားလမ်း လမ်းရှေ့ဈေးအနီး ပုသိမ်ကြီးမြို့နယ် ဖုန်း-၀၂ ၅၀၀၇၀၁၁ တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။

**သတင်း - ရီရီမြင့်**
**ဓာတ်ပုံ - တင်စိုး**

# မြန်မာ့သမိုင်းပညာရှင် ဗိုလ်မှူးကြီးဘရှင်(ငြိမ်း) နှစ်တစ်ရာပြည့် ဂုဏ်ပြုပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ကမ္ဘာသိ မြန်မာ့သမိုင်းပညာရှင် ဗိုလ်မှူးကြီးဘရှင်(ငြိမ်း)၏ မွေးနေ့နှစ်တစ်ရာပြည့် ဂုဏ်ပြု အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက်က ရန်ကုန်မြို့ တော်ဝင်နှင်းဆီခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ စာရေးဆရာ ထက်မြက်က အမှာစကားပြောကြားပြီး သမိုင်းသုတေသီ ဒေါက်တာ နန်းလှိုင်က ဗိုလ်မှူးကြီး ဘရှင်အကြောင်း ဂုဏ်ပြုဟောပြောခဲ့သည်။

အခမ်းအနားသို့ နယ်ပယ်အသီးသီးမှ ဧည့်သည်တော် ၄၀၀ ကျော် တက်ရောက် ဂုဏ်ပြုခဲ့ကြောင်း သိရသည်။

ကမ္ဘာသိ မြန်မာ့သမိုင်းပညာရှင်ကြီး ဇေယျကျော်ထင် ဗိုလ်မှူးကြီး ဘရှင်(ငြိမ်း)ကို ၁၉၁၅ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ပျဉ်းမနားမြို့ ရွာကောက်ရပ်၌ မွေးဖွားခဲ့ပြီး ဂျပန်ခေတ် အာရှလူငယ်အစည်းအရုံး ဉာဏဗလတာဝန်ခံ၊ ဗမာ့ကာကွယ်ရေးတပ်မတော်၌ ဗိုလ်ကြီး၊ တပ်မတော် ပညာရေးအရာရှိ၊ ပဲခူးစံပြတပ် တပ်မတော် သမိုင်းနည်းပြနှင့် ဂျပန်တော်လှန်ရေးတွင် တိုင်း(၄)မှ ပါဝင်ခဲ့သည်။

၁၉၄၅-၅၆တွင် တပ်မတော်၌ ဗိုလ်မှူးနှင့် အင်္ဂလန်တွင် စစ်သံမှူးဒုတိယဗိုလ်မှူးကြီး၊ ၁၉၆၀-၇၀ တွင် မြန်မာနိုင်ငံ သမိုင်းကော်မရှင် အစောဆုံးမှ အလယ်ခေတ်အထိ ကျမ်းပြုအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သလို မြန်မာနိုင်ငံ သုတေသနအသင်း အမှုဆောင်၊ မြန်မာစာ ကော်မရှင်အဖွဲ့ဝင် ရန်ကုန်တက္ကသိုလ် သမိုင်းဘွဲ့လွန်သင်တန်းများတွင် အထူးကထိကတာဝန်များ ထမ်းဆောင်ရင်း ထင်ရှားသည့် စာအုပ်များဖြစ်သည့် ခေတ်သစ်မာယာ၊ အနော်ရထာအရင်က မြန်မာနိုင်ငံ၊ မြန်မာနိုင်ငံသမိုင်း၊ ပုဂံမင်စာစု၊ စစ်ရေး၊ နိုင်ငံရေး၊ လူမှုရေးဆိုင်ရာ သမိုင်းစာတမ်း၊ မြန်မာနိုင်ငံ ကျေးလက်ပြုပြင်ရေးစာတမ်းနှင့် မြန်မာနိုင်ငံရှိ ပုဂံဘုရားအကြောင်းနှင့် Loka Hteik Pan စာအုပ်တို့ကို ရေးသားခဲ့သည့် ကမ္ဘာသိ စာရေးဆရာ သမိုင်းပညာရှင်တစ်ဦးဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်း ဆင့်ပွားသင်တန်းဖွင့်

**ဗန်းမော် ဒီဇင်ဘာ ၃၀**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်း၍ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ်သင်တန်းများ ဖွင့်လှစ်လျက်ရှိရာ ဒီဇင်ဘာ ၂၈ ရက်က ဗန်းမော်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ သဘာဝဘေးလျော့ပါးရေးစေတနာ့ဝန်ထမ်းလူငယ် (ဆင့်ပွား) သင်တန်း ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်ဝေက သင်တန်းဖွင့် အမှာစကားပြောကြားပြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမင်းသိန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ၂၀၁၅ ခုနှစ် ဇူလိုင်နှင့် ဩဂုတ်လများအတွင်း မြန်မာနိုင်ငံတစ်ဝန်း ဖြစ်ပွားခဲ့သည့် ရေကြီးမှုဖြစ်စဉ်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်အစိုးရက ရှာဖွေကယ်ဆယ်ရေး၊ အရေးပေါ်တုန့်ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုများ၊ ဆက်လက်ဆောင်ရွက်မည့် သဘာဝဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများအကြောင်း မှတ်တမ်းကိုပရိုဂျက်တာဖြင့်ပြသခဲ့သည်။

ယင်းသင်တန်းများကို ပြည်နယ်အတွင်း သဘာဝဘေးဖြစ်ပွားလေ့ရှိသည့် ဒေသများဖြစ် သော မိုးညှင်းခရိုင်၊ ပူတာအိုခရိုင်၊ ဖားကန့်မြို့နယ်နှင့် မိုးကောင်းမြို့နယ်တို့တွင် ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**




# ယနေ့ခေတ် ဘာသာရေးပြဿနာများ

၃၀-၁၂-၂၀၁၅

ဤစာအုပ်သည် ဆရာတော် ဦးဉာဏဓဇ အစိုးရဓမ္မာစရိယ





ဘီအီး (လျှပ်စစ်စွမ်းအား) ရေးသားပြုစုသော စာအုပ်ဖြစ်ပြီး ဓမ္မဒါနအဖြစ် ထုတ်ဝေခြင်းဖြစ်သည်။

စာအုပ်တွင် ရှင်ရဟန်းငယ်များအတွက် သိဖွယ်၊ အထွေထွေဘာသာရေးပြဿနာများနှင့် ပရိယတ်ကဏ္ဍဟူ၍ အပိုင်း သုံးပိုင်းပါဝင်ပြီး အမေးအဖြေများ ရောနှောပါဝင်ရေးသားထားသည်။

ရှင်ရဟန်းငယ်များအတွက် အဓိက ဦးတည် ရေးသားထားသော သိက္ခာပုဒ်များအကြောင်း ပါဝင်သည်။

# ဘယ်လိုလုပ်ကြမလဲနှင့် အခြားဆောင်းပါးများ

"ကိုယ့်အလုပ်ကိုသာ အောင်မြင်အောင် အသေအချာလုပ်လိုက်ပါ။ လူတစ်ဦးချင်းစီရဲ့ လုံ့လဝီရိယနဲ့ ထက်သန်မှုခွန်အားဟာ တိုင်းပြည်ကို တိုးတက်အောင်၊ ရှေ့သွားအောင် တကယ်စွမ်းဆောင်နိုင်ပါတယ်။ လူတိုင်းမှာ ဒီအမြင်ရှိနေရပါမယ်။ နိုင်ငံတစ်နိုင်ငံရဲ့ ရေရှည်တန်ဖိုးဟာ နိုင်ငံတော်ကို ဖွဲ့စည်းထားတဲ့ တစ်ဦးချင်း လူသားများပါပဲ" ဟု ဂျွန်စတူးဝပ်မီး(လ်)က ရေးခဲ့သည်။




စာရေးဆရာ ချစ်နိုင် (စိတ်ပညာ) ၏ ဘယ်လိုလုပ်ကြမလဲနှင့် အခြားဆောင်းပါးများ စာအုပ်တွင် ဖော်ပြထားခြင်းဖြစ်သည်။

"သင်ဟာ အောင်မြင်မှုကို ငတ်မွတ်ဆာလောင်နေသူဆိုရင် သင့်ဘဝကို ဖြတ်သန်းရမယ့် အကောင်းဆုံးနည်းလမ်းက အောင်မြင်သူတွေနဲ့ နီးနီးကပ်ကပ်နေထိုင်ခြင်းပါပဲ။ သူတို့နဲ့အချိန်ဖြုန်းပါ။ သူတို့ ဘယ်လိုအလုပ်လုပ်သလဲကြည့်ပါ။ သူတို့ဘယ်လိုတွေးတောသလဲသင်ယူပါ" စသည်ဖြင့် နေ့စဉ်သတင်းစာစောင်များတွင် ဖော်ပြခဲ့သော ဆောင်းပါးများ ပါဝင်သည်။ SMART စာပေမှ တန်ဖိုး ငွေကျပ် ၂၂၀၀ ဖြင့် ဖြန့်ချိသည်။

# ကြည်အောင်(ကေတုမတီ) ၏ နိုင်ငံ့ဂုဏ်ရည်ကဗျာများ

ကဗျာစာဆို ကြည်အောင် (ကေတုမတီ)၏ နိုင်ငံ့ဂုဏ်ရည် ကဗျာများစာအုပ်ကို နိုင်ငံ့ဂုဏ်




ရည်စာပေမှ ဖြန့်ချိလိုက်သည်။

ဓမ္မဝတ်ရည် စမ်းရေကြည် ကဗျာစု၊ သုတ၊ ရသ၊ ဒဿနနှင့် တောလေ့အလှ သဘာဝကဗျာစုဟူ၍ အခန်းကဏ္ဍပိုင်းခြားဖော်ပြထားပြီး ကဗျာပုဒ်ရေ ၇၀ ပါဝင်သည်။ ကဗျာချစ်သူ စာချစ်သူများအတွက် ဆရာ၏ ရင်တွင်းဖြစ်စာပေရတနာဖြစ်သော၊ စည်းစနစ်ဖြင့် ကျစ်လျစ်စွာဖြင့် သီကုံးထုံးဖွဲ့ထားသော ကဗျာများကို ခံစားနိုင်ရန်အတွက် ရောင်းဈေး ငွေကျပ် ၂၀၀၀ ဖြင့် ဝယ်ယူဖတ်ရှုနိုင်ပါသည်။ **(မြန်မာ့အလင်း)**

# စိမ့်စမ်းရေ သွယ်ယူခြင်းလုပ်ငန်းများ စစ်ဆေး

**ရွာင် ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်သော လင်းဝေးကျေးရွာရေသွယ်ယူခြင်းလုပ်ငန်း (၆/၀) မိုင်အား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးသိန်းမြတ်ထိုက်နှင့် ဝန်ထမ်းများက ဒီဇင်ဘာ ၂၈ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာအတွင်းရှိ အိမ်ခြေ ၁၆၄ အိမ်မှ လူဦးရေ ၃၂၈ ဦးအတွက် သောက်သုံးရေများဖူလုံပြည့်ဝစွာ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ရွာင်)**

# ပျက်သုဉ်းနေသော အထင်ကရနေရာများ

သိပ္ပံစာရေးဆရာကိုကိုအောင်

မျက်မှောက်ကာလတွင် စက်မှုနှင့် အီလက်ထရွန်နစ်နည်းပညာနှင့် လုပ်ငန်းများအရှိန်အဟုန်ဖြင့် တိုးတက်ထွန်းကားလျက်ရှိနေသလို . . . အကျိုးဆက်အဖြစ် အခြားတစ်ဖက်၌လည်း ရာသီဥတုပြောင်းလဲလာမှုနှင့် ဂေဟစနစ်ပျက်ယွင်းမှုတို့ကြောင့် သဘာဝအရင်းအမြစ်များ တိမ်ကောပျက်သုဉ်းလျက်ရှိနေသည်။

လူတို့က မိမိအကျိုးစီးပွားအတွက် သဘာဝအလျောက်ရှင်သန်နေသော သတ္တဝါများကို အလွန်အကျွံ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် ဓာတ်မြေဩဇာများကို အဆမတန်သုံးစွဲနေကြခြင်း၊ သစ်ပင်များကို အလွန်အကျွံခုတ်လှဲဖြိုဖျက်ခြင်း၊ ဓာတ်ကြွင်းပစ္စည်းများကို နည်းလမ်းတကျ စွန့်ပစ်မှုမရှိခြင်း၊ နှစ်ပေါင်းရာနှင့်ချီ၍ ကြာမြင့်သည့်တိုင် ဆွေးမြည့်ပျက်စီးမှု မဖြစ်နိုင်သော ဝတ္ထုပစ္စည်းကြီးငယ်တို့ကို စည်းကမ်းမဲ့စွန့်ပစ်ခြင်း၊ ဂေဟစနစ် မပျက်ယွင်းအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်မှုမရှိခြင်း စသည်တို့ကြောင့် သစ်တောများ လျင်မြန်စွာပြုန်းတီးနေခြင်း၊ လေထုညစ်ညမ်းမှု တိုး၍ဖြစ်ပေါ်နေခြင်း၊ ဖန်လုံအိမ်အာနိသင် တိုးမြင့်နေခြင်း၊ ကမ္ဘာ့ပျမ်းမျှအပူချိန်မြင့်တက်နေခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ မျိုးသုဉ်းယုတ်လျော့လျက်ရှိနေခြင်း၊ သတ္တဝါများ မျိုးဗီဇပြောင်းလဲ၍ ဂေဟစနစ်ကို ခြိမ်းခြောက်နေခြင်းစသည့် အကျိုးဆက်များနှင့်အတူ ကမ္ဘာ့ရာသီဥတု ဖောက်ပြန်ပြောင်းလဲနေခြင်းကိုပါ တွေ့ကြုံခံစားနေရသည်။

ရာသီဥတု ပြောင်းလဲလာခြင်းသည် သဘာဝပတ်ဝန်းကျင်ကို ခြိမ်းခြောက်လျက်ရှိနေပြီး ဂေဟစနစ်ကိုလည်း ဆိုးဆိုးရွားရွား ထိခိုက်စေလျက်ရှိသည်။ အလားတူပင် တစ်ချိန်က ကမ္ဘာ့အထင်ကရနေရာများအဖြစ် တည်ရှိခဲ့ကြသော ရေခဲတောင်နှင့် ရေခဲမြစ်များ၊ သန္တာကျောက်တန်းကြီးများ၊ သဘာဝဘေးမဲ့တောများ၊ မိုးသစ်တောများ၊ ရှေးဟောင်းသမိုင်းဝင်နေရာများနှင့် အဆောက်အအုံများ စသည်တို့၏ အနေအထားမှာလည်း တစ်နေ့တခြား ယုတ်လျော့ကျဆင်းလျက်ရှိနေပြီး အချို့မှာ ပျက်သုဉ်းပျောက်ကွယ်လုအနေအထားသို့ပင် ရောက်ရှိနေပြီဖြစ်သည်။

### အရည်ပျော်နေသော အန္တာတိကတိုက်

ကမ္ဘာ့တောင်ဝင်ရိုးစွန်းရှိ အန္တာတိကတိုက်တွင် အပူချိန်မြင့်တက်လာခြင်းနှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲလာခြင်း၏ ဆိုးကျိုးများအဖြစ် ဧရာမရေခဲပြင်ကြီးများ အရည်ပျော်လာနေခြင်းကြောင့် အဆိုပါဒေသရှိ ပင်လယ်ဖျံများနှင့် ပင်ဂွင်းငှက်များ၏ ရှင်သန်မှုကို ခြိမ်းခြောက်လျက် ရှိနေသည်။ ဤကဲ့သို့ ဧရာမရေခဲပြင်ကြီးများ အရည်ပျော်လာခြင်းသည် ကမ္ဘာတစ်ဝန်းရှိ ပင်လယ်နှင့် သမုဒ္ဒရာများ၏ ရေမျက်နှာပြင်ကိုပါ မြင့်တက်လာစေလျက်ရှိသည်။

### ကယ်တင်နေရသည့် ဗင်းနစ်မြို့

ကမ္ဘာကျော်စာရေးဆရာကြီး ရှိတ်စပီးယား၏ နာမည်ကျော် ဗင်းနစ်မြို့က ကုန်သည်ကြီးများ ဝတ္ထုထဲ၌ ဇာတ်အိမ်နောက်ခံအဖြစ် ရေးသားခဲ့သော အီတလီနိုင်ငံ၏ ကမ္ဘာကျော်ရှေးဟောင်းမြို့ ဗင်းနစ်သည်လည်း တစ်စတစ်စ ပျက်စီးလာသည့်အန္တရာယ်နှင့် ကြုံတွေ့နေရပြီဖြစ်သည်။ သိပ္ပံနှင့်နည်းပညာမထွန်းကားမီ လွန်ခဲ့သည့် နှစ်ပေါင်း ၁၆၀၀ ကျော် အချိန်ကာလက တည်ထောင်ခဲ့သော ဗင်းနစ်မြို့သည် ပင်လယ်ထုံးအိုင်တစ်ခုပေါ်တွင် တည်ဆောက်ထားမိခြင်းကြောင့် နှစ်ကာလရှည်ကြာလာသည်နှင့်အမျှ တဖြည်းဖြည်း အောက်သို့နိမ့်ဆင်းလာနေရုံမျှမက ကမ္ဘာကြီးပူနွေးလာမှု၏ အကျိုးဆက်ဖြစ်သည့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုကြောင့် အဆိုပါမြို့ပတ်လည်ရှိ ပင်လယ်ရေမျက်နှာပြင်မှာ မြို့ကို စတင်တည်ထောင်ခါစအချိန်ကထက် ခြောက်ပေခွဲနီးပါး မြင့်တက်လာနေပြီ ဖြစ်သည်။

ဒီရေတက်တိုင်း ပင်လယ်ရေ၏ လွှမ်းမိုးမှုကို အမြဲလိုလိုခံနေရသော ဗင်းနစ်မြို့၏ ကမ္ဘာကျော် ရှေးဟောင်းအဆောက်အအုံများမှာ ပင်လယ်ဆားငန်ရေကြောင့် ပျက်စီးမှုများစွာနှင့် ကြုံတွေ့နေရသည်။ လက်ရှိတွင် အီတလီအစိုးရသည် ဗင်းနစ်မြို့ပျက်သုဉ်းမည့်အန္တရာယ်ကိုကာကွယ်နိုင်ရန် ဒေါ်လာခုနစ်ဘီလီယံ အကုန်အကျခံလျက် ရွှေ့ပြောင်းရေတားတမံစနစ်ကို အပူတပြင်း တည်ဆောက်ရင်း ကြိုးပမ်းလျက်ရှိနေသည်။



ပီရူးနိုင်ငံမှ အင်ကာယဉ်ကျေးမှုအမွေအနှစ် မာချူးပစ်ချူး ရှေးဟောင်းအဆောက်အအုံများ။

### အာဖရိက၏ အမြင့်ဆုံးတောင်

တန်ဇန်းနီးယားနိုင်ငံ အရှေ့မြောက်ပိုင်းရှိ ကီလီမန်ဂျာရိုးတောင်သည် အာဖရိကတိုက်တွင် အမြင့်ဆုံးဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်းနှစ်သောင်းခန့် မြင့်မားသည်။ သဘာဝပေါက်ပင်ဇုန်ကြီး ငါးခုနှင့် ဇီဝမျိုးစုံမျိုးကွဲ အများအပြားရှိနေသည့် ဒေသတစ်ခုဖြစ်သည်။ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သုတေသနပညာရှင်များနှင့် လေ့လာသူအတော်များများသည် အဆိုပါဒေသတွင် လနှင့်ချီ၍ အခြေချနေထိုင်ရင်း အံ့မခန်းများပြားလှသော ဇီဝမျိုးစိတ်များစွာတို့ကို ရှာဖွေဖော်ထုတ်ကြသည်။ အလားတူပင် မိုးလေဝသဆိုင်ရာ သိပ္ပံပညာရှင်များကလည်း အဆိုပါဒေသရှိ ရေခဲမြစ်များကို အထူးတလည် သုတေသနပြုလျက်ရှိနေသည်။

ကမ္ဘာ့အပူချိန် မြင့်တက်လာမှုကြောင့် အဆိုပါတောင်ပေါ်ရှိ ရေခဲမြစ်များသည် အလွန်လျင်မြန်သောနှုန်းဖြင့် တဖြည်းဖြည်း ပျောက်ကွယ်လျက်ရှိနေသည်။ သိပ္ပံပညာရှင်များသည် လွန်ခဲ့သော နှစ်ပေါင်းထောင်ချီကာလက ဖြစ်ပေါ်ခဲ့သည့် မိုးလေဝသအခြေအနေကို သိရှိနိုင်ရန် ရေခဲမြစ်၏ အစိတ်အပိုင်းများကို သုတေသနပြုရင်း လေ့လာကြရသည့်အတွက် အကယ်၍ အဆိုပါဒေသရှိ ရေခဲမြစ်အားလုံး ပျောက်ကွယ်သွားမည်ဆိုပါက တန်ဖိုးကြီးမားလှသည့် ရှေးနှစ်ပေါင်းများစွာက မိုးလေဝသမှတ်တမ်းများကို လက်လွှတ်ဆုံးရှုံးကြရတော့မည် ဖြစ်သည်။

### ပျောက်ကွယ်တော့မည့် ရေခဲမြစ်များ

အလားတူပင် အမေရိကန်ပြည်ထောင်စု မွန်တားနားပြည်နယ်ရှိ ဟက်တာလေးသိန်းကျော်ကျယ်ဝန်းသော အမျိုးသားသဘာဝဥယျာဉ်ကြီးအတွင်းရှိ ရေခဲမြစ်များသည်လည်း ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် ပျက်သုဉ်းပျောက်ကွယ်လျက် ရှိနေသည်။ ၁၈၅၀ ပြည့်နှစ်က ရေခဲမြစ်ပေါင်း ၁၅၀ ခန့်ရှိခဲ့ရာမှ ယနေ့အချိန်တွင် ရေခဲမြစ် ၂၆ စင်းသာလျှင် ကျန်ရှိတော့သည်။ လက်ရှိကြုံတွေ့နေကြရသော ကမ္ဘာကြီးပိုမိုပူနွေးလာနေမှုနှင့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲနေမှုများကို အချိန်မီ မတားဆီးမပြုပြင်နိုင်ပါက နောင်လာမည့် အနှစ်နှစ်ဆယ်အတွင်း ရေခဲမြစ်အားလုံး ပျောက်ကွယ်သွားမည်ဟု သိပ္ပံပညာရှင်များက ခန့်မှန်းတွက်ချက်ထားကြသည်။

### မဟာသန္တာကျောက်တန်းကြီး

တစ်နေ့တခြား မြင့်မားလာနေသည့် ပင်လယ်ရေအပူချိန်ကြောင့် ပင်လယ်ရေတိမ်ပိုင်းရှိ သန္တာကျောက်တန်းများမှာလည်း ပျက်စီးလျက်ရှိနေသည်။ ဩစတြေးလျကမ်းလွန်ရှိ ကမ္ဘာကျော်သန္တာကျောက်တန်းကြီး Great Barrier Reef ၏ နေရာအချို့တွင် မူလအရောင်ဖြစ်သည့် အဝါ၊ အညိုနှင့် အစိမ်းရောင်များ ကျွတ်သွားကာ ဖြူဖပ်ဖြူရော် ဖြစ်လာခဲ့သည်။ ပင်လယ်ရေအပူချိန်တိုးလာမှုကြောင့် သန္တာကျောက်တန်းများ၏ အသက်ရှင်ရပ်တည်မှုအတွက် လိုအပ်သော အယ်လ်ဂျေးခေါ် ဇီဝပစ္စည်းများကို စွန့်ထုတ်ပစ်လိုက်ကြရသည့်အတွက် ဖြူရော်ရော်အရောင်သို့ ပြောင်းလဲသွားရခြင်း ဖြစ်သည်။ ပင်လယ်ရေအောက်ဂေဟစနစ်၏ အဓိပတိဖြစ်သော သန္တာကျောက်တန်းများ လုံးဝပျက်စီးသွားမည်ဆိုလျှင် ငါးမျိုးစိတ်ပေါင်း သုံးထောင်ကျော်နှင့် လင်းပိုင်မျိုးစိတ် နှစ်ဆယ်ကျော်တို့ မျိုးသုဉ်းပျောက်ကွယ်မည့် အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ကြရဖွယ် ရှိသည်။

### ဂါလာပါဂိုးစ်ကျွန်းစု

အီကွေဒေါနိုင်ငံ ကမ်းခြေမှ မိုင် ၅၆၀ ခန့်အကွာ ကမ်းလွန်ပင်လယ်ပြင်အတွင်း၌ရှိသော နာမည်ကျော် ဂါလာပါဂိုးစ်ကျွန်းများသည် သစ်ပင်အမျိုးမျိုး၊ ပင်လယ်နှင့် ကုန်းတွင်းသတ္တဝါအမျိုးမျိုးတို့ ရှင်သန်ပေါက်ပွားလျက်ရှိနေခြင်းကြောင့် ထင်ရှားကျော်ကြားလျက်ရှိသည်။ ဤကဲ့သို့ ဇီဝမျိုးစုံမျိုးကွဲတို့ ပေါကြွယ်လှသောကျွန်းစုသို့ လာရောက်လည်ပတ်ကြသည့် ကမ္ဘာလှည့်ခရီးသည်များက မိမိတို့ယူဆောင်လာသည့် ဒေသရှိရင်းစွဲမဟုတ်သော အပင်များကို စိုက်ပျိုးထားခဲ့ကြရာမှ ဒေသရှိရင်းစွဲဂေဟစနစ် ပျက်ယွင်းပြီး ဇီဝမျိုးများ ပျက်သုဉ်းဆုံးရှုံးကာ ကျွန်းစု၏ သာယာလှပမှုမှာ တစ်စတစ်စ ပျက်စီးလာတော့သည်။ ကျွန်းစုသို့ လာရောက်လည်ပတ်သော ကမ္ဘာလှည့်ခရီးသည်များက ကျွန်းစု၏ဂေဟစနစ်နှင့် သာယာလှပမှုကို တစ်နေ့တခြား ဖျက်ဆီးလျက်ရှိနေခြင်းကြောင့် ဇီဝမျိုးများ မျိုးသုဉ်းပျောက်ကွယ်တော့မည့်အန္တရာယ်နှင့် ရင်ဆိုင်နေရလျက်ရှိသည်။

### အင်ကာယဉ်ကျေးမှု အမွေအနှစ်

အဆိုပါကျွန်းစုများမှာကဲ့သို့ပင် လာရောက်လည်ပတ်ကြသူတို့၏ မဆင်မခြင်လုပ်ရပ်များကြောင့် ယဉ်ကျေးမှုအမွေအနှစ်များ ဆုံးရှုံးရမည့်ကိန်းဆိုက်နေသော ဒေသတစ်ခုမှာ ပီရူးနိုင်ငံရှိ ကမ္ဘာကျော် မာချူးပစ်ချူး ရှေးဟောင်းအဆောက်အအုံများရှိရာ ဒေသပင် ဖြစ်သည်။ အဆိုပါဒေသသို့ နှစ်စဉ်ကမ္ဘာလှည့်ခရီးသည် သောင်းနှင့်ချီ၍ လာရောက်လည်ပတ်လျက်ရှိရာ ရှေးဟောင်းလက်ရာများကို အကြီးအကျယ် ထိခိုက်ပျက်စီးစေလျက်ရှိသည်။ ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်မှုကို စနစ်တကျ စိစစ်ထိန်းချုပ်နိုင်ခြင်းမရှိပါက ခရီးသည်တို့၏ မဆင်မခြင်လုပ်ရပ်များစွာတို့ကြောင့် တစ်ချိန်က အလွန်ကြီးကျယ်ခမ်းနားခဲ့သော အင်ကာယဉ်ကျေးမှုခေတ်၏ အဖိုးတန်အမွေအနှစ်များ ပျက်သုဉ်းတော့မည့်အရေးနှင့် ရင်ဆိုင်ကြုံတွေ့ရဖွယ် ရှိနေသည်။

### ရှေးဟောင်းနေထိုင်မှုပုံစံ

ဖင်လန်နိုင်ငံ လက်ပ်လင်းဒေသတွင် လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့သော ရှေးဟောင်းသစ်တောများတွင် နေထိုင်ကြသည့် ဒေသခံဆာမီတိုင်းရင်းသားများသည် ရိန်းဒီးယားသမင်များ မွေးမြူခြင်းကို လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်ကတည်းကပင် အစဉ်အဆက် လုပ်ကိုင်နေထိုင်လာခဲ့ကြသည်။ ဆာမီတိုင်းရင်းသားတို့သည် အလွန်ရှေးကျသော နေထိုင်စားသောက်မှုပုံစံအတိုင်း မပြောင်းလဲဘဲ နေထိုင်လျက်ရှိကြသည့်အတွက် ကမ္ဘာ့လူသားတို့အနေဖြင့် ရှေးနှစ်ပေါင်းများစွာက အခြေခံကျကျ ရှေးရိုးဆန်ဆန် မည်သို့နေထိုင်စားသောက်ခဲ့ကြသည်ကို သိလိုကြသော ကမ္ဘာ့လှည့်ခရီးသည်များသည် အဆိုပါဒေသတွင် ညအိပ်ညနေ စခန်းချနေထိုင်ပြီး လေ့လာခဲ့ကြသည်။

ယင်းဒေသတွင် အကျိုးအမြတ်များစွာ ရရှိနိုင်သော သက်တမ်းရင့်အပင်ကြီးများကို ခုတ်လှဲခဲ့ကြသောကြောင့် ဒေသခံသမင်တို့အတွက် အစားအစာ အလွန်ရှားပါးသွားခဲ့သည်။ လုံးပတ်အလွန်ကြီးမားတုတ်ခိုင်သော ဒေသရှိရင်းစွဲ သက်တမ်းရင့်အပင်ကြီးများ၏ အခေါက်များကို ရိန်းဒီးယားသမင်များက အာဟာရအဖြစ် စားသုံးကြရသည့် အားလျော်စွာ. . . ထိုအပင်ကြီးများ ပျက်သုဉ်းသွားမှုကြောင့် ရိန်းဒီးယားသမင်များ ပေါက်ပွားရှင်သန်နိုင်ရန် အခက်အခဲများစွာ ဖြစ်ပေါ်ခဲ့ရသည်။ သုတေသီတို့က ယင်းဒေသတွင် သက်တမ်းရင့်နှစ်ရှည်ပင်များမှာ ငါးရာခိုင်နှုန်းခန့်သာ ကျန်ရှိတော့ကြောင်း လေ့လာတွေ့ရှိခဲ့ကြသည်။

ဤအကျိုးဆက်ကြောင့် ဆာမီတိုင်းရင်းသားတို့၏ အလွန်လှပသော တောရိုင်းမြေများ ပျက်သုဉ်းသွားရုံမျှမက ရိန်းဒီးယားသမင်များမွေးမြူခြင်းဖြင့် အသက်မွေးရင်း ရှေးရိုးဆန်ဆန် ကျင့်သုံးနေထိုင်ခဲ့ကြသော ယင်းတိုင်းရင်းသားတို့၏ စိတ်ဝင်စားဖွယ်ရာ ရှေးဟောင်းနေထိုင်မှုပုံစံများမှာလည်း တဖြည်းဖြည်း ပျောက်ကွယ်လျက်ရှိနေပြီဖြစ်သည်။

### တိမ်ကောတော့မည့် ဗိသုကာမြို့တော်

ကမ္ဘာတစ်ဝန်းလုံးရှိ အဆောက်အအုံဒီဇိုင်နာများက အထူးအလေးထား လေ့လာနေကြရသည့် မာလီနိုင်ငံ တင်ဘတ်တူမြို့သည် တစ်ချိန်က အနောက်အာဖရိက၏ ယဉ်ကျေးမှုမြို့တော်ကြီး ဖြစ်ခဲ့သည်။ မြေအုတ်များဖြင့်တည်ဆောက်ထားသော ဗိသုကာလက်ရာမြောက် အဆောက်အအုံများစွာတို့ တင်ဘတ်တူမြို့ကို ကမ္ဘာသိထင်ရှားစေခဲ့သည်။ ယနေ့ခေတ် ဗိသုကာအကျော်အမော်များအနေဖြင့် အရေးကြီးသော အဆောက်အအုံတစ်ခုကို ပုံစံထုတ်တော့မည်ဆိုလျှင် အဆိုပါယဉ်ကျေးမှုမြို့တော်သို့ အရောက်သွား၍ ဗိသုကာလက်ရာပုံစံများကို လေ့လာမှီငြမ်းနေကြရဆဲ ဖြစ်သည်။

ထိုဒေသတွင် တစ်ချိန်က မြေဆီဩဇာ အလွန်ကောင်းမွန်မှုကြောင့် ရှေးဟောင်းအဆောက်အအုံများနှင့် ပန်းရလှသော မြက်ခင်းပြင်ကြီးများနေရာတွင် ယနေ့ခေတ် ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်း၏ အကျိုးဆက်ကြောင့် မြေဆီလွှာကုန်ခန်းပြီး ခြောက်သွေ့ပျက်စီးကာ သဲကန္တာရများ ကျယ်ပြန့်လာလျက်ရှိနေခြင်းကြောင့် ရှေးဟောင်းအဆောက်အအုံများ ပျက်စီးပျောက်ကွယ်သွားတော့မည့် အန္တရာယ်နှင့် ရင်ဆိုင်နေရပြီဖြစ်သည်။

### ထိန်းသိမ်းစောင့်ရှောက်ကြဖို့

အထက်ဖော်ပြပါ ပျက်သုဉ်းလျက်ရှိနေသော ကမ္ဘာ့အထင်ကရနေရာများ၏ သာဓကအချို့ကို လေ့လာသင်ခန်းစာယူရင်း၊ ကျယ်ကျယ်ပြန့်ပြန့် ထိခိုက်ပျက်စီးနေသော ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ကြီး၏ အနေအထားကို မူလအခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိအောင် ကမ္ဘာ့နိုင်ငံတိုင်း၊ လူသားတိုင်းက မဖြစ်မနေလုပ်ဆောင်ကြရန် လိုအပ်နေပြီဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သိပ္ပံပညာရှင်များ၊ သစ်တောဆိုင်ရာပါရဂူများ၊ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သုတေသီများ၊ မျိုးဗီဇဆိုင်ရာ သုတေသနပညာရှင်များ၊ ဂေဟဗေဒဆိုင်ရာ ကျွမ်းကျင်သူများနှင့်အတူ ကမ္ဘာ့လူသားအားလုံးတို့က ဟန်ချက်ညီညီ ကြိုးပမ်းအားထုတ်သွားကြခြင်းအားဖြင့် အချိန်မနှောင်းမီ ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ကြီး ထိခိုက်ပျက်စီးနေမှုများကို ကယ်တင်စောင့်ရှောက်နိုင်ကြမည် ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် လူသားတို့နှင့်တကွ ဇီဝမျိုးစုံမျိုးကွဲတို့၏ အနာဂတ်ကို လှပအောင်ပုံဖော်ပေးနေခြင်းပင် ဖြစ်ပေသည်။



မာလီနိုင်ငံ တင်ဘတ်တူမြို့မှ ရှေးဟောင်းဗိသုကာလက်ရာ အဆောက်အအုံများ။

# ဘီလူးချောင်း ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းများ မတ်လကုန်တွင် ပြီးစီးအောင် ဆောင်ရွက်မည်

**လွိုင်ကော် ဒီဇင်ဘာ ၃၀**

ကယားပြည်နယ် လွိုင်ကော်မြို့လယ်သို့ ဖြတ်သန်းစီးဆင်းနေသော ဘီလူးချောင်းကို ရေစီးရေလာကောင်းမွန်စေရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် သာယာလှပရေးအတွက် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၆၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဘီလူးချောင်း ရေရှည်တည်တံ့ရေးအတွက် သဲနုန်းတူးဖော်ခြင်း၊ ချုံနွယ်သဲသောင်များ ရှင်းလင်းခြင်း၊ ချောင်းအတွင်းရှိ ကျွန်းကြီးများကိုဖယ်ရှားခြင်း၊ ချောင်း၏ ဝဲယာနှစ်ဖက်တွင် ကျောက်စီမြေထိန်းနံရံပြုလုပ်ခြင်း စသည့် လုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေကျပ်သန်း ၂၀၀၀ အထိ သုံးစွဲပြီး လုပ်ငန်းများကို အပိုင်းငါးပိုင်းခွဲ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



အပိုင်း (၁)တွင် ကျောက်ပြားတံတားမှ မှုံပြာရွာအထိ သဲနုန်းတူးဖော်ခြင်း၊ အပိုင်း (၂) တွင် ကျောက်ပြားတံတားမှ ဂျပန်သံတံတားကြား သဲနုန်းတူးဖော်ခြင်း၊ အပိုင်း (၃) တွင် ဂျပန်သံတံတားမှ ကျောက်ပြားတံတားအထိ ချုံနွယ်သဲသောင်များ ရှင်းလင်းခြင်း၊ အပိုင်း (၄) တွင် ဒေါတခြားရေတံခါးအနီးရှိ ကျွန်းကြီးများကို ဖယ်ရှားခြင်း၊ အပိုင်း(၅)တွင် ကျောက်ပြားတံတားမှ ဂျပန်သံတံတားအထိ ချောင်း၏ဝဲယာနှစ်ဖက် ကျောက်စီမြေထိန်းနံရံများ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

လုပ်ငန်းများကို နိုဝင်ဘာ ၂၀ ရက်မှစ၍ လုပ်သားအင်အား ၃၀၀ ခန့်နှင့် စက်ယာဉ်ယန္တရား ၄၀ ကျော်ဖြင့် ဆောင်ရွက်နေပြီး ဒီဇင်ဘာ ၂၉ ရက်အထိ လုပ်ငန်းပြီးစီးမှုမှာ ကျောက်စီမြေထိန်းနံရံ ၆၃ ရာခိုင်နှုန်း၊ ကျွန်းမြွာများဖယ်ရှားခြင်းနှင့် သဲသောင်များဖယ်ရှားခြင်း ၇၀ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။ လုပ်ငန်းများကို ၂၀၁၆ ခုနှစ် မတ်လကုန်တွင် အပြီးဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

ကျောက်စီမြေကာနံရံ တည်ဆောက်ခြင်းလုပ်ငန်းတွင် ချောင်းဝဲယာ နှစ်ဖက်ပေါင်း ပေ ၁၀၂၀၀ ရှိပြီး သောင်တူးဖော်ဖယ်ရှားခြင်းလုပ်ငန်းတွင် ၉၉၁၇၁ ကျင်း ဖယ်ရှားမည်ဖြစ်သည်။ လက်ရှိအချိန်တွင် လုပ်ငန်းများ မပြီးစီးသေးသော်လည်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေစဉ်အတွင်း ဘီလူးချောင်း၏ သန့်ရှင်းသာယာလှပလာပုံကို သိသာစွာမြင်တွေ့ရသောကြောင့် ဒေသခံပြည်သူများအနေဖြင့် ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**

---

## ဘိုးဘွားများအား ဆေးအမျိုးမျိုး လှူဒါန်းထောက်ပံ့

**ကန့်ဘလူ ဒီဇင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ငါတို့ကျေးရွာ သာသနာ့ဝေပုလ္လကာရီ ဘုန်းတော်ကြီးကျောင်း၌ သက်ကြီးဘိုးဘွားများအား အာယုဒါနဆေးပစ္စည်း ထောက်ပံ့လှူဒါန်းပွဲကို ဒီဇင်ဘာ ၂၇ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဆေးအမျိုးမျိုးထောက်ပံ့လှူဒါန်းပွဲတွင် ဆရာတော်အရှင်ကေသရက ဆေးပစ္စည်းလှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းမိန့်ကြားပြီး စေတနာရှင်အလှူရှင်များက သက်ကြီးဘိုးဘွား ၁၀၃ ဦးအား တိုင်းရင်းဆေး၊ အာရုံကြောအားတိုးဆေး၊ ချောင်းဆိုးပျောက်ဆေး၊ အားဆေးအမျိုးမျိုး၊ ငါးကြီးဆီ စသည့် ဆေးပစ္စည်းမျိုးစုံ ၁၅ မျိုးကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

ဆေးအမျိုးမျိုး လှူဒါန်းနိုင်ရန်အတွက် စေတနာရှင်အလှူရှင်များအနေဖြင့် လူတစ်ဦး တစ်လလျှင် ၁၀၀ ကျပ်နှုန်းဖြင့် တစ်နှစ်လျှင် ၁၂၀၀ ကျပ် စုဆောင်း၍ အခြားအလှူရှင်များနှင့်စုပေါင်းကာ လှူဒါန်းခြင်းဖြစ်ကြောင်း၊ နှစ်စဉ်ဒီဇင်ဘာလတွင် ငါတို့၊ ညဏ်အင်း၊ ရွာသစ်နှင့် ရွာမကျေးရွာများမှ သက်ကြီးဘိုးဘွားများအား ဆေးပစ္စည်းများလှူဒါန်းပွဲ ကျင်းပကြောင်း ဆရာတော်က မိန့်ကြားသည်။ ဆေးအမျိုးမျိုး လှူဒါန်းပွဲအပြီးတွင် ကန့်ဘလူမြို့ ခုတင် (၁၀၀) ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများက သက်ကြီးဘိုးဘွားများနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေးပေးပြီး ဆေးဝါးအခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

---

## ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေး ထရန်စဖော်မာများတိုးချဲ့တပ်ဆင်

**ရေတာရှည် ဒီဇင်ဘာ ၃၀**

ကျေးလက်ဒေသများတွင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားစေရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဓာတ်အားများ တိုးချဲ့ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြို့လှကျေးရွာအုပ်စုတွင် ၁၁/၀.၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာနှစ်လုံးကို တပ်ဆင်ပေးခဲ့ကြောင်းသိရသည်။ ထရန်စဖော်မာသစ်နှစ်လုံး တိုးချဲ့တပ်ဆင်ပေးသည့်အတွက် မြို့လှကျေးရွာအုပ်စုအတွင်းရှိ ဈေး(၂)၊ စီပင်သာ၊ မြို့မြေ၊ ဈေး(၁)၊ စိုင်ဂေါင်း၊ ရွှေမြိုင်နှင့် အေးသာယာကျေးရွာများတွင် လျှပ်စစ်ဓာတ်အားများ ပြည့်ဝစွာသုံးစွဲနိုင်ပြီဖြစ်၍ ဒေသခံပြည်သူများ အဆင်ပြေလျက်ရှိကြောင်းသိရသည်။



ထို့အတူ ဓာတ်အားစနစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျေးလက်ဒေသများသို့ပါ တိုးချဲ့ပြီးဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် မြောက်ပါးရပ်ကွက်၌လည်း ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေဓာတ်အားခွဲရုံကို JICA ၏အစီအစဉ်ဖြင့် ထပ်မံတည်ဆောက်သွားမည်ဖြစ်ကြောင်း ရေတာရှည်မြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ **ကိုလွင်(ဆွာ)**

---

## ငါန်းဇွန်မြို့၌ သုတစုံလင်ဗုဒ္ဓဝင် ရေးဖြေစာမေးပွဲစစ်ဆေး

**ငါန်းဇွန် ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် ဓမ္မစကူးလ်ဖောင်ဒေးရှင်းက ကြီးမှူးကျင်းပသော မြို့နယ်လုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်(စင်တင်နှုတ်ဖြေ)ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ဝင်ခွင့်ရေးဖြေစာမေးပွဲကို ငါန်းဇွန်မြို့ အခြေခံပညာအထက်တန်းကျောင်း တိုးချဲ့ခန်းမဆောင် (၁)နှင့်(၂)၌ ဒီဇင်ဘာ ၂၈ ရက်က စစ်ဆေးခဲ့သည်။

"ဒီရေးဖြေစာမေးပွဲကို ဝင်ရောက်ဖြေဆိုကြတဲ့ ဓမ္မစကူးလ်ကျောင်းသားကျောင်းသူတွေထဲက အမှတ်အများဆုံးရတဲ့ ကျောင်းသား ကျောင်းသူ ၃၆ ဦးကိုသာ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၃ ရက်မှာ ကျင်းပမယ့် သုတစုံလင်ဗုဒ္ဓဝင်(စင်တင်နှုတ်ဖြေ)ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမှာပါ"ဟု သုတစုံလင်ဗုဒ္ဓဝင်(စင်တင်နှုတ်ဖြေ) ပြိုင်ပွဲကျင်းပရေးကော်မတီဝင် ဘဏ္ဍာရေးမှူး ဦးခင်ဇော်ဦးက ပြောသည်။ စာမေးပွဲသို့ မြို့နယ်အတွင်းရှိ ဓမ္မစကူးလ်ကျောင်းပေါင်း ၁၇ ကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၉၇ ဦး ဝင်ရောက်ဖြေဆိုကြကြောင်း သိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

---

## ချောင်းကောက်တံတားသစ် တည်ဆောက်မှုများ မကြာမီပြီးစီးတော့မည်

**မင်းလှ ဒီဇင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ် မင်းဘူး-မင်းလှ ကားလမ်းရှိ ချောင်းကောက်ချောင်းတံတားကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၃)(ပခုက္ကူ)က တာဝန်ယူဆောက်လုပ်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်မှု ၉၉ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး ဒီဇင်ဘာလကုန်ပိုင်းတွင် ရာနှုန်းပြည့် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

ချောင်းကောက်တံတားသစ်သည် သံကူကွန်ကရစ် အမျိုးအစားတံတားဖြစ်ပြီး ကားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေရှိကာ တံတားအရှည်မှာ ပေ ၂၄၀ ဖြစ်သည်။ မော်တော်ယာဉ်တစ်စီးချင်း ဝန်အလေးချိန် တန် ၆၀ ခံနိုင်အားရှိမည်ဖြစ်ကြောင်း တံတားဆောက်လုပ်ရေးတာဝန်ခံ အင်ဂျင်နီယာ ဦးပြည့်ဖြိုးအောင်က ပြောသည်။



"တံတားကို ဇွန် ၁ ရက်က စတင်ပြီး တည်ဆောက်ခဲ့ပါတယ်။ အခု ဒီဇင်ဘာလကုန်မှာ လုပ်ငန်းပြီးမြောက်ဖို့ ကျွန်တော်တို့တံတားအထူးအဖွဲ့ ဆောက်လုပ်ရေး အလုပ်သမားတွေက နေ့ရော၊ ညပါ ဆောင်ရွက်လျက်ရှိပါတယ်။ တံတားအပိုင်းပြီးသွားရင်လည်း လမ်းအပိုင်းကို ပိုပြီးကောင်းမွန်ချောမွေ့အောင် တိုင်းဒေသကြီးအစိုးရက ဆက်လက်ဆောင်ရွက်သွားဦးမှာပါ"ဟု ၎င်းက ဆက်ပြောပြသည်။

ယခင် ချောင်းကောက်တံတားဟောင်းသည် ကျဉ်းမြောင်း၍ သက်တမ်းမှာလည်း ကြာမြင့်ပြီဖြစ်သောကြောင့် ယိုယွင်းမှုများရှိခဲ့ကာ ဖြတ်သန်းသွားလာရာတွင် အဆင်မပြေမှုများရှိခဲ့ကြောင်း၊ ယခု ချောင်းကောက်တံတားသစ် ထပ်မံတည်ဆောက်လိုက်ပြီဖြစ်သည့်အတွက် ခရီးသွားပြည်သူများအနေဖြင့် လွယ်ကူချောမွေ့စွာ ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ကျော်စွာ(မကွေး)**

---

## လွိုင်လင်ဆေးရုံကြီး၌ အကူသူနာပြုသင်တန်းဖွင့်

**လွိုင်လင် ဒီဇင်ဘာ ၃၀**

ဝေးလံသည့်ဒေသများတွင် နေထိုင်သော ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ လွိုင်လင်ခရိုင် အထွေထွေရောဂါကုဆေးရုံကြီး၌ အကူသူနာပြု(ပြင်ပ)သင်တန်းကို ဒီဇင်ဘာ ၂၉ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် လွိုင်လင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးအောင်ဟိန်းကျော်က အမှာစကားပြောကြားပြီး ဆေးရုံအုပ်ကြီး ဒေါက်တာဇေယျာက သင်တန်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ လည်းကောင်း၊ သူနာပြုအုပ်ဒေါ်မာလာဦးက သင်တန်းစည်းကမ်းများ၊ သင်တန်းတွင်ပို့ချမည့် ဘာသာရပ်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။ အဆိုပါ သင်တန်းသို့ သင်တန်းသူ ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ကိုးလကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နွေစပါးများ ကေသုံးဆတိုး၍ စိုက်မည်

**မုံရွာ ဒီဇင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆန်ဖူလုံစွာ စားသုံးနိုင်ရန်နှင့် ပိုလျှံသောစပါးများကို တင်ပို့ရောင်းချနိုင်ရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နွေစပါးစိုက်ရာသီတွင် နွေစပါးကို ယခင်နှစ် ရာသီထက် သုံးဆတိုး၍ စိုက်ပျိုးသွားရန် လျာထားကြောင်း သိရသည်။

ယခင်နှစ်က ဧက ၁၇၀၀၀၀ ကျော် စိုက်ပျိုးခဲ့ရာမှာ ယခုနှစ်တွင် သုံးဆခန့်တိုး၍ ဧက ၅၁၀၀၀၀ ကျော်အထိ စိုက်ပျိုးနိုင်ရန် လျာထားကြောင်း၊ ယခုအခါတွင် ခရိုင်အချို့၌ နွေစပါးများ စတင်စိုက်ပျိုးနေကြပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ်မိုးရာသီက တိုင်းဒေသကြီးအတွင်းမှာ ရေကြီးရေလျှံမှုတွေဖြစ်ခဲ့တော့ မိုးစပါးစိုက်ပျိုးမှုက နောက်ကျတယ်။ ဒါကြောင့် ဒီနှစ်နွေစပါးစိုက်ချိန်က အချိန်နည်းနည်း လွဲနိုင်တယ်။ ဒီနှစ်က မိုးကောင်းခဲ့တော့ ဆည်ရေက အလုံအလောက်ရှိတယ်။ နောက်ပြီး မိုးစပါးမစိုက်လိုက်ရတဲ့ နေရာတွေရှိတဲ့အတွက် ခါတိုင်းနှစ်ထက်စာရင် ဒီနှစ် နွေစပါးကို ပိုပြီးစိုက်ပျိုးနိုင်ဖို့ လုပ်နေပါတယ်။ မနှစ်ကတော့ နွေစပါးကို ဧကတစ်သိန်းခုနစ်သောင်းကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ်တော့ ဧကငါးသိန်း တစ်သောင်းကျော် စိုက်ပျိုးနိုင်ဖို့အတွက် လျာထားဆောင်ရွက်လျက်ရှိပါတယ်။ အခုခန္တီးခရိုင်နဲ့ ကသာခရိုင်အတွင်းမှာ စိုက်ပျိုးနေပါပြီ။ ကျန်တဲ့နေရာတွေမှာလည်း မိုးစပါးရိတ်သိမ်းပြီးတာနဲ့ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ပျိုးထောင်ရေးလုပ်ငန်းတွေကို လုပ်ဆောင်နေပါပြီ"ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် နေထိုင်ကြကာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင် စားသောက်ကြသူများဖြစ်ရာ အခြေခံလိုအပ်ချက်ဖြစ်သော စားနပ်ရိက္ခာဖူလုံရေးသည် အဓိကတာဝန်ကြီး တစ်ရပ်ဖြစ်သဖြင့် ဆန်ဖူလုံစွာ စားသုံးနိုင်ရန်နှင့် ပိုလျှံသောစပါးများကို တင်ပို့ရောင်းချနိုင်ရန်အတွက် နွေစပါးတိုးမြှင့်စိုက်ပျိုးရန် လျာထားခြင်းဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# အင်းလေးတွင် ခရမ်းချဉ်သီး တစ်ပိဿာ ၁၀၀ ကျပ်အထိဈေးကျ ရောင်းသူသာရှိပြီး ဝယ်သူမရှိသဖြင့် တောင်သူများအရှုံးပေါ်

**အင်းလေး ဒီဇင်ဘာ ၃၀**

ခရမ်းချဉ်သီး အများအပြားစိုက်ပျိုးသော ဒေသတစ်ခုဖြစ်သည့် အင်းလေးဒေသတွင် ခရမ်းချဉ်သီး ဈေးနှုန်း တစ်ပိဿာလျှင် ကျပ် ၁၀၀ ခန့်အထိ ကျဆင်းနေသည့်အပြင် ရောင်းသူသာရှိပြီး ဝယ်သူမရှိသဖြင့် နွားများကို ကျွေးပစ်ရသည်အထိ ဖြစ်နေကြောင်း သိရသည်။

ယခုအချိန်တွင် အင်းလေးဒေသမှ ခရမ်းချဉ်သီးများ ထွက်ချိန်၌ မြန်မာတစ်နိုင်ငံလုံး တစ်ပြိုင်တည်းထွက်ရှိနေသောကြောင့် ဈေးကွက်ပျောက်ကာ ခရမ်းချဉ်သီးတစ်ပိဿာလျှင် ၁၀၀ ကျပ်ဈေးအထိ ကျနေခြင်းဖြစ်ကြောင်း၊ ခရမ်းချဉ်စိုက်တောင်သူများမှာ လုပ်အားခရှုံး၊ စရိတ်ရှုံး၊ မျိုးစေ့ဖိုးဆုံးကာ အရှုံးနှင့်ရင်ဆိုင်နေကြရကြောင်း သိရသည်။ ပွဲရုံများမှာလည်း ဝယ်လက်မရှိဘဲဖြစ်နေကြရာ အင်းလေးဒေသမှ ခရမ်းချဉ်စိုက်တောင်သူများမှာ ထွက်ရှိသော ခရမ်းချဉ်သီးများကို နွားကျွေးပစ်ရသည်အထိဖြစ်နေပြီး စိတ်ပျက်နေကြကြောင်း သိရသည်။

ညောင်ရွှေမြို့ရှိ ခရမ်းချဉ်သီးပွဲရုံများမှာလည်း ဝယ်လက်မရှိတော့သဖြင့် အခြားမြို့များသို့ ခရမ်းချဉ်သီးမတင်ပို့ရသောကြောင့် ပွဲရုံရှိ ခရမ်းချဉ်သီးအမှည့်များကို သွန်ပစ်နေကြရကြောင်း၊ ပွဲရုံတစ်ရုံလျှင် အချိန် ၄၀၀၀ ကျော်ခန့် သွန်ပစ်နေရကြောင်းသိရသည်။ ခရမ်းချဉ်သီး ဈေးကွက်မှာ ဝါထပ်သောနှစ်များတွင် ဈေးကွက်ပျက်ပြီး သုံးနှစ်တစ်ကြိမ်ခန့် ဖြစ်ပွားတတ်ကြောင်း သိရသည်။

အင်းလေးဒေသတွင် ရွာပေါင်း ၃၀ ကျော်၌ ခရမ်းချဉ်စိုက်ပျိုးကြပြီး ကေလာကျေးရွာ၊ မင်းချောင်းကျေးရွာ၊ ကျေးစားကုန်ကျေးရွာ၊ တုံးလည်ကျေးရွာ၊ တောင်ပို့ကြီးကျေးရွာ၊ ကျွန်းကြီးကျေးရွာနှင့် သပြေပင်ကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြသည်။ ပုံမှန်အားဖြင့် ခရမ်းချဉ်သီးစထွက်ချိန်တွင် တစ်ရက်လျှင် ပိဿာချိန် ၂၅၀၀၀ ခန့်ထွက်သည်။ ခရမ်းချဉ်သီး တစ်တင်းပိဿာ ၃၀ လျှင် ၅၀၀၀ ကျပ်မှ ၆၀၀၀ ကျပ်အထိ ရရှိကြသည်။ တော်သလင်း၊ သီတင်းကျွတ်လများတွင် ခရမ်းချဉ်သီးဈေးကောင်းပြီး တစ်တင်းလျှင် ၃၃၀၀၀ ကျပ် အထိ ဈေးရရှိကြသည်။

ညောင်ရွှေတွင် ခရမ်းချဉ်သီးပွဲရုံ ၅၀ ခန့်ရှိသည်။ ခရမ်းချဉ်သီးပွဲရုံများမှ အင်းခရမ်းချဉ်သီးများကို ၁၂ ဘီးကား၊ ၁၀ ဘီးများဖြင့် ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ မကွေး၊ စစ်ကိုင်းတိုင်းဒေသကြီးများသို့ လက်ကားတင်ပို့ကြပြီး ၁၂ ဘီးကားတစ်စီးလျှင် သေတ္တာ ၅၀၀(ကုန်ချိန် ၁၀၀၀၀)နှင့် ၁၀ ဘီးကားတစ်စီးလျှင် သေတ္တာ ၄၀၀(ကုန်ချိန် ၈၅၀၀)ခန့်ဖြင့် တင်ပို့ရောင်းချကြသည်။

မြန်မာနိုင်ငံ ဒေသအများအပြားတွင် ခရမ်းချဉ်ကို စိုက်ပျိုးရာ၌ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲလများတွင် အများဆုံးစိုက်ပျိုးကြသည်။ ရှမ်းပြည်တွင် တပေါင်း၊ တန်ခူး၊ ကဆုန်၊ နယုန်လများတွင် စိုက်ပျိုးကာ အင်းလေးဒေသတွင် ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်လများတွင် စိုက်ပျိုးကြသည်။ မတ်လတွင် မျိုးစေ့ချ၍ ဇွန်လတွင် ခရမ်းချဉ်သီးရသည်။ အင်းလေးဒေသတွင် ခရမ်းချဉ်စိုက်ရာတွင် ကျွန်းမျောများဖြင့် စိုက်ပျိုးကြပြီး ကျွန်းမျော ပေ ၄၀၀ တွင် ခရမ်းချဉ်ပင် ၆၀၀ မှ ၉၀၀ အထိ စိုက်ပျိုးကြသည်။

မြန်မာပြည်တွင် ခရမ်းချဉ်သီးကို မိတ္ထီလာ၊ ပျော်ဘွယ်၊ ရမည်းသင်း၊ တပ်ကုန်း၊ ပျဉ်းမနား ဒေသများတွင် စိုက်ပျိုးကြပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ကျောက်မဲ၊ သီပေါ၊ နောင်ချို၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် မုံရွာ၊ ချောင်ဦးနှင့် မြောင်မြို့နယ်များတွင် စိုက်ပျိုးကြကာ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် အောင်ပန်း၊ ရွာငံ၊ ရွှေညောင်၊ ညောင်ရွှေနှင့် အင်းလေးဒေသများတွင် အများဆုံးစိုက်ပျိုးကြသည်။ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ထိုင်ဝမ်ခရမ်းချဉ်သီးများကိုလည်း စိုက်ပျိုးလျက်ရှိသည်။

**တင်လှိုင်(မိတ္ထီလာ)**



ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီသည် ဒီဇင်ဘာ ၂၉ ရက်က မော်တော်ယာဉ်ဥပဒေသစ်ကို အများပြည်သူသိရှိလိုက်နာနိုင်ရန် အသိပညာပေး ဗီနိုင်းပိုစတာစိုက်ထူပွဲကို တာချီလိတ်-ကျိုင်းတုံသွားလမ်း ဟောင်လိတ်လမ်းဆုံ၌ ကျင်းပစဉ်။ (ခရိုင် ပြန်/ဆက်)

# မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ဘီးလင်း ဒီဇင်ဘာ ၃၀**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနသည် မြစိမ်းရောင်ကျေးရွာများအား အရင်းမပျောက်လည်ပတ် ရန်ပုံငွေဖြင့်ကျေးရွာရှစ်ရွာ၌အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါမြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအား ဒီဇင်ဘာ ၂၈ရက်က သထုံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးဝင်း၊ မြို့နယ်ဦးစီးမှူး ဦးမြင့်နိုင်ဦးနှင့် ဝန်ထမ်းများက အရက်သီမကျေးရွာနှင့် ကြိမ်ဖန်ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေး၍ စာရင်းဇယားပုံစံများ စနစ်တကျရေးသွင်းနည်းများကို လက်တွေ့သင်ကြားပြသပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# သုဝဏ္ဏဘူမိမြို့ဟောင်း စတင်တူးဖော်လျက်ရှိ

**မော်လမြိုင် ဒီဇင်ဘာ ၃၀**

မွန်ပြည်နယ်ရှိ သုဝဏ္ဏဘူမိမြို့ဟောင်းကို ဒီဇင်ဘာလဆန်းမှစ၍ တူးဖော်လျက်ရှိကြောင်း မွန်ပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဒေါက်တာမင်းနွယ်စိုးက ပြောကြားသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ ကျပ်သိန်း ၈၀၀ နှင့် အလှူရှင်များထံမှရရှိငွေ ကျပ်သိန်း ၃၀၀၊ စုစုပေါင်း ကျပ်သိန်း ၁၁၀၀ ကို အသုံးပြု၍ တူးဖော်နေခြင်းဖြစ်ကြောင်း သိရသည်။

သုဝဏ္ဏဘူမိမြို့ဟောင်းကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလကလည်း ပြည်ထောင်စုရန်ပုံငွေ ကျပ်သိန်း ၂၀၀ ဖြင့် စတင်တူးဖော်ခဲ့ပြီး အုတ်ချပ်များ၊ ဂဝံအုတ်ကြွများ၊ အုတ်ခွက်ဘုရား အကျိုးအပဲ့များ၊ ဆီမီးခွက်များ၊ ဒင်္ဂါးပြားများ စသည့် ပစ္စည်းအမျိုးပေါင်း ၁၀၀ ကျော်ကို တွေ့ရှိခဲ့ကြောင်း၊ တူးဖော်ရာမှ တွေ့ရှိသော ပစ္စည်းများကို မော်လမြိုင်မြို့ ယဉ်ကျေးမှုပြတိုက်တွင် စနစ်တကျထိန်းသိမ်းထားကြောင်း တူးဖော်ရေးအဖွဲ့ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

သုဝဏ္ဏဘူမိမြို့ဟောင်းအကြောင်း စာတမ်းဖတ်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကိုလည်း သထုံမြို့နယ် ဇေ့ါကျေးရွာ ကွန်ပျူတာတက္ကသိုလ်ခန်းမဆောင်၌ ဒီဇင်ဘာ ၃၀ ရက်က ကျင်းပခဲ့ပြီး သုဝဏ္ဏဘူမိမြို့ဟောင်းကို လက်ရှိလေ့လာတွေ့ရှိချက်များအကြောင်းကို ဦးကျော်မျိုးဝင်း၊ ဒေါက်တာယဉ်ယဉ်အေး၊ ဒေါက်တာကျင်စွမ်၊ ဒေါက်တာနန်းလှိုင်၊ ဒေါ်နန်းကြည်ကြည်ခိုင်၊ ဒေါက်တာဝင်းဝင်းဖြိုးနှင့် ဆရာဦးစံဝင်းတို့က စာတမ်းများ ဖတ်ကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**မုဒုံမောင်မောင်**

# မြို့နယ်အဆင့် ဘော်လီဘောနှင့် ထုပ်ဆီးတိုးပြိုင်ပွဲများကျင်းပ

**အိမ်မဲ ဒီဇင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်တွင် ပညာရေးနှင့် အားကစား ပူးပေါင်းစီစဉ်မှုအရ အားကစားဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းစီစဉ်သော အားကစားပြိုင်ပွဲများကို အိမ်မဲမြို့နယ် ပညာရေးနယ်မြေ(၃) ၊ အထက(ကြို့ကုန်း) ကျောင်း၌ ဒီဇင်ဘာ ၂၈ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

အဆိုပါ အားကစားပြိုင်ပွဲများကို ကျောင်းသားလူငယ်လေးများ ပညာရည်ထူးချွန်ပြီး ကျန်းမာကြံ့ခိုင်ကာ အားကစားကဏ္ဍတွင်လည်း ထူးချွန်စေရန်၊ မြို့နယ်အတွင်းမှ ထူးချွန်သော အားကစားသမားကောင်းများ ပေါ်ထွက်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း အားကစားနည်းစနစ်မှူး(မြို့နယ်တာဝန်ခံ) ဒေါ်သဲမို့မို့စိုးက ပြောကြားသည်။ ပြိုင်ပွဲတွင် ပညာရေးနယ်မြေ(၃)ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ဘော်လီဘောပြိုင်ပွဲတွင် ရှစ်သင်းနှင့် ထုပ်ဆီးတိုးပြိုင်ပွဲတွင် ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြကာ ဆုရရှိသူများအား မြို့နယ်ပညာရေးမှူး ဒေါ်မေမေလွင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**



# မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရွှေတောင် ဒီဇင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် သရက်ပင်ကွင်းကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်နေသော မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများကို ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးကျော်လွင်နှင့်အဖွဲ့က ဒီဇင်ဘာ ၂၈ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူးနှင့် အဖွဲ့သည် ကျေးရွာမြစိမ်းရောင်စီမံကိန်း ကော်မတီဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရဲထွန်း**

# လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အကျိုးပြုလုပ်ငန်းများဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၃၀**

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သန်လျင်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဝန်းကျင်နှင့် တိုက်/စည်းသင်တန်းကျောင်းရှေ့ လမ်းဘေးဝဲယာရှိ ချုံနွယ်ပိတ်ပေါင်းနှင့် မြက်များကို ခုတ်ထွင်ရှင်းလင်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ရန်ကုန်တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကြည်လွင် ဦးဆောင်သော တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ခရိုင်လုံခြုံရေးတပ်ခွဲမှ တပ်ဖွဲ့ဝင်များနှင့်သန်လျင်မြို့နယ် ရဲတပ်ဖွဲ့မှရဲတပ်ဖွဲ့ဝင်အရာရှိ၊ အခြားအဆင့် အင်အား ၉၇ ဦးတို့က ဒီဇင်ဘာ ၂၇ ရက်က စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# ခြေရည်တူအသင်းတွေ အပြိုင်နွဲကြမယ့် ချန်ပီယံရှစ်ပွဲစဉ်

မိုးမြင့်လင်းလက်



၂၀၁၆ နှစ်သစ်ဦးမှာတော့ ချန်ပီယံရှစ်ပွဲစဉ်တွေလည်း ကစားဖို့ရှိနေပါတယ်။ ချန်ပီယံရှစ်ပွဲစဉ်တွေကို ဇန်နဝါရီ ၂ ရက်နဲ့ ၃ ရက်တွေမှာ ယှဉ်ပြိုင်ကစားတဲ့ အခါ အသင်းတိုင်းရလဒ်ကောင်းကို နှစ်သစ်ဦးမှာ ပိုင်ဆိုင်ဖို့အတွက် ကြိုးစားပါလိမ့်မယ်။ ဒီပွဲစဉ်တွေမှာ မစ်ဒယ်ဘရော့နဲ့ဒါဘီ၊ ဖူလ်ဟမ်နဲ့ရှက်ဖီး၊ ဘန်လေနဲ့အစ်ဝှစ်တို့ပွဲတွေက ပရိသတ်အကြိုက်ဖြစ်နေဦးမှာ သေချာပါတယ်။

**ဘာမင်ဂမ်နှင့်ဘရန်ဖို့ဒ်**

အမ်ကေဒွန်းစ်အသင်းကို နိုင်ပွဲပူပူနွေးနွေးရရှိထားတဲ့ ဘာမင်ဂမ်တို့ဟာ အခုပွဲအိမ်ကွင်းဖြစ်တာမို့ ရလဒ်ကောင်းကို ဆက်လက်ဆောင်ကြဉ်းဖို့ ကြိုးစားပါလိမ့်မယ်။ ဘာမင်ဂမ်တို့က ခံစစ်ပိုင်း ကျစ်လျစ်တဲ့အသင်းဖြစ်ပြီး တိုက်စစ်ပိုင်းအားနည်းပေမယ့် အရေးကြီးတဲ့ အဆုံးအဖြတ်ဂိုးတွေကို သွင်းယူနိုင်ပါတယ်။ ဘရန်ဖို့ဒ်တို့ကလည်း ရက်ဒင်းကို အနိုင်ကစားထားတာမို့ စိတ်ဓာတ်တက်ကြွနေချိန်မှာ ဆုံတွေ့တာကြောင့် ဘာမင်ဂမ်တို့ ခက်ခဲပေမယ့် ကပ်ပြီးအနိုင်ရသွားမယ့်ပွဲပါပဲ။

**မစ်ဒယ်ဘရော့နှင့်ဒါဘီ**

နှစ်သင်းစလုံးနိုင်ပွဲတွေ ဆက်တိုက်ရယူနေတဲ့ အသင်းတွေမို့ ဒီပွဲမှာ အပြန်အလှန်ဖိအားပေးမှုတွေနဲ့ အကြိတ်အနယ်ရှိမယ့်ပွဲပါ။ လောလောဆယ် နောက်ဆုံးငါးပွဲမှာ ရှုံးပွဲမရှိအောင် ကစားထားတဲ့မစ်ဒယ်ဘရော့ဟာ ပေးဂိုးလည်း လုံးဝမရှိခဲ့တာမို့ ခြေစွမ်းအကောင်းဆုံးပုံစံရရှိနေပါတယ်။ ဒါဘီတို့ကလည်း ပွဲတိုင်းအမှတ်ရအောင်ကစားနေတာမို့ ဒီပွဲမှာလည်း အမှတ်မပါဘဲ အိမ်ပြန်မှာမဟုတ်ပါဘူး၊ ဒီပွဲဟာခြေရည်တူနှစ်သင်းမို့ အမှတ်ခွဲယူရမယ့်ကိန်းဆိုက်သွားနိုင်ပါတယ်။

**ဖူလ်ဟမ်နှင့်ရှက်ဖီး**

ဒါဘီ၊ ဘော်လတန်၊ အစ်ဆွစ်တို့ကို နိုင်ပွဲရအောင် မကစားနိုင်ဘဲရလဒ်တွေ ဆိုးရွားနေတဲ့ ဖူလ်ဟမ်တို့ဟာ ဒီပွဲမှာတော့ အားထည့်ကစားမှာ ဖြစ်ပါတယ်။ ခံစစ်ပိုင်းယိုယွင်းနေတဲ့ ဖူလ်ဟမ်တို့အတွက်တော့ ရှက်ဖီးတိုက်စစ်မှူးတွေကို ဘယ်လိုဟန့်တားမလဲ ကြည့်ရမှာပါ။ ဖူလ်ဟမ်တို့ အိမ်ကွင်းဆိုပေမယ့် အကြိုက်က ရှက်ဖီးတိုက်စစ်မှူးတွေရဲ့ ကြိုးစားမှုပါပဲ။

**ကာဒစ်နှင့်ဘလက်ဘန်း**

အမ်ကေဒွန်းစ်နဲ့ ဘာမင်ဂမ်အသင်းတွေကို ရှုံးပွဲကြုံထားတဲ့ ကာဒစ်တို့လည်း ဖိအားတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ဘလက်ဘန်းတို့ကလည်း ရှုံးပွဲတွေဆက်နေတာမို့ ဒီပွဲမှာ နိုင်ပွဲရလဒ်ကို ပြန်လည်ရှာဖွေလာပါလိမ့်မယ်။ ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာမို့ အခုပွဲမှာလည်း လက်ရှိခြေစွမ်းတွေအရ သရေရလဒ်ပဲ ထွက်ပေါ်ဖို့များနေပါတယ်။

**ဘန်လေနှင့်အစ်ဝှစ်**

တိုက်စစ်မှူးတွေ ခြေစွမ်းပြန်ရလာတဲ့ ဘန်လေဟာ အစ်ဝှစ်ကို အနိုင်ရရေး တိုက်စစ်ဖွင့်ကစားပါလိမ့်မယ်။ ဘန်လေတိုက်စစ်မှူးတွေ ခြေပေါ်ရင် အစ်ဝှစ်ခံစစ်ကြောင်း ထိန်းချုပ်ဖို့ ခက်ခဲမှာမို့ အခုပွဲမှာ အစ်ဝှစ်တို့ပွဲမချောင်ပါဘူး။ ဒါပေမယ့် ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲရလဒ်ကို ကြည့်ရင် အစ်ဝှစ်တို့က နှစ်ဂိုးပြတ်နိုင်ပွဲရထားတာမို့ ဘန်လေဟာ အဲဒီရှုံးကြွေးကို ပြန်ဆပ်ပါလိမ့်မယ်။

**လိဒ်ယူနိုက်တက်နှင့်အမ်ကေဒွန်းစ်**

ပုံမှန်ခြေစွမ်းရနေတဲ့ လိဒ်ယူနိုက်တက်တို့က နောက်ဆုံးငါးပွဲမှာ တစ်ပွဲမှ မရှုံးအောင် ကစားထားပါတယ်။ ခြေစွမ်းအတက်အကျရှိနေတဲ့ အမ်ကေဒွန်းစ်တို့ကတော့ တိုက်စစ်ရော ခံစစ်မှာပါ အားနည်းချက်ရှိနေပြီး ရလဒ်တွေလည်း ကမောက်ကမဖြစ်နေပါတယ်။ ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာလည်း လိဒ်တို့ပဲနိုင်ပွဲရခဲ့တာမို့ အခုပွဲမှာအိမ်ရှင်တို့ပဲ ရလဒ်ကောင်းကို သိမ်းပိုက်ပါဦးမယ်။ ။

## စပါးနဲ့အတူ ခြေစွမ်းပြလာတဲ့ တောင်ကိုရီးယား ကြယ်တစ်ပွင့်

တောင်ကိုရီးယား ကြယ်တစ်ပွင့်ဖြစ်တဲ့ ဆွန်ဟောင်မင်ဟာ ပရီမီယာလိဂ်ထိပ်တန်း ကလပ်တစ်ခုဖြစ်တဲ့ စပါးအသင်းနဲ့ ခြေစွမ်းပြကစားလာတာ တွေ့ရပါတယ်။ မကြာသေးမီက စပါးအသင်းနဲ့အတူ ဂိုးတွေသွင်းပြလာတာ တွေ့ရပါတယ်။ သူဟာ အရည်အချင်းပြည့်ဝတဲ့ ကစားသမားကောင်း တစ်ဦးဖြစ်ပါတယ်။ ပရီမီယာလိဂ်မှာ လာရောက်ကစားနေတဲ့ ကိုရီးယားကစားသမားတွေထဲမှာတော့ ဆွန်ဟောင်မင်ဟာ လက်ရှိ အခြေအနေမှာ ခြေစွမ်းအကောင်းဆုံး အနေအထား ရရှိထားတယ်လို့ ဆိုပါတယ်။ ဆွန်ဟောင်မင်ဟာ ပရီမီယာလိဂ်ကြားပွဲအဖြစ် ပွဲစဉ် ၁၉ မှာ ဝက်ဖို့ဒ်အသင်းနဲ့ကစားခဲ့ရာမှာ လူစားအဖြစ်ဝင်ကစားခဲ့ပြီး စပါးအသင်းအတွက် အနိုင်ဂိုး သွင်းယူပေးနိုင်ခဲ့ပါတယ်။ ဆွန်ဟောင်မင်ဟာ ပွဲချိန် ၈၉ မိနစ်ရောက်မှ စပါးအသင်းအတွက် အနိုင်ဂိုးသွင်းယူပေးခဲ့တာပါ။ တစ်ဖက်တစ်ဂိုးစီနဲ့ သရေပွဲအဖြစ် အဆုံးသတ်တော့မယ့်အချိန်မှာ ဆွန်ဟောင်မင်က အနိုင်ဂိုးသွင်းယူပေးခဲ့တဲ့အတွက် ထိုက်တန်တဲ့ ရမှတ်သုံးမှတ်စုဆောင်းပေးနိုင်ခဲ့ပါတယ်။ ဆွန်ဟောင်မင်ဟာစပါးအသင်းမှာ တောက်ပလာမယ့် ကြယ်တစ်ပွင့်လို့ ပြောဆိုလျက်ရှိပါတယ်။





## အင်္ဂလန်အသင်းမှာ နေရာရဖို့ ရုန်းကန်နေရတဲ့ ရွန်းနေ

မန်ယူအသင်းခေါင်းဆောင် ရွန်းနေဟာ ချယ်လ်ဆီးနဲ့ ကစားတဲ့ပွဲမှာ ရုန်းကန်ကြိုးစား ကစားခဲ့ရပါတယ်။ ဒီခြေစွမ်းကို ကြည့်ခြင်းအားဖြင့် ရွန်းနေဟာ သူရဲ့ ဘောလုံးသမားဘဝ သက်တမ်းတစ်လျှောက်မှာတော့ အကြီးမားဆုံး စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ရွန်းနေရဲ့လက်ရှိ ခြေစွမ်းအရ ပြင်သစ်နိုင်ငံမှာ ကျင်းပမယ့် ယူရို ၂၀၁၆ မှာ အင်္ဂလန်အသင်းအတွက် ကစားခွင့်ရဖို့ မလွယ်တဲ့ အနေအထားရှိပါတယ်။ အင်္ဂလန်အသင်းရဲ့ အသင်းခေါင်းဆောင်နေရာကို အခြားကစားသမားတစ်ဦးက လွှဲပြောင်းရယူသွားနိုင်ပါတယ်။ နည်းပြ ရွိုင်ဟော့ဂ်ဆန်အနေနဲ့ ရွန်းနေကို အသင်းခေါင်းဆောင်အဖြစ် ဆက်လက်ထားရှိရေး စဉ်းစားနေရပြီလို့ဆိုပါတယ်။ လက်ရှိအချိန်မှာ ရွန်းနေရဲ့ ပြိုင်ဘက်တွေအဖြစ် ဟယ်ရီကိန်းနဲ့ ဂျမ်းဗာဒီတို့က အနီးကပ်ခြိမ်းခြောက်လာနေပါတယ်။ စပါးတိုက်စစ်မှူး ဟယ်ရီကိန်း၊ လက်စတာတိုက်စစ်မှူး ဗာဒီတို့ဟာ လက်ရှိအချိန်မှာ ပရီမီယာလိဂ်ရဲ့ ထိပ်တန်းဂိုးသွင်းသူတွေဖြစ်ကြပါတယ်။ စပါးကစားသမားလက်ဒလေကင်းကလည်း ခြေစွမ်းပြကစားနေတာပါ။ ဒါကြောင့် ရွန်းနေဟာ အင်္ဂလန်အသင်းမှာ သူ့ရဲ့နေရာကို ဆက်လက်ထိန်းချုပ်ထားနိုင်ဖို့ မလွယ်တော့ပါဘူး။ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရပြီ ဖြစ်ပါတယ်။

## အာဆင်နယ်မှာကစားမယ့် ဘေဆယ်ကစားသမား

အာဆင်နယ်ဟာ ဘေဆယ်ကွင်းလယ်ကစားသမား မိုဟာမက်အယ်နင်နီကို ပါရီမြို့မှာ ဆေးစစ်မှုတွေ ပြုလုပ်နေပြီလို့ ဆိုပါတယ်။ အသက် ၂၃ နှစ်အရွယ်ရှိတဲ့ ဘေဆယ်ကွင်းလယ်ကစားသမား အယ်နင်နီကို လေးနှစ်ခွဲစာချုပ်နဲ့ခေါ်ယူသွားမှာ ဖြစ်ပါတယ်။ ဘေဆယ်ကွင်းလယ်ကစားသမား အယ်နင်နီကို အာဆင်နယ်က ပေါင် ၇ ဒသမ ၄ သန်းနဲ့ခေါ်ယူဖို့ သဘောတူထားတာဖြစ်ပါတယ်။ သူဟာ ဆွစ်ဇာလန်ကလပ် ဘေဆယ်မှာ ခြေစွမ်းပြကစားနေသလို အီဂျစ်လက်ရွေးစင်လည်း ဖြစ်ပါတယ်။ မကြာမီက ခရစ္စမတ်ပွဲတော်ကာလ အီဂျစ်အားလပ်ရက်မှအပြန် ဘေဆယ်နဲ့ အာဆင်နယ်အသင်းတို့ရဲ့ ညှိနှိုင်းမှုထွက်ပေါ်လာပြီးနောက် အာဆင်နယ်က တရားဝင်ခေါ်ယူဖို့ ကြိုးစားခဲ့တယ်လို့ဆိုပါတယ်။ သူဟာ အီဂျစ်အသင်းမှာလည်း ၃၆ ပွဲ ပါဝင်ကစားခဲ့သူဖြစ်ပါတယ်။ မကြာမီ အာဆင်နယ်အသင်းမှာ ပါဝင်ကစားနိုင်တဲ့ အနေအထားရှိပါတယ်။ အသက်အရွယ်ငယ်ရွယ်သေးတဲ့အတွက် အယ်နင်နီဟာ ကွင်းလယ်ကစားကွက်ကို အကောင်းဆုံးကစားပေးနိုင်လိမ့်မယ်လို့ အာဆင်နယ် တာဝန်ရှိသူတွေက မျှော်လင့်ထားပါတယ်။



ကောင်းမြတ်သူ ➤ စုစည်းသည်

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးမှုများ သုံးဘာသာဖြင့် ပြုလုပ်

**မူဆယ် ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်မြို့၌ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုများ မရှိစေရေးအတွက် မြန်မာ၊ ရှမ်း၊ တရုတ် သုံးဘာသာဖြင့်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးမှုများကို ဒီဇင်ဘာ ၂၉ ရက်က စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မူဆယ်မြို့ နယ်မြေရဲတပ်ဖွဲ့မှူး ဒုရဲမှူးဝင်းနိုင်၊ မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့မှူး ရဲအုပ်တင်ထွန်းမင်းနှင့်အဖွဲ့၊ ကညန၊ ပို့ဆက်၊ စည်ပင်နှင့် မထသအဖွဲ့များပါဝင်သော ပူးပေါင်းအဖွဲ့က မူဆယ်မြို့တွင်း၌ လှည့်လည်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးလုပ်ငန်းများ၊ ကားနှင့် ဆိုင်ကယ်စီးနင်းမောင်းနှင်သူများအား ပညာပေးခြင်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



ယာဉ်ကြီး ယာဉ်ငယ်အမျိုးမျိုး မောင်းနှင်သူများအနေဖြင့် အသက်အန္တရာယ်မဖြစ်အောင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို သိရှိပြီး ဥပဒေနှင့်အညီ မောင်းနှင်နိုင်စေရန်၊ ယာဉ်မောင်းနှင်ရာတွင် ယာဉ်လိုင်စင် အပါအဝင် ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားများ စုံလင်စွာပါရှိရန်၊ ဆိုင်ကယ်စီးသူများအနေဖြင့် ဦးထုပ်များပါရှိရန်၊ လိုင်စင်မဲ့ယာဉ်များကို စည်းကမ်းမဲ့မောင်းနှင်ခြင်းများ လုံးဝမပြုရန်တို့ကို ပညာပေးပြောကြားခဲ့ကြောင်း ယာဉ်ထိန်းတပ်ဖွဲ့မှူး ရဲအုပ်တင်မင်းထွန်းက ပြောသည်။

ထိုသို့ ပညာပေးမှုများ လှည့်လည်ဆောင်ရွက်ပေးခြင်းနှင့် ပတ်သက်၍ ဒေသခံပြည်သူတစ်ဦးက "အခုလို ယာဉ်စည်းကမ်း လမ်းစည်းကမ်းတွေနဲ့ပတ်သက်ပြီး ပညာပေးတော့ ကျွန်တော်တို့အတွက် ဗဟုသုတရပါတယ်။ ပြီးတော့ မူဆယ်မြို့မှာ မကြာခဏ ယာဉ်ကြောပိတ်ဆို့တာတွေနဲ့လည်း ကင်းဝေးတာပေါ့။ ကားတွေကို တရားဝင်လိုင်စင်မပေးရင်တောင် ဆိုင်ကယ်တွေကိုတော့ ပေးစေချင်ပါတယ်။ ကျွန်တော်တို့ တောင်ပေါ်ဒေသမှာ ကားထက် ဆိုင်ကယ်က ပိုပြီး ခရီးရောက်လို့ပါ" ဟု ပြောသည်။

လက်ရှိအချိန်တွင် ပညာပေးကာလအဖြစ် သတ်မှတ်၍ ပညာပေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပညာပေးကာလ ကျော်လွန်ပြီးပါက လိုင်စင်မဲ့ကား၊ ဆိုင်ကယ်၊ ထော်လာဂျီနှင့် သုံးဘီးဆိုင်ကယ်များ၊ ဘက်ထရီသုံး ဆိုင်ကယ်များကို တွေ့ရှိပါက ဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူသွားမည် ဖြစ်ကြောင်း ယာဉ်ထိန်းတပ်ဖွဲ့မှူးက ပြောသည်။

ယာဉ်ထိန်းတပ်ဖွဲ့မှူးနှင့် အဖွဲ့သည် ဆိုင်ကယ်စီးသူများအား ဆိုင်ကယ်ဦးထုပ်များ အခမဲ့ပေးဝေခြင်း၊ ယာဉ်စည်းကမ်းနှင့် လမ်းစည်းကမ်း ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်း-သန့်ဇင်**
**ဓာတ်ပုံ-စိုးမိုး(၁၀၅)မိုင်**

# လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**သီပေါ ဒီဇင်ဘာ ၃၀**

ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ စည်ပင်သာယာရေးဈေးကြီး၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဒီဇင်ဘာ ၂၈ ရက်က ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဈေးကြီး သန့်ရှင်းသပ်ရပ်စေရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ဈေးသူ ဈေးသားများ၊ စည်ပင်သာယာရေး ဝန်ထမ်းများ ပူးပေါင်း၍မီးလောင်နိုင်သော လောင်စာများ ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် ဈေးအတွင်းနှင့်အပြင် ရေနုတ်မြောင်းများ တူးဖော်ဆယ်ယူခြင်းစသည့် သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်မှုကို သီပေါမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးမိုးထွေးဦး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



# ပြည်တွင်းနှင့် ပြည်ပပို့ မတ်ပဲနှင့် ပဲစင်းငုံနီ ဈေးနှုန်းများကျဆင်း

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ရန်ကုန်ပဲဈေးကွက်အတွင်း တစ်ပတ်အတွင်း မတ်ပဲတစ်တန်လျှင် ကျပ်သုံးသိန်းကျော်နှင့် ပဲစင်းငုံနီ တစ်တန်လျှင် ကျပ်တစ်သိန်းခွဲခန့် ဈေးနှုန်းများကျဆင်းသွားကြောင်း သိရသည်။

ဒီဇင်ဘာ ၂၁ ရက်တွင်မတ်ပဲတစ်တန်လျှင် ၂၂၄၅၀၀၀ ကျပ်၊ ပဲစင်းငုံနီတစ်တန်လျှင် ၁၅၅၉၀၀၀ ကျပ်နှင့် SQ တစ်တန်လျှင် ၂၃၀၀၀၀၀ ကျပ်ရှိရာမှ ဒီဇင်ဘာ ၂၈ ရက်တွင် မတ်ပဲတစ်တန် ၁၉၀၀၀၀၀ ကျပ်၊ ပဲစင်းငုံနီ ၁၄၁၇၀၀၀ ကျပ်နှင့် SQ တစ်တန်လျှင် ၁၉၇၀၀၀၀ ကျပ်နှုန်းသို့ ကျဆင်းခဲ့ခြင်းဖြစ်သည်။

ပြည်တွင်းဈေးနှုန်းများ ကျဆင်းသကဲ့သို့ ပြည်ပပို့ FOB ပဲဈေးနှုန်းလည်း ကျဆင်းခဲ့သည်။ ဒီဇင်ဘာ ၂၁ ရက်တွင် မတ်ပဲ ပြည်ပပို့ဈေးနှုန်းသည် တစ်တန်လျှင် ၁၆၈၀ မှ ၁၇၁၀ ဒေါ်လာခန့် ရှိခဲ့ရာမှ ဒီဇင်ဘာ ၂၈ ရက်တွင် ၁၄၀၀ မှ ၁၄၃၀ ခန့်သာ ရှိခဲ့သည်။ ပဲစင်းငုံနီ ပြည်ပပို့နှုန်းမှာလည်း ၁၂၂၀ နှင့် ၁၂၅၀ ကြားခန့် ရှိခဲ့ရာမှ ၁၁၃၀ အောက်နှုန်းသို့ ကျဆင်းခဲ့သည်။

တစ်ပတ်အတွင်း ဈေးနှုန်းများ ကျဆင်းလာသော်လည်း ယခင်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက လက်ရှိဈေးနှုန်းများမှာ မြင့်မားနေဆဲဖြစ်ကြောင်း သိရသည်။ ပြည်တွင်း ပဲဈေးကွက်တွင် ယခုနှစ် စက်တင်ဘာနှင့် အောက်တိုဘာလအတွင်း ဈေးနှုန်းများ မကြုံစဖူး မြင့်တက်ခဲ့ရာ အဆိုပါဈေးတက်ချိန် ဈေးနှုန်းများနှင့် ယှဉ်ပါက ယခုဈေးနှုန်းမှာ နည်းနေသော်လည်း ယခင်နှစ် ကာလတူဈေးနှုန်းများနှင့် ယှဉ်ပါက မတ်ပဲတစ်တန်လျှင် ကျပ် ၁၀ သိန်းနှင့် ပဲစင်းငုံနီ တစ်တန်လျှင် ကျပ်ရှစ်သိန်းခန့်အထိ များနေဆဲဖြစ်သည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပသို့ ပဲမျိုးစုံ တန်ချိန်တစ်သန်းဝန်းကျင် တင်ပို့နိုင်ရန် ရည်မှန်းလျက်ရှိရာဒီဇင်ဘာလပထမပတ်အထိ ပဲမျိုးစုံတင်ပို့မှုမှာ တန်ချိန်ရှစ်သိန်းဝန်းကျင်ခန့် ရှိထားပြီဖြစ်ကာ အမေရိကန်ဒေါ်လာ သန်း ၇၇၀ ရရှိထားပြီဖြစ်ကြောင်း၊ အိန္ဒိယသို့ မတ်ပဲကို အဓိကတင်ပို့ပြီး တရုတ်နှင့် ဗီယက်နမ်နိုင်ငံများသို့ ပဲတီစိမ်းကို အဓိကတင်ပို့ကြောင်း သိရသည်။

ပြည်တွင်းပဲဈေးကွက်တွင် ၂၀၀၈ ခုနှစ် နှစ်ကုန်ပိုင်းက မတ်ပဲတစ်တန်လျှင် ကျပ်သုံးသိန်းဝန်းကျင်ခန့်အထိ ကျဆင်းခဲ့ပြီး ထိုကာလပေါက်ဈေး၏ ထက်ဝက်ခန့် ကျဆင်းခဲ့ခြင်းဖြစ်ကာ ဈေးနှုန်းထိုးကျမှုကြောင့် ကြိုရောင်းကြိုဝယ်လောကတွင် ငွေကြေးပမာဏကြီးမားစွာ အရှုပ်အရှင်းများ ဖြစ်ပေါ်ခဲ့သည်။ ထိုငွေကြေးအရှုပ်အရှင်းတွင် နစ်နာသူဦးရေ ၅၀၀ ခန့်ရှိပြီး ငွေကြေးပမာဏမှာ ကျပ် ၂၀၃ ဘီလျံအထိ ရှိခဲ့ကြောင်း သိရသည်။

ယခုရက်ပိုင်းတွင် ထိုနှစ်ကဲ့သို့ ပဲတစ်တန်လျှင် ကျပ်သုံးသိန်းခန့် ဈေးနှုန်းကျဆင်းသော်လည်း ထိုစဉ်ကကဲ့သို့ ငွေကြေးအရှုပ်အရှင်းပြဿနာများ ပေါ်ပေါက်နိုင်ရန်မရှိကြောင်း သိရသည်။ ယခုနှစ်တွင် ပဲဈေးကျသော်လည်း မကြုံစဖူး အမြင့်ဆုံးဈေးမှ ကျဆင်းခြင်း၊ အမြင့်ဆုံးဈေး၏ ၁၅ ရာခိုင်နှုန်းခန့်သာ ဈေးကျခြင်း၊ အမြင့်ဆုံးဈေးနှုန်းတွင် ကြိုရောင်းကြိုဝယ်လုပ်မှု နည်းပါးခြင်း၊ ၂၀၁၄ ခုနှစ် အောက်တိုဘာလမှစ၍ ရန်ကုန် ကုန်စည်ဒိုင်မှ ကြိုရောင်းကြိုဝယ်များတွင် ၁၀ ရာခိုင်နှုန်း ကြိုတင်ငွေပေးဆောင်ရသည့်စနစ် ကျင့်သုံးထားခြင်းတို့ကြောင့် ငွေကြေးအရှုပ်အရှင်း ကြုံတွေ့ရခြင်းမရှိကြောင်း ပဲရောင်းဝယ်သူ ဦးသက်နိုင်က ပြောသည်။

လက်ရှိအချိန် ပဲဈေးများကျဆင်းနေသော်လည်း ဝယ်လက်ဖြစ်သော အိန္ဒိယတွင် ပဲလိုအပ်ချက်ရှိနေဆဲဖြစ်၍ ပြည်တွင်းစိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိလာမည့် ပဲအသစ်များအနေဖြင့် ပုံမှန်နှစ်များထက် ဈေးပိုရနိုင်ကြောင်းလည်း ကုန်သည်များက ခန့်မှန်းထားကြသည်။

**သတင်းဆောင်းပါး - ခင်ဆိုင်**

# ယာဉ်စည်းကမ်းပညာပေးကာလ စစ်ဆေးမှုများ မော်ကျွန်း၌ ဆက်လက်ဆောင်ရွက်



**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ ယာဉ်အန္တရာယ်ကင်းဝေးစေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေးအတွက် ပညာပေးကာလအဖြစ် ဒီဇင်ဘာ ၂၄ ရက်မှ ၃၁ ရက်အထိ သတ်မှတ်ဆောင်ရွက်လျက်ရှိရာ ညောင်ကျွန်းစုကျေးရွာလမ်းဆုံနှင့် ကျိုက်ပိကျေးရွာ ဈေးလေးအနီးနေရာများ၌ ယာဉ်စည်းကမ်းစစ်ဆေးခြင်းနှင့် ပညာပေးအစီအစဉ်များကို ဒီဇင်ဘာ ၂၈ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးကျော်မောင်နှင့် ကော်မတီဝင်များနှင့် အခြားအဖွဲ့များမှ တာဝန်ရှိသူများပူးပေါင်း၍ ညောင်ကျွန်းစုကျေးရွာလမ်းဆုံနှင့် ကျိုက်ပိကျေးရွာ ဈေးလေးအနီး ဖြတ်သန်းသွားလာသော ဆိုင်ကယ်များကို ရပ်တန့်စစ်ဆေးကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ စီးနင်းမောင်းနှင်ရေး၊ ယာဉ်မောင်း လိုင်စင်နှင့် ယာဉ်လိုင်စင်များ ပြည့်စုံစွာပါရှိရေးတို့ကို စစ်ဆေးခဲ့ကာ ပညာပေးအစီအစဉ်များလည်း ဆောင်ရွက်ခဲ့ပြီး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးအစီအစဉ်များကို ပညာပေးကာလတွင် မော်လမြိုင်ကျွန်းမြို့ပေါ်နှင့် မြို့နယ်အတွင်းမှ ယာဉ်အသွားအလာများပြားသော ကျေးရွာများ၌ ကွင်းဆင်းဆောင်ရွက်လျက်ရှိကာ ပညာပေးကာလကုန်ဆုံးပါက ဖမ်းဆီးအရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**မော်ကျွန်းမြင့်အောင်**

## သတင်းတို

### အရာရှိလုပ်ငန်းခွင်သင်တန်းဖွင့်

ပြည်ထဲရေး ဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ရန် ပြောင်းရွှေ့ရောက်ရှိလာသည့် အရာရှိများအတွက် အရာရှိလုပ်ငန်းခွင်သင်တန်း အမှတ်စဉ်(၁/၂၀၁၅)သင်တန်းကို မန္တလေးမြို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲအရာရှိ အတတ်သင်ကျောင်း၌ ဒီဇင်ဘာ ၂၈ ရက်က ဖွင့်လှစ်ခဲ့သည်။ သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲအရာရှိအတတ်သင်ကျောင်းမှ ကျောင်းအုပ်ကြီး ရဲမှူးကြီးမင်းအောင်က အမှာစကားပြောကြားပြီး သင်တန်းသို့ သင်တန်းသားအရာရှိ ၁၄ ဦး တက်ရောက်ကာ သင်တန်းကာလမှာ ဒီဇင်ဘာ ၂၈ ရက်မှ ဇန်နဝါရီ ၂၂ ရက်အထိဖြစ်သည်။

**တင်မောင်(မန်းကိုယ်ပွား)**


MPT
ရှေ့သို့လှမ်း၍ မြန်မာပြည်
အကြီးကျယ် အခမ်းနားဆုံး
ပျော်ရွှင်ကံထူး နှစ်သစ်ကူး
ကံစမ်းမဲကာလ
၂၀၁၅ နိုဝင်ဘာ ၂၆ ရက်မှ ၂၀၁၆ ဇန်နဝါရီ ၇ ရက်ထိ
ကံထူးရှင်ရွေးချယ်ပွဲ
ဒီဇင်ဘာ ၅ ၊ ၁၂ ၊ ၁၉ ၊ ၂၆ ၊
ဇန်နဝါရီ ၂ ရက် နှင့် ၉ ရက်နေ့များတွင်
MRTV 4 ရုပ်သံလိုင်းမှ
ထုတ်လွှင့်ပြသပေးသွားပါမည်
အပတ်စဉ်တိုယိုတာကားအသစ်တစ်စီးအပါအဝင် အခြားဆုမဲပေါင်းများစွာ ကံထူးနိုင်မည့်
ဒီဂျစ်တယ်ကံစမ်းခွင့်လက်မှတ်များရယူရန် နည်းလမ်းများ
MPT အချင်းချင်းပြည်တွင်းဖုန်းခေါ်ဆိုခြင်း
ခေါ်ဆိုချိန်(၁)မိနစ်တိုင်း | (၁)စောင်
၃၀၀၀ကျပ်နှင့်အထက်ငွေဖြည့်သွင်းခြင်း
၃၀၀၀ကျပ် | (၃၀)စောင်
၅၀၀၀ကျပ် | (၅၀)စောင်
၁၀၀၀၀ကျပ် | (၁၀၀)စောင်
၂၀၀၀၀ကျပ် | (၂၀၀)စောင်
၃၀၀၀၀ကျပ် | (၃၀၀)စောင်
MPT ဆင်းကတ်အသစ် ဝယ်ယူအသုံးပြုခြင်း
ကတ်(၁)ကတ် | (၃၀)စောင်
အမှန်တကယ်ဆုပေးမည့် ပစ္စည်းများသည်
ကြော်ငြာတွင်ဖော်ပြထားသောပစ္စည်းများနှင့် အနည်းငယ်ကွာခြားမှုရှိနိုင်ပါသည်
စည်းကမ်းချက်များ
• ယခုအစီအစဉ်သည် MPT မိုဘိုင်းဖုန်းသုံးစွဲသူအားလုံး (GSM/WCDMA and CDMA)အတွက် အကျုံးဝင်ပါသည်။
• အပတ်စဉ်ကံထူးရှင်ရွေးချယ်ပွဲများတွင် သက်ဆိုင်ရာရက်သတ္တပတ်အတွင်း ပါဝင်ကံစမ်းထားသော ကံစမ်းခွင့်လက်မှတ်များမှ ရွေးချယ်သွားပါမည်။
• နောက်ဆုံးပတ် ကံထူးရှင်ရွေးချယ်ပွဲတွင် ကံစမ်းမဲကာလအစအဆုံး၏ ကံစမ်းခွင့်လက်မှတ်များအားလုံးထဲမှ ရွေးချယ်သွားပါမည်။
• အထူးဆုကံထူးရှင်များကို ဖုန်းခေါ်ဆိုခြင်း နှင့် MRTV 4 ရုပ်သံလိုင်းမှထုတ်လွှင့်ခြင်းတို့ဖြင့် ကြေညာပေးပါမည်။
• ငွေဖြည့်ကတ်ဆုရရှိသူများကို SMS ပေးပို့ခြင်းဖြင့် ကြေညာပေးပါမည်။
• အပတ်စဉ်ကံထူးရှင်ရွေးချယ်ပွဲနေ့တွင် ဖုန်းလက်ခံနိုင်ခြင်းမရှိသော အထူးဆုကံထူးရှင်များကို (၃)ရက်ဆက်တိုက် အကြောင်းကြားပေးသွားပါမည်။ (၃)ရက်အတွင်း ဖုန်းလက်ခံနိုင်ခြင်းမရှိသော ဆုများကို နောက်ဆုံးကံထူးရှင်ရွေးချယ်ပွဲနေ့တွင် ထည့်သွင်းကံစမ်းပေးသွားမည် ဖြစ်ပါသည်။
• ဘဏ်မှတစ်ဆင့် ငွေ(ဘီလ်)ဖြည့်ခြင်း၊ CUG (Closed User Group) သုံးစွဲခြင်းများသည် ကံစမ်းခွင့်အစီအစဉ်တွင် အကျုံးမဝင်ပါ။
• MPTမှ ဝန်ထမ်းများ (သို့) နှစ်သစ်ကူးကံစမ်းခွင့် အစီအစဉ်နှင့် တိုက်ရိုက်ဆက်နွယ်နေသော အဖွဲ့အစည်းများမှ MPT သုံးစွဲသူများသည် ဤအစီအစဉ်တွင် ပါဝင်ခွင့်မရှိပါ။
ဒီဂျစ်တယ်ကံစမ်းခွင့်လက်မှတ် အရေအတွက်ကို စစ်ဆေးရန်
• GSM/WCDMA သုံးစွဲသူများ - ဖုန်းနံပါတ် ၃၀၀၀ သို့ lucky ဟုရိုက်၍ SMS အခမဲ့ပေးပို့နိုင်ပါသည်
• CDMA သုံးစွဲသူများ - ဖုန်းနံပါတ် ၃၀၀၁ သို့ lucky ဟုရိုက်၍ SMS အခမဲ့ပေးပို့နိုင်ပါသည်
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

# NEW YEAR 2016
# SAMSUNG DAY

## နှစ်သစ်မှာ Samsung smart phones နှင့် Tablets

## တွေဝယ်ယူပြီးလက်ဆောင်တွေ ရယူကြရအောင်.....

ကျပ် ၅၀၀,၀၀၀ အထက် ဝယ်ယူသူတိုင်းအတွက် 5,000 mAh Power Bank, OTG Adapter, 8GB Memory Stick, Mini Bluetooth Speaker, T-Shirt, Silicon Cover နှင့် Wrist Band များ

ကျပ် ၂၀၀,၀၀၀ မှ ၅၀၀,၀၀၀ အထိ ဝယ်ယူသူတိုင်းအတွက် 32GB microSD Card, T-Shirt, 500 mAh Pwer Bank, Silicon Cover နှင့် Wrist Band များ

ကျပ် ၂၀၀,၀၀၀ အောက် ဝယ်ယူသူတိုင်းအတွက် 16GB microSD Card, T-Shirt, Silicon Cover နှင့် Wrist Band များ

**ဇန်နဝါရီလ (၁)ရက် နေ့မှ ဇန်နဝါရီလ (၃)ရက်နေ့အထိသာ**



လက်ဆောင်အရေအတွက်ကန့်သတ်ထားပါသည်။
www.facebook.com/samsungmobilemyanmar
အမြို့မြို့အနယ်နယ်ရှိSamsung Brand Shops များနှင့် ကိုယ်စားလှယ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။
Samsung Customer Contact Center - 01 2399 888 Mon-Sun : 8AM to 6PM (အစိုးရရုံးပိတ်ရက်များအပါအဝင်)

SAMSUNG

# ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနက တင်ဆက်မည့် သုဝဏ္ဏသာမဇာတ်တော်ကြီး၊ အငြိမ့် နှင့် ပဒေသာကပွဲ



ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ အကအလှပဒေသာယိမ်းများ၊တေးသံသာများ နှင့်အတူ
**သုဝဏ္ဏသာမဇာတ်တော်ကြီး** ကို ရွှေတံဆိပ်ဆုများရှင် မင်းသားတက္ကသိုလ်အားမာန်၊ မင်းသားဧယျာလင်း၊ မင်းသားသိန်းထွန်းဦး၊ မင်းသမီးဆောင်းနှင်းဝေဝေ နှင့်အနုပညာရှင်များက တင်ဆက်ကပြမည် ဖြစ်ပြီး၊
ရွှေတံဆိပ်ဆုရှင်များဖြစ်ကြသော ခေါင်းဆောင်မင်းသမီး သန္တာလင်း၊ ရှေ့ထွက်မင်းသမီး စာနည်အောင်၊ လူရွှင်တော်များအဖြစ် အာပြဲ၊ စတားဝမ်းတူး၊ ရောင်နီ၊ ရောင်ပြန်၊ လမုန့်၊ ငွေတိုး တို့ပါဝင်သည့် **ရွှေမြန်မာ အငြိမ့်**
ရွှေတံဆိပ်ဆုများရှင် ရှာစားစိန်လုငွေ၊ ရွှေတံဆိပ်ဆုများရှင် မေသက်ထားဆွေ နှင့် ဝါရင့်အနုပညာရှင်များတွဲဖက်၍ မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် အခမဲ့ ဖျော်ဖြေတင်ဆက်ကပြသွားမည်ဖြစ်ပါသည်။
ရက်စွဲ-၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ(၂)ရက် (စနေနေ့)၊ အချိန်-ည(၇း၀၀)နာရီတိတိ၊ နေရာ-အမျိုးသားဇာတ်ရုံ(ရန်ကုန်)


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ဗဟိုဆေးသိုလှောင်ရေးဌာနသည် တစ်နိုင်ငံလုံးရှိဆေးရုံများ၊ ကျန်းမာရေးဌာနများသို့ ဆေးနှင့်ဆေးပစ္စည်းများ၊ ဆေးရုံသုံးစက်ကိရိယာပစ္စည်းများ ပေးပို့ရန်အတွက် မော်တော်ယာဉ်ငှားရမ်းအသုံးပြုလိုပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

ဈေးနှုန်းလွှာများကို ဒုတိယညွှန်ကြားရေးမှူး(ဆေးနှင့် ဆေးပစ္စည်းဖြန့်ဖြူးရေး)၊ ဗဟိုဆေးသိုလှောင်ရေးဌာန ရုံးခန်း၊ အမှတ် ၅၇၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်သို့ တင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၃၀-၁၂-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၇-၁-၂၀၁၆ ရက်၊ မွန်းလွဲ ၂း၀၀ နာရီ

**ဆက်သွယ်ရန် ဖုန်း-၀၁-၃၇၁၉၆၉(၂၁၆)၊ ၀၁-၃၇၂၃၆၂**
**ဗဟိုဆေးသိုလှောင်ရေးဌာန၊ ကုသရေးဦးစီးဌာန**

## ပျောက်ဆုံးကြောင်း

ကျွန်တော်ဆလိုင်းမျိုးဝေအောင် ၈/တတက(နိုင်)၁၄၅၉၆၅၈၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။
**ဆလိုင်းမျိုးဝေအောင် ဖုန်း-၀၉-၇၈၇၅၉၈၅၅၂**

## ပျောက်ဆုံးကြောင်း

ကျွန်မ မိုင်သင်းသင်းနိုင် ၈/တတက(နိုင်) ၁၁၁၄၂၉ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **မိုင်သင်းသင်းနိုင်**
**ဖုန်း-၀၉-၉၇၃၈၃၄၁၂၉**

## ပျောက်ဆုံးကြောင်း

ကျွန်မ မဖြူဖြူလွင် ၈/တတက(နိုင်) ၁၇၄၈၈၄ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **မဖြူဖြူလွင်**
**ဖုန်း-၀၉-၇၈၇၅၉၈၅၅၂**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းဦးစီးဌာနအနေဖြင့် အောက်ပါပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| 1. | 14(Q)Hydraulic Breaker/IRR/ Local Purchase/ 2015-2016 | Hydraulic Rock Breaker | 3 Nos | မြန်မာကျပ်ငွေ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဖြည့်တင်းရေးဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် (၄၃)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၃၁၆**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ရှမ်းတဲ အမှတ်(၅) အထက်တန်းကျောင်း ပဥ္စမတန်းတွင် ပညာသင်ကြားနေသော မောင်ဝင်းနိုင်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးဒေါလာ ဖြစ်ပါကြောင်း။
**ဦးဒေါလာ ၉/မတရ(နိုင်)၁၀၉၉၄၅**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈င/၂၈၇၆ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆွေဆွေထွန်း ၁၃/လရန(နိုင်) ၁၀၁၁၁၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ပြည်နယ်ရုံး(လားရှိုး)**

## ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၄၂)

သူရ(၄၂)၏ (၄၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ ဆရာကန်တော့ပွဲနှင့် ကျဆုံးကွယ်လွန်သူများအတွက် ကောင်းမှုပြုလုပ်ရန် ၉.၁.၂၀၁၆ (စနေနေ့)၊ နံနက်(၉း၀၀)နာရီ အရောက် "အရိယမဂ္ဂင်သာသနာ့ရိပ်သာ(ရန်ကင်း)"သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့( ၀၉ ၅၀၀ ၇၀ ၂၀ / ၀၉ ၅၀၀ ၉၁၇၈ / ၀၁ ၅၅၆၇၂၂ )**

## ရွှေဆံပင်အဖွဲ့ အလောင်းတော်ကဿပ ဒေသ အညာမြေဘုရားဖူးခရီးစဉ် ရက်စွဲများ

၁-၁-၂၀၁၆ ရက်
၁၅-၁-၂၀၁၆ ရက်
၂၉-၁-၂၀၁၆ ရက်
၁၁-၂-၂၀၁၆ ရက်
၂၅-၂-၂၀၁၆ ရက်
၄-၃-၂၀၁၆ ရက်
၁၇-၃-၂၀၁၆ ရက်
၂၅-၃-၂၀၁၆ ရက်

**ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၀၇၀၀၆၅၈၊ ၀၉-၄၄၀၄၉၉၈၅၉၊ ၀၉-၄၄၀၁၇၅၈၂၅**

## အသိပေးကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ဆောက်လုပ်မည့်အဆောက်အအုံများ Pile ရိုက်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် စည်းကမ်းတကျဆောင်ရွက်မှုရှိစေရန် ဘေးပတ်ဝန်းကျင်ရှိ အဆောက်အအုံများ၊ လမ်းများ၊ ရေမြောင်းများ၊ ပလက်ဖောင်းများ ထိခိုက်မှုမရှိအောင် ဆောင်ရွက်စေရန်နှင့် အဆိုပါ ဆောင်ရွက်ချက်များကို တာဝန်ယူ၊ တာဝန်ခံမှုရှိစေရန် အထပ်မြင့်အဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့မှ ထောက်ခံချက်ပေးထားသည့် Pile ရိုက်ခြင်းလုပ်ငန်းဆောင်ရွက်နေသော ကုမ္ပဏီ(၅)ခုအား လိုင်စင်ထုတ်ပေးခဲ့၍ ကြေညာခဲ့ပြီး ယခုထပ်မံ၍ ထောက်ခံချက်ရရှိသည့် အောက်ဖော်ပြပါကုမ္ပဏီ(၂)ခုအား လိုင်စင်ထုတ်ပေးထားပြီးဖြစ်ပါသည်-

(က) GEO-TECH PILE Co.,Ltd. — အမှတ် (၅၂/၆၀)၊ မြေညီထပ်၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၀၁-၃၈၀၃၀၉၊ ၀၁-၃၈၈၄၂၈၊ ၀၁-၂၅၃၃၁၃

(ခ) DE PA WADDY Co.,Ltd. (Pile Foundation Services & Construction) — အမှတ် (၂၈၈/၂၉၀)၊ အခန်းအမှတ် (၄၀၂/၄၀၃) လေးလွှာ၊ MWEA တာဝါ၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ဖုန်း-၀၁-၃၈၉၃၇၄၊ ၀၁-၃၈၉၃၇၈၊ ၀၁-၃၈၉၆၂၀

၂။ ၁-၁-၂၀၁၆ ရက်မှစ၍ အဆောက်အအုံဆောက်လုပ်ခွင့်တင်ပြရာတွင် ဤကော်မတီမှ အသိအမှတ်ပြု Pile ရိုက်ခြင်းလုပ်ငန်းလိုင်စင်ရယူထားသည့် ကုမ္ပဏီများကိုသာ လက်ခံဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အထပ်မြင့်အဆောက်အအုံဆောက်လုပ်ခွင့်တင်ပြမည့်သူများ သိရှိနိုင်ပါရန်နှင့် Pile ရိုက်ခြင်းလုပ်ငန်း လိုင်စင်လျှောက်ထားလိုသည့် မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီများအနေဖြင့် အင်ဂျင်နီယာဌာန (အဆောက်အအုံ)သို့ အထပ်မြင့်အဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့၏ ထောက်ခံချက်ပူးတွဲတင်ပြ၍ လျှောက်ထားနိုင်ကြောင်း အသိပေးအပ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)၊ (၁၀)ထပ်ရုံးသို့ ရုံးချိန်အတွင်းလာရောက်၍ ကိုယ်တိုင်သော်လည်းကောင်း ဖုန်း-၀၁-၃၇၄၀၇၇၊ ၀၁-၃၇၄၀၅၅ တို့သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဌာနမှူး အင်ဂျင်နီယာဌာန (အဆောက်အအုံ)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အသိပေးကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ဆောက်လုပ်မည့် အဆောက်အအုံများအတွက် မြေသားစမ်းသပ်မှု (Soil Test)လုပ်ငန်းဆောင်ရွက်ရာတွင် မြေသားစမ်းသပ်ခြင်းနှင့်ပတ်သက်၍ ပိုမိုတိကျသောရလဒ်များ ရရှိလာစေပြီး တင်ပြချက်များအပေါ်တွင် တာဝန်ယူ၊ တာဝန်ခံမှုရှိစေရန်အတွက် အထပ်မြင့်အဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့မှ ထောက်ခံချက်ပေးထားသော မြေသားစမ်းသပ်မှုလုပ်ငန်း ဆောင်ရွက်နေသည့် ကုမ္ပဏီ(၁၁)ခုအား လိုင်စင်ထုတ်ပေးခဲ့၍ ကြေညာခဲ့ပြီး ယခုထပ်မံလျှောက်ထားလာသည့် အောက်ဖော်ပြပါကုမ္ပဏီ(၄)ခုအား လိုင်စင်ထုတ်ပေးထားပြီးဖြစ်ပါသည်-

(က) Electrum Public Co.,Ltd. — အမှတ် ၅၉၊ သီရိမင်္ဂလာလမ်း၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၄၃၁၅၇၂၉၅

(ခ) Energy World Co.,Ltd. — အမှတ် ၁၅၁၊ သုံးလွှာ၊ ၄၆ လမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၀၉-၄၂၀၁၂၂၂၂၆၊ ၀၉-၂၅၄၉၇၂၃၀၀၊ ၀၉-၂၅၄၉၇၂၄၀၀၊ ၀၉-၂၅၄၉၇၂၅၀၀

(ဂ) STRATA Geotechnical Investigation Co.,Ltd. — အမှတ် ၂၂၊ ၁၆၆ လမ်း၊ တာမွေ၊ ဖုန်း-၀၉-၄၅၀၀၂၅၅၃၅၊ ၀၉- ၄၉၂၀၅၉၆၂၊ ၀၁-၅၄၃၀၆၃

(ဃ) International Integrated Services(Geol Mark Co.,Ltd.) — အမှတ် ၃၅၊ အောင်ဇေယျလမ်း၊ စက်မှုဇုန်(၇)၊ လှိုင်သာယာမြို့နယ်၊ ဖုန်း-၀၉-၄၉၅၇၁၁၂၇၊ ၀၉- ၅၁၀၆၇၂၃

